ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၇၉ ခုနှစ် ကဆုန်လဆန်း ၈ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 3 May 2017 (၈၉၁၃)

# မြန်မာ-အီးယူဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ အသွင်ကူးပြောင်းရေးကာလ၌ ကြုံတွေ့ရသောအခက်အခဲ အောင်မြင်မှုရရှိရေး ဆွေးနွေး




ဘရပ်ဆဲလ်မြို့ရှိ ဥရောပကောင်စီအဆောက်အအုံ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဥရောပကောင်စီဥက္ကဋ္ဌ Mr. Donald Tusk တို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

**ဘယ်လ်ဂျီယံ(ဘရပ်ဆဲလ်) မေ ၂**

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ တရားဝင်ခရီးရောက်ရှိနေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘယ်လ်ဂျီယံဘုရင် King Philippe၊ ဘယ်လ်ဂျီယံဝန်ကြီးချုပ် H.E. Mr. Charles Michel၊ ဥရောပကောင်စီဥက္ကဋ္ဌ Mr. Donald Tusk တို့ ယနေ့တွင် သီးခြားစီ တွေ့ဆုံဆွေးနွေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



## နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ဆွေးနွေး

စာမျက်နှာ - ၅



## ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်း အပိုင်း(၂)မှ အခန်းများ ဝယ်ယူခွင့်လျှောက်ထားနိုင်ပြီ

စာမျက်နှာ - ၁၁



# ကြေးမုံ

## လျှပ်စစ်ကိုချွေတာကုန်ကျစရိတ်သက်သာ

လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို ခြိုးခြံချွေတာပါလျှင် ကုန်ကျစရိတ်သက်သာမည်မှာ အမှန်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို လျှော့ချလိုက်ခြင်းအားဖြင့် ပေးဆောင်ရမည့်ဓာတ်အားခလည်း လျော့နည်းသွားမည်ဖြစ်သည်။ အိမ်ထောင်တစ်စုချင်းအလိုက် ကုန်ကျစရိတ် သက်သာသွားမည်ဖြစ်သလို လုပ်ငန်းနယ်ပယ်တို့တွင် ကုန်ထုတ်လုပ်မှုစရိတ် မြင့်တက်လာမှုကိုလည်း ကာမိမည်ဖြစ်သည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် ထုတ်လုပ်မှုစရိတ်များပြားသောကြောင့် အရှုံးခံဆောင်ရွက်ပေးနေရသည်ဟုသိရသည်။ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသောအခါ လုပ်ငန်းနယ်ပယ်အတွင်း ကြာရှည်အရှုံးခံ၍ မဖြစ်နိုင်ချေ။ အရှုံးကိုကာမိစေရန်အတွက် တစ်ချိန်မဟုတ်တစ်ချိန်ချိန်တွင် ဓာတ်အားအသုံးပြုခနှုန်းထား တက်လာပေလိမ့်မည်။ အကျိုးဆက်တွင် ကုန်စည်နှင့်ဝန်ဆောင်မှုစရိတ်တိုးပြီး ဈေးနှုန်းများတက်လာမည်။ ထိုအခါ ဝင်ငွေနည်းသောပြည်သူများ စားဝတ်နေရေးတွင် ဖိစီးမှုများဖြစ်လာမည်။

မြန်မာနိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ တစ်နှစ်လျှင် ၁၀ ရာခိုင်နှုန်း တိုးတက်သုံးစွဲသည်ဟု သိရသည်။ တိုးပွားလာသောလူဦးရေ၊ ဖွံ့ဖြိုးလာသောစီးပွားရေးနှင့် လူမှုဘဝတိုးတက်မှုများကြောင့် လျှပ်စစ်ဓာတ်အား သုံးစွဲမှုမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်သုံးစွဲလာနိုင်သည်မှာ ကောင်းမွန်ပါသည်။ သို့သော် အရှုံးပြနေသော လုပ်ငန်းတစ်ခုတွင် ထုတ်လုပ်မှုတိုးလေ အရှုံးပိုလေဖြစ်၍ မကောင်းသောအနေအထားဖြစ်သည်။ ပြည်သူများအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်၍ အခက်အခဲများနှင့် မလွဲမသွေရင်ဆိုင်ကြရမည်သာဖြစ်သည်။

ပြည်သူများအနေဖြင့်လည်း ၁၀ ရာခိုင်နှုန်းတိုးတက်သုံးစွဲသောကြောင့် ၁၀ ရာခိုင်နှုန်း ပိုမိုကုန်ပေလိမ့်မည်။ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာမှုများနှင့်အတူ အိမ်ထောင်စုတစ်စုအတွက် လူတစ်ဦးဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းခန့် လစဉ်ကုန်ကျလာပေလိမ့်မည်။ လျှပ်စစ်ကိုတိုးတက်သုံးစွဲသောအခါ ကုန်ကျစရိတ်ပိုများလာပြီး ဈေးနှုန်းတက်သည့်အဖြစ်သံသရာလည်လာမည်ဖြစ်သည်။

အဆိုပါကြုံတွေ့လာနိုင်သည့် စိန်ခေါ်မှုများကို အစိုးရတို့သာမက ပြည်သူအားလုံး အဖြေရှာကြရတော့မည်ဖြစ်သည်။ အဖြေမှာ လျှပ်စစ်ကို ခြိုးခြံချွေတာခြင်းသာဖြစ်သည်။ လိုနေသူတို့အတွက် ဖြည့်ဆည်းပေးရန်ဖြစ်ပြီး ပိုနေသူတို့အတွက် လျှော့ချသုံးစွဲကြရန်ဖြစ်သည်။ လျှပ်စစ်ကိုချွေတာကြပါဟု ဆိုသော်ငြားလည်း အများစုမှာ ခြိုးခြံချွေတာရကောင်းမှန်းမသိကြချေ။ ယခုလိုနွေရာသီကာလတွင် ပို၍ပင်ဆိုးလိမ့်မည်ဖြစ်သည်။

တစ်ချိန်သောကာလက လူဦးရေနည်းပါးပြီး ခေတ်မမီသေးသောအခြေအနေဖြစ်၍ လျှပ်စစ်ကိုလိုသလောက် သုံးစွဲသင့်သည့် အနေအထားမရှိသေးချေ။ သို့သော် လူတို့အနေဖြင့် သူ့ခေတ်နှင့်သူ့အခါ သင့်သလိုနေခဲ့ကြပါသည်။အထူးသဖြင့် လေအေးပေးစက်မပေါ်သေးသဖြင့် အိုက်လျှင် ယပ်ခတ်၊ မြင်အောင် တံခါးဖွင့်၊ ရှိသည့်အလင်းရောင်နှင့် နေခဲ့ကြပါသည်။

ခေတ်နောက်ကို ပြန်သွားခြင်းမဟုတ်သော်လည်း တိုင်းပြည်ကိုရုန်းကန်တည်ထောင်နေရသောအချိန်တွင် ခြိုးခြံချွေတာခြင်းအမှုကိုပြုလုပ်ကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။ ပြည်သူတို့အား ဝန်ထုပ်ဝန်ပိုးဖြစ်စေမည့် ကုန်ဈေးနှုန်းမမြင့်မားအောင် အားထုတ်သင့်ပေသည်။ မလိုအပ်လျှင်ပိတ်၊ လိုသည်ထက်မပိုအောင်လျှော့ စသည့် နည်းလမ်းများကို မဖြစ်မနေအသိပညာပေးသင့်သည်။

တိုင်းပြည်ကိုရုန်းထနိုင်ရန်အတွက် အထူးသဖြင့် မြို့ကြီးပြကြီးများတွင် အဆိုပါ ခြိုးခြံချွေတာရေးမှုဖြင့် စသင့်သည်။ လက်ရှိတွင် မြို့ကြီးပြကြီးများတွင် လျှပ်စစ်မီးထိန်ထိန်ညီးနေသည်။ လေအေးပေးစက်များကို အလျှံပယ် သုံးနေကြသည်။ ပူသည့်နေရာပူ၊ အေးသည့်နေရာအေးနှင့် သဟဇာတမဖြစ်ဘဲ ကျန်းမာရေးပင် ထိခိုက်နိုင်သည်။

ထို့ကြောင့် အများစုပြည်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်ရေး၊ ကုန်စည်ဝန်ဆောင်မှုစရိတ်များ တက်မလာရေး၊ သဟဇာတဖြစ်အောင် နေတတ်ထိုင်တတ်သော အလေ့အထကောင်းများဖြစ်လာစေရေးတို့အတွက် လျှပ်စစ်ဓာတ်အားကို နေရာတိုင်းတွင် ခြိုးခြံချွေတာ သုံးစွဲကြရန် တိုက်တွန်းချင်ပါသည်။ ။

## မြန်မာနိုင်ငံ၏ သမဝါယမအသင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

**နေပြည်တော် မေ ၂**



မြန်မာနိုင်ငံ၏ သမဝါယမအသင်းများ ရေရှည်ဖွံ့ဖြိုး တိုးတက်ခိုင်မာရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဟိုတယ်ဇုန်ရှိ မန်းမြန်မာဟိုတယ်၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အဖွင့်အမှာစကား ပြောကြားပြီး WOCCU ၏ ဥက္ကဋ္ဌ Mr.Daniel Burns၊ UNCDF ၏ Program Specialist Mr.Paul Luchtenburg နှင့် ACCU ၏ အမှုဆောင်အရာရှိချုပ် Ms.Leni V. San Roque တို့က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ယခုဖွင့်လှစ်သည့် မြန်မာနိုင်ငံ၏ သမဝါယမအသင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းကို သမဝါယမဦးစီးဌာနနှင့် အာရှငွေကြေးအဖွဲ့ချုပ် (ACCU) တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး သင်တန်းသို့ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးဌာနများမှ အရာထမ်းများ၊ သမဝါယမဦးစီးဌာန နေပြည်တော်ရုံးချုပ်မှ အရာထမ်းများအား မေ ၂ ရက်မှ ၅ ရက်အထိ Strategic Strengthening၊ Cooperative Governance၊ Financial Management Accounting၊ Organizational Development and Operations စသည့် သင်ခန်းစာများကို WOCCU ၏ ဥက္ကဋ္ဌ Mr. Daniel Burns၊ WOCCU ၏ အမှုဆောင်အရာရှိချုပ် Dr. Brian Branch၊ UNDP ၏ Country Coordinator Mr. Paul Luchtenburg ၊ ACCU \ Training Officer Mr. Dindo Meroy၊ ACCU ၏ အမှုဆောင်အရာရှိချုပ် Ms.Leni V. San Roque၊ ACCU ၏ Project Manager Mr.Rajith Hettiarachchi တို့က ဆွေးနွေးပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းဖွင့်လှစ်ပို့ချပေးခြင်းဖြင့် လက်ရှိဆောင်ရွက်နေသည့် သမဝါယမ လုပ်ငန်းများသည် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် (ICA)၏ သမဝါယမအခြေခံမူများနှင့်အညီ အများအကျိုးပြုဆောင်ရွက်ပေးနိုင်ခြင်းကဲ့သို့ ရေရှည်တည်တံ့နိုင်မည့် နည်းလမ်းကောင်းများကို စိစစ်သုံးသပ် ပိုင်းခြားနိုင်ခြင်း၊ နိုင်ငံတကာ သမဝါယမ အတွေ့အကြုံကောင်းများကို သေချာစွာလေ့လာပြီး မြန်မာ့သမဝါယမဖွံ့ဖြိုးမှုဆောင်ရွက်နေခြင်းများနှင့် နှိုင်းယှဉ်၍နည်းစနစ်ကောင်းများကို ချမှတ်စီမံခြင်းများ ဆောင်ရွက်လာနိုင်မည်ဖြစ်ပြီး လိုအပ်ပါက နိုင်ငံတကာအဆင့်မီ သမဝါယမအဖွဲ့အစည်းများ၏ နည်းပညာ အကြံဉာဏ်ကောင်းများဖြင့် တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စာအုပ်စာစောင် ပေးအပ်လှူဒါန်းပွဲ ကျင်းပ

**ဇလွန် မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ် ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ဒေါ်ကြည်ကြည်ငြိမ်း (The Nippon Foundation) က လှူဒါန်းသော စာအုပ်စာစောင် ပေးအပ်





လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သိန်း၊ ခနုဘေးကျေးရွာ အောင်တမာန်စာကြည့်တိုက်မှူး ဦးတင်လှိုင်တို့က စာအုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်နှင့် စာအုပ်အလှူရှင် ဒေါ်ကြည်ကြည်ငြိမ်းကို ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး အလှူရှင် ဒေါ်ကြည်ကြည်ငြိမ်း လှူဒါန်းသော ဂျာနယ်ကျော်မမလေး ရုပ်ပြစာအုပ်၊ မြန်မာမှ ကမ္ဘာ့ဦးသန့် ရုပ်ပြစာအုပ်၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ရုပ်ပြစာအုပ်များကို ဇလွန်မြို့နယ်အတွင်းရှိ ရှင်သန်ခိုင်မာသော စာကြည့်တိုက် ၁၀ တိုက်အား စာအုပ်စုစုပေါင်း ၃၃၀ ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သိန်းက စာကြည့်တိုက်မှူးများအား ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဒေါ်ကြည်ကြည်ငြိမ်း (The Nippon Foundation)က ဇလွန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ စာအုပ် ပေါင်း ၃၃၀ လှူဒါန်းခဲ့ပြီး ဇလွန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ရှင်သန်ခိုင်မာသော စာကြည့်တိုက် ၁၀ တိုက်အား ပြန်လည်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ငွေသန်း(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂**

ရန်ကုန်(ရွှေဈေး) ၉၀၅၅၀၀ - ၉၀၅၅၀၀၊ မန္တလေး(ရွှေဈေး) ၉၀၅၅၀၀ - ၉၀၅၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၀၀/၇၀၅ ကျပ်၊ | ၇၃၀/၇၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၅/၇၅၅ ကျပ်၊ | ၈၆၀/၈၇၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၂၀ ကျပ်၊ | ၇၆၀/၇၈၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၂၀/၇၂၅ ကျပ်၊ | ၇၄၅/၇၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၃၃/၆၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၄၅/၆၅၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၂၅/၆၃၅ ကျပ်

**၂၄-၄-၂၀၁၇ ရက်နေ့မှ ၂၈-၄-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၆၄၆ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၆၄၉ ကျပ် ဖြစ်ပါသည်** (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သို့လှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၈. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၈၁. ၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇. ၀၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၉. ၂၈၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၃. ၅၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၃၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၁၃. ၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉. ၉၃ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၄. ၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၃. ၅၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး ၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ

☆ **ရွှေဖုံးမှ**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘယ်လ်ဂျီယံဘုရင် King Philippe တို့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဘရပ်ဆဲလ်မြို့ရှိ ဘုရင့်နန်းတော်၌ တွေ့ဆုံဆွေးနွေးသည်။

ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဘရပ်ဆဲလ်မြို့ Egmont Palace ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဘယ်လ်ဂျီယံဝန်ကြီးချုပ် H.E. Mr. Charles Michel တို့ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် မြန်မာနှင့်ဘယ်လ်ဂျီယံနှစ်နိုင်ငံ ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရည်အသွေးမြှင့်တင်ရေးနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုကိစ္စရပ်များအား ဘယ်လ်ဂျီယံနိုင်ငံက ဆက်လက်အကူအညီပေးနေသည့်ကိစ္စ၊ မြန်မာနိုင်ငံက ဆောင်ရွက်နေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဆောင်ရွက်နေမှုအခြေအနေများနှင့် မြန်မာနိုင်ငံ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လ်ဂျီယံနိုင်ငံက အကူအညီပေးသွားမည့်အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဥရောပကောင်စီဥက္ကဋ္ဌ Mr. Donald Tusk တို့သည် ဒေသစံတော်ချိန် မွန်းတည့်၁၂ နာရီတွင် ဘရပ်ဆဲလ်မြို့ရှိ ဥရောပကောင်စီအဆောက်အအုံ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အီးယူဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံအသွင်ကူးပြောင်းရေးကာလ၌ ကြုံတွေ့ရသောအခက်အခဲ အောင်မြင်မှုရရှိရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများနှင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးပေါ်လွင်စိန်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ဥရောပသမဂ္ဂနိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်နှင့် ဥရောပကော်မရှင်ဒုတိယဥက္ကဋ္ဌ Mrs. Federica Mogherini တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

အလုပ်သဘော နေ့လယ်စာစားပွဲတွင် မြန်မာ-အီးယူဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး အီးယူမှ မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ အောင်မြင်မှုရရှိရေးအတွက် ဆက်လက်ကူညီပံ့ပိုးသွားမည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

နေ့လယ်စာစားပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဥရောပသမဂ္ဂနိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်နှင့် ဥရောပကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့်အတူ ဥရောပသမဂ္ဂကော်မရှင်အဆောက်အအုံ၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်၍ မီဒီယာများ၏ မေးမြန်းမှုများကို ရှင်းလင်းဖြေကြားသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘယ်လ်ဂျီယံဘုရင် King Philippe တို့ တွေ့ဆုံစဉ်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ မြန်မာသံအမတ်ကြီး နေအိမ်သို့ ရောက်ရှိပြီး မြန်မာသံရုံးမိသားစုနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ သံအမတ်ကြီး၊ သံရုံးဝန်ထမ်းများနှင့် ညစာအတူတကွ သုံးဆောင်သည်။ **(သတင်းစဉ်)**



အဋ္ဌမတန်းဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများ ပုပ္ပားတောင်ဥယျာဉ်အတွင်း လေ့လာစဉ်။

## အဋ္ဌမတန်းဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများ ပုပ္ပားတောင်ကလပ်၊ ပုပ္ပားတောင်ဥယျာဉ်နှင့် ပုပ္ပားတောင်အပန်းဖြေနေရာတို့သို့ သွားရောက်လေ့လာ

**ညောင်ဦး မေ ၂**

ဘက်စုံပညာထူးချွန်လူငယ် အပန်းဖြေစခန်း(ပုဂံ)၌ အပန်းဖြေခရီးရောက်ရှိနေသော အဋ္ဌမတန်းဘက်စုံ ပညာထူးချွန်ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ခေတ္တတည်းခိုရာ မြနန်းဘုံ ROYAL EMERALD RIVER VIEW RESORT မှ ပုပ္ပားနယ်တစ်ဝိုက်ရှိ အထင်ကရနေရာများနှင့် စိတ်ဝင်စားဖွယ်ကောင်းသောနေရာများသို့ သွားရောက်လေ့လာကြသည်။

ထူးချွန်ကျောင်းသားကျောင်းသူများသည် ပထမဦးစွာ ပုပ္ပားတောင်ကလပ်သို့ သွားရောက်လေ့လာသည်။ ထို့နောက် ပုပ္ပားတောင်ဥယျာဉ် ပညာပေးပြခန်းအတွင်းရှိ ပုပ္ပားတောင်ဆေးဖက်ဝင်အပင်များစိုက်ခင်း၊ ပရဆေးစိုက်ခင်းနှင့် ပြတိုက်အတွင်းပြသထားသည့် ပြကွက်များအား လေ့လာကြသည်။ ပရဆေးစိုက်ခင်းတွင် ပရဆေးပင် မြန်မာမျိုးရင်း မျိုးစိတ်ပေါင်း ၃၆၀ ရှိပြီး အများစုမှာ ပုပ္ပားနယ်တစ်ဝိုက်တွင်သာ ပေါက်ရောက်သည့် ပရဆေးပင်များဖြစ်ကြောင်း သိရသည်။ ထို့နောက် ထူးချွန်ကျောင်းသားကျောင်းသူများသည် POPPA MOUNTAIN RESORT သို့ သွားရောက်လေ့လာကြသည်။ **(နိုင်လင်းကြည်)**

## နဝမတန်းဘက်စုံပညာထူးချွန်လူငယ်များ ညောင်ရွှေမြို့နယ်အတွင်း လှည့်လည်လေ့လာ

**ညောင်ရွှေ မေ ၂**

အင်းလေးခေါင်တိုင်အပန်းဖြေစခန်း၌ရောက်ရှိနေသည့် ဘက်စုံပညာထူးချွန်လူငယ်ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် အင်းလေးကန်အတွင်း အထင်ကရနေရာများ လေ့လာခြင်းနှင့် မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားအား ဖူးမြော်ကြည်ညိုခဲ့ကြသည်။

အဆိုပါ လေ့လာရေးခရီးအတွင်း ဘက်စုံပညာထူးချွန်လူငယ်များသည် နံနက်ပိုင်းတွင် စက်လှေများဖြင့် အင်းလေးဒေသရိုးရာစိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်သည့် ကေလာရေခြံ၊ အင်းလေးဒေသ၏ ဂုဏ်ယူဖွယ်ရာ ဟဲယာရွာမ ငွေထည်လုပ်ငန်းမှ စိန်သမာဓိငွေထည်ဆိုင်၊ အင်းလေးရိုးရာရက်ကန်းခုံဖြစ်သည့် အင်းပေါခုံရက်ကန်းစက်ရုံ စသည့်နေရာများသို့ သွားရောက်လေ့လာခဲ့ပြီး ရွှေဟောင်းသမိုင်းဝင် အလိုတော်ပေါက်ဘုရားနှင့် ရွှေဟောင်းသမိုင်းဝင် ဖောင်တော်ဦးဘုရားများကို ဖူးမြော်ကြည်ညိုခဲ့ကြသည်။ ထို့နောက် ဘက်စုံပညာထူးချွန်လူငယ်များသည် မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့သို့ ဆက်လက်ထွက်ခွာကြသည်။

ညောင်ရွှေမြို့တွင် ခေတ်မီသိပ္ပံနည်းကျစိုက်နည်းစနစ် စံပြစပါးစိုက်ခင်း၊ ညောင်ရွှေဟော်နန်းလေ့လာခြင်းနှင့် ရတနာမာရ်အောင်စေတီတော်အား ဖူးမြော်ကြည်ညိုပြီးနောက် အင်းလေးအပန်းဖြေစခန်းသို့ ပြန်လည်ရောက်ရှိကြပြီး ညပိုင်းတွင် ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများကို ဖျော်ဖြေရေးကဏ္ဍများဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ **ဟိန်းထက်ဇော်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ဇော်ဘီ**



# ကမ္ဘာ့ကုန်စည်ပြပွဲပြတိုက် ရှန်ဟိုင်းတွင် ဖွင့်လှစ်



**ရှန်ဟိုင်း မေ ၂**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ မေ ၁ ရက်က ကမ္ဘာ့ကုန်စည်ပြပွဲပြတိုက်ကို အများပြည်သူတို့ ကြည့်ရှုလေ့လာနိုင်ရန် ဖွင့်လှစ်ပေးလိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

၂၀၁၀ ပြည့်နှစ် ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲပြုလုပ်ခဲ့သည့်နေရာတွင် အဆိုပါပြတိုက်တည်ရှိသည်။ ယင်းပြတိုက်အား တရားဝင်ပြတိုက်တစ်ခုအဖြစ် လည်းကောင်း၊ ကုန်စည်ပြပွဲဆိုင်ရာ အချက်အလက်စာလွှာ စာတမ်းအထောက်အထားများဆိုင်ရာ ဌာနအဖြစ်လည်းကောင်း ပြင်သစ်နိုင်ငံ ပါရီမြို့အခြေစိုက် နိုင်ငံတကာ ကုန်စည်ပြပွဲများဆိုင်ရာ ဗျူရို(ဘီအိုင်အီး)၏ ခွင့်ပြုချက်အရ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ကုန်စည်ပြပွဲပြတိုက်အား ရှန်ဟိုင်းမြူနီစီပယ်အစိုးရနှင့် ဘီအိုင်အီးတို့ ပူးတွဲတာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့ပထမဆုံး ကုန်စည်ပြပွဲများ ဖွံ့ဖြိုးတိုးတက်လာမှုကို ပြသထားသည့် ပြတိုက်ဖြစ်သည်။

ယင်းပြတိုက်တွင် အမြဲတမ်းပြပွဲခန်းမဆောင် ရှစ်ခုပါဝင်ပြီး ပြတိုက်အကျယ်အဝန်းမှာ စတုရန်းမီတာ ၉၀၀၀ ကျယ်ဝန်းကာ ကမ္ဘာတစ်ဝန်းမှ အမျိုးအစား ၃၀၀၀ ကျော်ရှိသည့် ပြပွဲဆိုင်ရာပစ္စည်းများကို စုဆောင်းထားရှိသည်။

ယင်းကမ္ဘာ့ကုန်စည်ပြပွဲပြတိုက်သည် ရှန်ဟိုင်းမြို့၏ ယဉ်ကျေးမှုဆိုင်ရာ အထင်ကရနေရာဖြစ်လာမည်ဟု မျှော်လင့်ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားကြသည်။

**ဆင်ဟွာ။**



ပါလက်စတိုင်း ဟားမားစ်အဖွဲ့ခေါင်းဆောင် ခါလက်မာရှယ် မူဝါဒအသစ်တစ်ရပ် ထုတ်ပြန်ကြေညာစဉ်။

# အစ္စရေးနိုင်ငံအပေါ် တင်းမာသော သဘောထားရပ်တည်ချက် ဟားမားစ်အဖွဲ့ စွန့်လွှတ်လိုက်ပြီဟု ကြေညာ

**ဂါဇာ မေ ၂**

ပါလက်စတိုင်း ဟားမားစ်အဖွဲ့သည် အစ္စရေးနိုင်ငံအား ဖျက်ဆီးပစ်ရန်ဟူသော ယခင်သဘောထားရပ်တည်ချက်ကို အဆုံးသတ်လိုက်ပြီး ပါလက်စတိုင်းနိုင်ငံထူထောင်ရေးနှင့်ပတ်သက်၍ ဆက်လက်လုပ်ဆောင်သွားရန် မူဝါဒကြေညာစာတမ်းကို ထုတ်ပြန်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

၁၉၆၇ ခုနှစ် နယ်စပ်နယ်နိမိတ်မျဉ်းများ ပြင်ဆင်သတ်မှတ်ခြင်းမရှိမီ ယခင်တည်ရှိခဲ့သည့် နယ်မြေအပိုင်းအခြားအတွင်း ပါလက်စတိုင်းနိုင်ငံကို ထူထောင်မည်ဆို၏။

ပါလက်စတိုင်း စစ်သွေးကြွအုပ်စုဖြစ်သော ဟားမားစ်အဖွဲ့၏ မူဝါဒရေးရာ ကြေညာချက်စာတမ်းသစ်သည် အစ္စရေးနိုင်ငံအပေါ် ပိုမိုပျော့ပျောင်းသည့် သဘောထားကို ပြသလျက်ရှိသည်။

ဟားမားစ်အဖွဲ့သည် မွတ်စလင်ညီနောင်သားချင်းအဖွဲ့နှင့် သဟာယပြုမှုကို အဆုံးသတ်မည်ဟု အဆိုပါ မူဝါဒကြေညာစာတမ်းတွင် ဖော်ပြထားသည်။ ဟားမားစ်သည် မွတ်စလင်ညီနောင်သားချင်းအဖွဲ့ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသော ပင်လယ်ကွေ့အာရပ်နိုင်ငံများနှင့် အီဂျစ်နိုင်ငံတို့နှင့် ဆက်ဆံရေးတိုးတက်လာစေရန် ရည်ရွယ်ပုံရကြောင်း နိုင်ငံရေးလေ့လာသူများက ပြောကြားကြသည်။

ဟားမားစ်အဖွဲ့သည် ရဟူဒီလူမျိုးများနှင့် ပဋိပက္ခဖြစ်ပွားနေခြင်းမဟုတ်ဘဲ ဇီယွန်ဝါဒီကျူးကျော်မှုများနှင့်သာ ပဋိပက္ခဖြစ်ပွားနေခြင်းဖြစ်ကြောင်း မူဝါဒရေးရာ ကြေညာစာတမ်းသစ်တွင် ဖော်ပြသည်။

မူဝါဒရေးရာ ကြေညာစာတမ်းသစ်သည် ပြင်ပကမ္ဘာနှင့် မိမိတို့ တွေ့ထိဆက်ဆံနိုင်ရန် အခွင့်အလမ်းတစ်ရပ်ကို ပေးစွမ်းမည်ဖြစ်ကြောင်း ဟားမားစ်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ မော်ဇီဘာဟမ်က ပြောကြားသည်။ ဟားမားစ်အဖွဲ့သည် ဂါဇာကမ်းမြောင်ဒေသကို အုပ်ချုပ်နေသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

သို့ရာတွင် ဟားမားစ်အဖွဲ့၏ မူဝါဒရေးရာ ကြေညာစာတမ်းကို အစ္စရေးနိုင်ငံက ပယ်ချလိုက်သည်။ ဟားမားစ်အဖွဲ့သည် ကမ္ဘာ့နိုင်ငံများသို့ လိမ်လည်လှည့်ဖျားနိုင်ရန် ကြိုးပမ်းနေသည်ဟု အစ္စရေးနိုင်ငံက စွပ်စွဲပြစ်တင်သည်။

**ရိုက်တာ။**

# အမေရိကန်နှင့်ပြုံယမ်း တွေ့ဆုံဆွေးနွေးရန် တရုတ်နိုင်ငံတိုက်တွန်း

**ပေကျင်း မေ ၂**

ကိုရီးယားကျွန်းဆွယ်တွင်ဖြစ်ပေါ်လျက်ရှိသည့် တင်းမာမှုများလျော့ကျသွားစေရန် ရည်ရွယ်ပြီး မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့်တွေ့ဆုံဆွေးနွေးရန် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်အား တရုတ်အစိုးရက တိုက်တွန်းပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရသိရသည်။

မေ ၂ ရက်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂင်ရှောင်က အထက်ပါကိစ္စနှင့်ပတ်သက်ပြီး ပေကျင်း၏ရပ်တည်ချက်ကို မီဒီယာများအား ပြောကြားခဲ့သည်။

အမေရိကန်သမ္မတဒေါ်နယ်လ်ထရန့်က လက်ရှိဖြစ်ပေါ်နေသော ကိုရီးယားကျွန်းဆွယ် အရေးနှင့်ပတ်သက်ပြီး တင်းမာမှုများလျော့ကျသွားစေရန် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း Bloomberg သတင်းဌာနနှင့် အင်တာဗျူးတစ်ရပ်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

သမ္မတထရန့်၏ပြောကြားချက်ကြောင့် နှစ်နိုင်ငံအနေဖြင့် တင်းမာမှုများ လျော့ကျသွားစေရန် ဆွေးနွေးညှိနှိုင်းမှုများ အမြန်ဆုံး ပြန်လည်လုပ်ဆောင်သင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂင်ရှောင်က ဆိုသည်။

တရုတ်နိုင်ငံအနေဖြင့်လည်း အဆိုပါညှိနှိုင်းဆွေးနွေးပွဲများကို ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ ကိုရီးယားကျွန်းဆွယ်အရေးနှင့်ပတ်သက်ပြီး အမေရိကန်နှင့် မြောက်ကိုရီးယားနိုင်ငံ အပါအဝင် အခြားနိုင်ငံများကိုပါ ဆွေးနွေးညှိနှိုင်းမှုတွင် ပါဝင်လာစေရန် ကြိုးပမ်းလျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူ ဂင်ရှောင်က ထပ်မံပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

❒



# ဥရောပရှိ ကန်နိုင်ငံသားများအား အကြမ်းဖက်မှုများကိုသတိရှိရန် ကန်နိုင်ငံခြားရေးဝန်ကြီးဌာန သတိပေး

**ဝါရှင်တန် မေ ၂**

ဥရောပတခွင်တွင် ခရီးသွားလာနေသော အမေရိကန်နိုင်ငံသားများအား အကြမ်းဖက်တိုက်ခိုက်မှုများကို သတိပြုကြရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတိပေးချက်တစ်ရပ်ထုတ်ပြန်လိုက်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံသားများအနေဖြင့် အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကို သတိပြုကြရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဆော်ဩခဲ့သည်။ မကြာမီ သမ္မတရွေးကောက်ပွဲကျင်းပရန်ရှိသည့် ပြင်သစ်နိုင်ငံ၊ ရုရှား၊ ဆွီဒင်နှင့် အင်္ဂလန်နိုင်ငံရှိ ကမ္ဘာလှည့်ခရီးသွားများ သွားရောက်လေ့ရှိသော နေရာများအား တိုက်ခိုက်လာနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ထားသည်။

မကြာသေးမီက ခန့်မှန်းချက်များအရ အီရတ်နှင့် ဆီးရီးယားတွင် အကြမ်းဖက် သင်တန်းတက်ရောက်ပြီးသူ ဥရောပသား ၁၉၀၀ ခန့် ဥရောပသို့ပြန်ရောက်လာဖွယ်ရှိကြောင်း ခန့်မှန်းထုတ်ပြန်ထားသည်။ ဥရောပတွင် အကြမ်းဖက်တိုက်ခိုက်မည့် အန္တရာယ်များကြီးထွားလာကြောင်း အမေရိကန်တာဝန်ရှိသူတစ်ဦးက CNN သတင်းဌာနသို့ ပြောကြားခဲ့သည်။

**စီအင်န်အင်န်။**

# အန်ကာယဉ်ကျေးမှုနယ်မြေဝင်ခွင့်လက်မှတ် လေးလအတွင်း အရောင်းဝင်ငွေ ဒေါ်လာ ၃၉ သန်းကျော်ရှိ

**ဖနောင်ပင် မေ ၂**

ကမ္ဘောဒီးယားနိုင်ငံရှိ အန်ကာရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ အလည်အပတ်လာရောက်သည့် နိုင်ငံခြားသားများအား ဝင်ခွင့်လက်မှတ်များ ရောင်းချပေးခြင်းမှ ရရှိသောဝင်ငွေသည် ယခုနှစ် ပထမလေးလတာကာလတွင် အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၂ သန်းအထိ ရှိခဲ့ကြောင်း၊ ယင်းမှာ နှစ်အလိုက် နှိုင်းယှဉ်ချက်အရ ၆၀ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက မေ ၂ ရက်တွင် ပြောကြားသည်။

ရှေးဟောင်းယဉ်ကျေးမှု ဥယျာဉ်သို့ ဇန်နဝါရီလမှ ဧပြီလအထိ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည် ၉၄၃၃၆၆ ဦး အလည်အပတ် လာရောက်ခဲ့ကြောင်း၊ ယင်းမှာ ၂၀၁၆ ခုနှစ်က အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၁၁ ဒသမ ၅ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာခြင်းဖြစ်ကြောင်း နိုင်ငံပိုင် အန်ကာကုမ္ပဏီက ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရှေးဟောင်းယဉ်ကျေးမှု ဥယျာဉ်၏ ဝင်ငွေမြင့်တက်လာရခြင်းမှာ ဖေဖော်ဝါရီ ၁ ရက်မှစ၍ဝင်ခွင့်လက်မှတ်ဈေးနှုန်းကို မြှင့်တင်လိုက်ခြင်းကြောင့်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး



**နေပြည်တော် မေ ၂**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီး မစ္စတာ ရောဘတ်ချွာအား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ စစ်ရေယာဉ်များ အပြန်အလှန် ချစ်ကြည်ရေးခရီးစေလွှတ်ရေး၊ စင်ကာပူနိုင်ငံရှိ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် နိုင်ငံတကာဆက်ဆံရေး မဟာဘွဲ့သင်တန်းများ၊ အခြားကာလတိုသင်တန်းများတွင် သင်တန်းသားများ စေလွှတ်တက်ရောက်ရေး၊ စင်ကာပူနိုင်ငံ၌ ပြုလုပ်မည့် Shangri-La Dialogue တွင် ပါဝင်တက်ရောက်ဆွေးနွေးရေး ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အန်ကောဝပ်-ပုဂံ ခရီးစဉ်ဒေသတစ်ခု ပေါ်ပေါက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် မေ ၂**
မိုးရာသီ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်အန်ကောဝပ်-ပုဂံ ခရီးစဉ်ဒေသတစ်ခု ပေါ်ပေါက်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ပန်ဒါဟိုတယ်၌ ကျင်းပရာဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံကို တစ်နှစ်ပတ်လုံး ခရီးသွားလာနိုင်သော ခရီးစဉ်ဒေသ (Year-round Tourist Destination) အဖြစ် ဆောင်ရွက်ရာတွင် ကနဦးရှေ့ပြေးအစီအစဉ် တစ်ရပ်ဖြစ်သည့် (Green Season Tour Programme) အား လာမည့်ဇွန်လတွင် ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်း၊ ယခုလို ဆောင်ရွက်သည့်နေရာတွင် Special incentives, Special Airfare နှင့် Visa ကိစ္စရပ်များ ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ Target Market သတ်မှတ်၍ information ကို တိတိကျကျ အချိန်မီဖြန့်ဝေနိုင်ရန် လိုအပ်ပါကြောင်းဖြင့် မှာကြားခဲ့ပြီး ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်တစ်ခုဖြစ်သည့် Two Countries, One Destination ကို မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အန်ကောဝပ်နှင့် ပုဂံတို့ကို One Destination သတ်မှတ်ပြီး One Package Tour Programme ဖော်ဆောင်ရန်အတွက် Working Group ဖွဲ့စည်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံ Visa ကိစ္စရပ်များ၊ ပို့ဆောင်ရေးကိစ္စရပ်များနှင့် ခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ပေးကြရန် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က ဆောင်ရွက်ရမည့် ကဏ္ဍများဖြစ်သည့် တည်းခိုနေထိုင်ရေးကိစ္စရပ်များ၊ ဗီဇာကိစ္စရပ်များ၊ ပို့ဆောင်ရေးကိစ္စရပ်များ၊ စားသောက်မှုကိစ္စရပ်များ၊ အမှတ်တရပစ္စည်းများရောင်းချရေးကိစ္စရပ်များ စသည်တို့ကို အကျယ်တဝင့် ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများက တာဝန်ရှိသူများနှင့် လေကြောင်းလိုင်း တာဝန်ရှိသူများက လိုအပ်ချက်များကို ပြန်လည်တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ဆောင်ရွက်ရန် ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့် ပြည်တွင်းပြည်ပလေကြောင်းလိုင်းများမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပန်ဒါဟိုတယ်၌ ကျင်းပသည့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးသို့ တက်ရောက်ပြီး အသစ်ရွေးကောက်ခံထားရသည့်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များကို တွေ့ဆုံ၍ ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နှစ်ကြိမ်မြောက် အောင်ဘာလေ ကျပ်သိန်း ၁၀၀၀၀ ဆု ထန်းတပင်မြို့နယ်မှ ဦးအေးထွန်း ဆွတ်ခူး

**ရန်ကုန် မေ ၂**
ဧပြီလမှစတင်၍ ကျပ် ၅၀၀ တန်ထီ၏ ကျပ်သိန်း ၁၀၀၀၀ ဆုကို ဖွင့်လှစ်ရာ နှစ်ကြိမ်မြောက် ဖွင့်လှစ်ခဲ့သည့် သိန်း ၁၀၀၀၀ ဆု အောင်ဘာလေထီမှ က-၇၈၃၂၁၄ နံပါတ်ဖြင့် ထန်းတပင်မြို့နယ် နဲ့သမိန်ကျေးရွာ အုပ်စု အထက်ပျဉ်တန်းကျေးရွာမှ ဦးအေးထွန်းက ဆွတ်ခူးခဲ့သည်။

နှစ်ကြိမ်မြောက် ကျပ်သိန်း ၁၀၀၀၀ ဆုရှင် ဦးအေးထွန်းသည် လှိုင်သာယာ မီးခွက်ဈေးမှ ရန်နိုင်လင်း ကူဘိုတာ တရုတ်နီ စက်အပိုပစ္စည်းနှင့် အင်ဂျင်ဝိုင်အမျိုးမျိုးအရောင်းဆိုင်တွင် တွဲလျက်ဖွင့်လှစ်ထားသည့် မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋေထီဆိုင်၌ ထီထိုးခဲ့ခြင်းဖြစ်သည်။

ပဲ့ထောင် စက်လှေမောင်းသမားဖြစ်သူ ဦးအေးထွန်းတို့မှာ မိသားစုလေးဦးသာရှိပြီး ယခုကံထူး၍ရရှိသည့် ဆုငွေများအနက် ၎င်းနေထိုင်ရာ ရွာသုံးရွာမှ ရွာသူ ရွာသားတို့အား ပုဂံ၊ ညောင်ဦး ဘုရားဖူးစရိတ်ငြိမ်း ပို့ဆောင်ပေးမည့်အပြင် အထက်ပျဉ်တန်းရွာတွင်လည်း ဓမ္မာရုံတစ်လုံး ဆောက်လုပ်လှူဒါန်းမည်ဟု သိရသည်။

မေ ၁ ရက်က ဖွင့်လှစ်သည့် နှစ်ကြိမ်မြောက် ကျပ် ၅၀၀ တန်ထီ၏ ငွေကျပ်သိန်း ၁၀၀၀၀ ဆု အောင်ဘာလေထီကံထူးရှင် ဦးအေးထွန်းကို ယနေ့ မွန်းလွဲပိုင်းတွင် ဆုငွေထုတ်ပေးခဲ့သည်ဟု T T Aung Aung ဖေ့ဘွတ်ခ်အကောင့်ပိုင်ရှင်က ယင်းလှူမှုကွန်ရက် စာမျက်နှာပေါ်တွင် ဓာတ်ပုံနှင့်တကွ ဖော်ပြထားသည်။



**အောင်ဘာလေကျပ်သိန်း ၁၀၀၀၀ ဆု ကံထူးရှင်ဦးအေးထွန်း အောင်ဘာလေထီဆုဌာနခွဲတွင် ဆုငွေလာရောက်ထုတ်ယူစဉ်။** (ဓာတ်ပုံ-T T Aung Aung)

ဧပြီ ၁ ရက်က ကျပ်သိန်း ၁၀၀၀၀ ဆုရရှိမည့် ကျပ် ၅၀၀ တန် အောင်ဘာလေထီကို ပထမဆုံးအကြိမ်အဖြစ် ဆုမဲပေါင်းများစွာဖြင့် စတင်ဖွင့်လှစ်ပေးခဲ့ပြီး ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ အိမ်အမှတ် (၁၁၆) တွင် နေထိုင်သည့် ရခိုင်တိုင်းရင်းသား ဦးစံရွှေခိုင်က ဆွတ်ခူးခဲ့သည်။

အစိုးရရုံးတစ်ရုံးတွင် လုပ်ကိုင်နေသည့် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်တွင် နေထိုင်သူ ဒေါ်မော်မော်က "လစဉ်ထီထိုးတယ်။ ဒီတစ်ပတ်တောင် ထိုးပြီးပြီ။ ကိုယ်တွေက လစာနည်းဝန်ထမ်း၊ မိဘတွေကလည်း ဝန်ထမ်းဘဝကနေ ပင်စင်ယူလာတာ။ ဝန်ထမ်းဘဝက တင့်တောင့်တင့်တယ် မနေနိုင်ဘူး။ လူတန်းစေ့နေချင်တယ်။ လစဉ်ပုံမှန် ကျပ် ၅၀၀၀ ဖိုးလောက် ထိုးဖြစ်တယ်။ အရင် ကျပ် ၂၀၀ တန်ကတည်းက။ အခုတော့ ပိုထိုးတာပေါ့။ တစ်ခါမှတော့ မပေါက်သေးဘူး"ဟု လစဉ် ထီထိုးဖြစ်ကြောင်း ပြောပြသည်။

ကျပ်သိန်း ၁၀၀၀၀ ဆုအတွက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များဖွင့်လှစ်သည့် ပထမဆုံးအကြိမ်မှာပင် ထီထိုးသည့် ပြည်သူများစိတ်ဝင်စားမှုများပြားခဲ့ပြီး ကျပ် ၂၀၀ တန်ထီ လက်မှတ်တွေထက် ရောင်းအား နှစ်ဆခန့်မြင့်တက်ခဲ့ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

အောင်ဘာလေ ထီလက်မှတ်များ ရောင်းချသည့်ရက်နှင့် အောင်ဘာလေသိန်းဆုဖွင့်ပွဲ ကျင်းပသည့်ရက်သည် လစဉ် ၁ ရက်နေ့ပင်ဖြစ်ပြီး အောင်ဘာလေထီမှ ရရှိသည့် ငွေကြေးသည် မက်မောစရာ ဆုကြေးတစ်ခုဖြစ်သလို ပြည်သူများ၏ အားကိုးရာ မျှော်လင့်ချက်တစ်ခုပင် ဖြစ်နေပေသည်။

**(ညွန့်ကိုကို)**

❖ **ရတနာပုံအသင်းမှ**
နှစ်ကြိမ်စလုံးအုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

အသင်းခေါင်းဆောင် ရန်ပိုင်အပါအဝင် ရဲကိုဦး၊ သက်နိုင်တို့ ပွဲပယ်ခံထားရသည့် ရတနာပုံအသင်းသည် အောင်သူ၊ စည်သူအောင်၊ သိန်းသန်းဝင်း၊ ဝီလျံ၊ နေမျိုးအောင်တို့ဖြင့် ပွဲထွက်ခဲ့ရသည်။ အိမ်ကွင်း၌ ကစားရသော်လည်း လူမစုံသောကြောင့် ရတနာပုံအသင်း ရှုန်းကန်ခဲ့ရပြီး ထန်ကွမ်နင်အသင်းကို အသာမရခဲ့ပေ။ ထန်ကွမ်နင်အသင်းသည် နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်မရှိတော့သော်လည်း အားကုန်ထုတ်ကစားခဲ့သည်။ ၃၈ မိနစ်တွင် ရတနာပုံနောက်ခံလူ နေမျိုးအောင် ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သောကြောင့် ထန်ကွမ်နင်အသင်းဂိုးစရခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ထန်ကွမ်နင်အသင်းက ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး ၅၇ မိနစ်တွင် ဒေါင်မန်ခူက ပြစ်ဒဏ်ဘောမှ ဒုတိယဂိုး၊ ၇၄ မိနစ်တွင် ငုယင်ဟိုင်ဟီက တတိယဂိုးတို့ သွင်းယူခဲ့သည်။ ရတနာပုံအသင်းသည် ပထမအကျော့အဝေးကွင်း၌ သရေကစားနိုင်ခဲ့သော်လည်း ဒုတိယအကျော့တွင် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် အုပ်စုလေးပွဲကစားရာတွင် လေးမှတ်သာရပြီး အုပ်စုအဆင့်မှ ထွက်ခဲ့ရခြင်းဖြစ်သည်။

အုပ်စု(F)နောက်ဆုံးပွဲအဖြစ် ဂျိုးဟိုး ဒါရူးလ်(မလေးရှား)နှင့် မကွေး(မြန်မာ)အသင်းတို့မှာ မေ ၃ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် မလေးရှားနိုင်ငံ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်**
**ဓာတ်ပုံ- စိုးညွန့်**


❍ **ဗိုလ်ချုပ်အောင်ဆန်းဒိုင်းမှ**
မိနစ် ၉၀ တွင် သရေကျနေသလို အချိန်ပိုတွင်လည်း ဂိုးထပ်မသွင်းနိုင်သောကြောင့် ပင်နယ်တီဖြင့် ဆုံးဖြတ်ခဲ့ရသည်။ ပင်နယ်တီဖြင့် ဆုံးဖြတ်ရာတွင် ဖုန်ဂန်အသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရပြီး စုစုပေါင်း ဂိုးရလဒ်ခြောက်ဂိုး-ငါးဂိုးဖြင့် ဒုတိယအဆင့် တက်ရောက်ခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် စီးတီးစတားအသင်းက ငွေကြယ်ပွင့်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ စီးတီးစတားအသင်းသည် ပထမပိုင်းတွင် ရှုံးနိမ့်နေသော်လည်း ဒုတိယပိုင်းတွင် ဂိုးများပြန်သွင်းကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဒုတိယနေ့ကို မေ ၃ ရက်တွင် ဆက်လက်ကျင်းမည်ဖြစ်ပြီး အောင်ဆန်းကွင်း၌ မြဝတီအသင်းနှင့် စီးတီးရန်ကုန်အသင်း၊ သုဝဏ္ဏကွင်း၌ ဖီးနစ်(က)အသင်းနှင့် မောရဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ချစ်ကိုကို၊**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

**ဇီဝမျိုးစုံ ကြွယ်စေဖို့**
**သဘာဝတောတွေ ထိန်းသိမ်းစို့**



# နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် မေ ၂**

နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးဝင်းရှိန်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ တက်ရောက်ကြသည်။



ပထမ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ၊ နိုင်ငံသားမှတ်ပုံတင်ရေးလုပ်ငန်းများ၊ ကျွမ်းကျင်လုပ်သားများ ရရှိရေး အလုပ်သမားစာရင်းဇယားမှန်ကန်ရေး၊ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေး၊ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာစောင်ထုတ်ဝေရေး၊ အခမ္ဘခိုင်းစေမှုပပျောက်ရေး၊ အလုပ်သမားဥပဒေဆိုင်ရာ ပညာပေးဆောင်ရွက်နေမှုများ၊ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က နိုင်ငံတော်အစိုးရ၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သောလုပ်ငန်းစဉ်များဖြစ်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်စဉ် ပြည်သူများအား ကူညီထောက်ပံ့မှု၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ ပြန်လည်ဖွင့်လှစ်ပေးနိုင်မှု၊ ကျေးလက်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု၊ အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းဆောင်ရွက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ တစ်နှစ်တာကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်မှုများဖြစ်သည့် ငွေကြေးမူဝါဒ အကောင်အထည်ဖော်ခြင်း၊ အစိုးရငွေချေးသက်သေခံလက်မှတ်များနှင့် အစိုးရငွေတိုက်စာချုပ်များ အစိုးရကိုယ်စားရောင်းချပေးခြင်း၊ နိုင်ငံခြားဘဏ်များဖွင့်လှစ်ခွင့်ပြုခြင်း၊ ဘဏ်လုပ်ငန်းအခြေခံအဆောက်အအုံ မြှင့်တင်ဆောင်ရွက်ခြင်း၊ ဘဏ်အချင်းချင်း ငွေကြေးဈေးကွက် စနစ်တကျဖြစ်စေရန် ဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးဝင်းရှိန်က ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီအတွင်း ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတား၊ ဆည်/ကန်၊ လျှပ်စစ်မီးလင်းရေး၊ ရေရရှိရေးနှင့် အခြားဖွံ့ဖြိုးရေးကဏ္ဍများ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ မြေယာနှင့် လုံခြုံရေးကဏ္ဍများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ နိုင်ငံသားအဖြစ် ပြန်လည်လျှောက်ထားနေမှု၊ အမြဲတမ်းနေထိုင်ခွင့်ပြုရန် ဆောင်ရွက်နေမှု၊ အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၏ လူဦးရေစာရင်းနှင့် ပြည်ပသို့ အလုပ်ထွက်လုပ်နေမှု၊ အလုပ်လက်မဲ့ စာရင်းကောက်ယူနေမှု၊ သာသနာ့နွယ်ဝင်ကတ် ထုတ်ပေးနေမှုတို့ကိုလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ တပ်မတော်အား အဆင့်မြှင့်တင်တည်ဆောက်နေမှု၊ ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးတက်ရောက်မှု၊ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လုံခြုံရေးဆောင်ရွက်ခဲ့မှု၊ စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာ့စီးပွားရေးကော်ပိုးရေးရှင်းတို့၏ လုပ်ငန်းလည်ပတ်နေမှုတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ နိုင်ငံခြားငွေကြေးနှုန်း တည်ငြိမ်ရေး၊ ငွေစက္ကူ ၅၀၀၀၀ ကျပ်တန်ကိစ္စ၊ ဝန်ထမ်းများအား လစာပေးရာတွင် ငွေစက္ကူစနစ်မှ ကတ်စနစ်သို့ ပြောင်းလဲဆောင်ရွက်နေမှု၊ နိုင်ငံခြားဘဏ်ခွဲများ ဖွင့်လှစ်နိုင်မည့် အခြေအနေတို့ကို လည်းကောင်း၊ နေပြည်တော်ကောင်စီ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ မြေယာနှင့် ဂရန်များ ထုတ်ပေးနေမှု၊ ကျူးကျော်များနှင့် အမှုကြီးများ ဖြစ်ပွားမှု၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းတို့ကို လည်းကောင်း မေးမြန်းကြရာ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

**(သတင်းစဉ်)**

# အမေရိကန်ဒေါ်လာဈေး တည်ငြိမ်ရန် မိုက်ခရိုစီးပွားရေးဝန်းကျင်ကောင်းမွန်အောင် တည်ဆောက်ရမည်

**နေပြည်တော် မေ ၂**

ငွေကြေးတည်ငြိမ်ရေးတွင် အဓိကဖြစ်သော ငွေကြေးဖောင်းပွမှုနှုန်း ထိန်းသိမ်းရန် တစ်နည်းအားဖြင့် ဈေးနှုန်းများတည်ငြိမ်စွာ စီးပွားရေးတိုးတက်မှု ရရှိစေရန် ငွေကြေးပမာဏအား ရည်မှန်းချက်ထားရှိသည့် Reserve Money Targeyting နည်းလမ်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေကြေးပမာဏ တိုးတက်မှုနှုန်းသည် ရည်မှန်းချက်ထက် ကျော်လွန်နေပါက အပ်ငွေလေလံခေါ်ယူပြီး ပိုလျှံသည့် ငွေကြေးပမာဏများအား နုတ်သိမ်းရပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အပ်ငွေလေလံအကြိမ် (၂၃) ကြိမ်ခေါ်ယူကာ တစ်ကြိမ်လျှင် ပျမ်းမျှ ၃၄၃ ဘီလီယံ ကျပ်ဖြင့် ဈေးကွက်အတွင်းမှ ပိုလျှံငွေကြေးများကို နုတ်သိမ်းနိုင်ခဲ့ပါကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က ငွေကြေးမူဝါဒကို အကောင်အထည်ဖော်ရာ၌ ဗဟိုဘဏ်သည် ငွေကြေးမူဝါဒနည်းလမ်းများဖြစ်သည့် အတိုးနှုန်းမူဝါဒချမှတ်ဆောင်ရွက်ခြင်း၊ အနည်းဆုံးသီးသန့်ငွေ လိုအပ်ချက်သတ်မှတ်ခြင်း၊ ငွေလဲလှယ်နှုန်းမူဝါဒကို ချမှတ်ဆောင်ရွက်ခြင်းနှင့် လွတ်လပ်သောဈေးကွက်ဆိုင်ရာ လုပ်ဆောင်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ရောင်းချနိုင်ခဲ့**

ငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်စေနိုင်သည့် နိုင်ငံတော်၏ ဘတ်ဂျက်လိုငွေအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖြည့်ဆည်းပေးရခြင်းကို လျှော့ချနိုင်ရန်နှင့် ထိရောက်သော အစိုးရကြွေးမြီ စီမံခန့်ခွဲမှုဖြစ်ပေါ်စေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၈ ရက်မှ စတင်၍ အစိုးရငွေတိုက် လက်မှတ်များကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းကို စတင်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၀ ရက်မှစ၍ အစိုးရငွေတိုက်စာချုပ်ကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းစနစ်ကိုစတင်ခဲ့ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အစိုးရငွေတိုက်စာချုပ်ပမာဏ ကျပ် ၁၂၀၀ ဘီလီယံကို ရောင်းချနိုင်ခဲ့ပါကြောင်း၊ ထို့အတူ အစိုးရ ငွေတိုက်လက်မှတ်ပမာဏ ကျပ် ၃၆၂၂ ဘီလီယံကို ရောင်းချနိုင်ခဲ့ပါကြောင်း။

ဘဏ်လုပ်ငန်းအခြေခံ အဆောက်အအုံမြှင့်တင်ဆောင်ရွက်ခြင်း အနေဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ နိုင်ငံခြားဘဏ်ခွဲ ၁၃ ဘဏ်၊ ပုဂ္ဂလိကဘဏ် ၂၄ ဘဏ်မှ ဘဏ်ခွဲပေါင်း ၁၄၈၁ ခု၊ ပုဂ္ဂလိကငွေရေးကြေးရေးကုမ္ပဏီ ၁၆ ခု၊ နိုင်ငံခြားဘဏ်များ၏ ကိုယ်စားလှယ်ရုံး ၄၅ ခု၊ နိုင်ငံခြားငွေရေးကြေးရေး ကုမ္ပဏီ နှစ်ခု ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ငွေပေးချေမှုစနစ်အား လျင်မြန်လုံခြုံထိရောက်မှုရှိပြီး ခေတ်မီသော ငွေပေးချေမှုစနစ်ဖြစ်ပေါ်စေရန်အတွက် မြန်မာနိုင်ငံရှိ ဘဏ်များအားလုံးကို အီလက်ထရွန်နစ်နည်းပညာဖြင့် ချိတ်ဆက်ထားသော CBM-Net ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် စတင်ခဲ့ပါကြောင်း၊ ပြည်သူများအနေဖြင့် ငွေသားကိုင်တွယ်သုံးစွဲမှုကို လျှော့ချပြီး အီလက်ထရွန်နစ်နည်းလမ်းများဖြင့် ကတ်စနစ်အသုံးပြုပြီး ငွေပေးချေမှုများကို ပြုလုပ်နိုင်ရန် နိုင်ငံတကာကတ်များဖြစ်သည့် Visa Card၊ Master Card၊ JCB Card၊ UPI Card တို့ကို ပြည်တွင်း၊ ပြည်ပအတွင်း အသုံးပြုနိုင်ရန်အတွက် ခွင့်ပြုပြီးဖြစ်ပါကြောင်း၊



မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်။

ထို့အပြင် ပြည်တွင်းဘဏ်များအား Prepaid Card များကိုလည်း ထုတ်ဝေခွင့်ပြုခဲ့ပါကြောင်း။

**ထုတ်ဝေခွင့်ပြု**

၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင်မြန်မာနိုင်ငံရှိ ဘဏ်များအား International Card ( Master / Visa / JCB/ UPI) များကို ပြည်တွင်း၊ ပြည်ပအသုံးပြုနိုင်သော Intrenational Credit Card ( Clean Card )များ ထုတ်ဝေခွင့်ပြုခဲ့ပါကြောင်း။

ဘဏ်များအချင်းချင်း ငွေကြေးဈေးကွက် စနစ်တကျ ဖြစ်စေရေးအတွက် ဘဏ်များအချင်းချင်း ငွေချေးသက်သေခံ လက်မှတ်များကို အပေါင်ပြု၍၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လက်မှတ်များကို အပေါင်ပြု၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-Net စနစ်ရှိ ဗဟိုအပေါင်အပ်နှံသည့်စနစ်ကို အသုံးပြု၍ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံဘဏ်အချင်းချင်းသော်လည်းကောင်း၊ ဘဏ်များနှင့် ၎င်းတို့၏ ဖောက်သည်များဖြင့် သော်လည်းကောင်း နိုင်ငံခြားငွေလဲလှယ်ရာမှ ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးမှုများကို ကာကွယ်နိုင်ရန်အတွက် Currency SWAP စနစ်နှင့် Currency Forward စနစ်ကို ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်၍ ခွင့်ပြုပေးခဲ့ပါကြောင်း၊ ထို့ကြောင့် အနာဂတ်တွင် နိုင်ငံခြားငွေဝယ်ယူခြင်း၊ ရောင်းချခြင်းမှ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန်အတွက် အနာဂတ်ငွေလဲလှယ်နှုန်းများကို သတ်မှတ်နိုင်သည့် SWAP နှင့် Forward စနစ်များကို အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ မေးမြန်းရာ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က ဖြေကြားသည်။

**ကမ္ဘာ့ဘဏ်မှ သန်း ၁၀၀ ချေးယူခြင်း** နှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ကမ္ဘာ့ဘဏ်မှ သန်း ၁၀၀ ချေးယူသည့် ငွေများအနက် ၂၅ သန်းကို ဗဟိုဘဏ်အတွက် အသုံးပြုသွားမည်ဖြစ်ပြီး ကျန်သည့် ၇၅ သန်းအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အသုံးပြုသွားမည် ဖြစ်ပါကြောင်း၊ ချေးငွေဖြင့် မြန်မာနိုင်ငံ၏ ငွေရေး ကြေးရေးစနစ်အား ခိုင်မာအောင် အဆင့်မြှင့်တင်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ အဆင့်မြှင့်တင်ခြင်းဖြင့် ငွေကြေးကဏ္ဍ၌ ယခုလက်ရှိငွေပေးချေမှုစနစ်ထက် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ငွေကြေးဆိုင်ရာ အသိပညာများ တိုးတက်ရန်အတွက် လေ့ကျင့်ရေးစင်တာတစ်ခု ထူထောင်သွားမည်ဖြစ်ပါကြောင်း။

**ကောင်းမွန်အောင် တည်ဆောက်**

အမေရိကန်ဒေါ်လာဈေး အတက်အကျသည် ခန့်မှန်းရန်ခက်ပါကြောင်း၊ မြန်မာနိုင်ငံသာမက နိုင်ငံတကာတွင်လည်း သက်ဆိုင်ရာနိုင်ငံ၏ မူဝါဒသာမက နိုင်ငံတကာမူဝါဒနှင့် အခြေအနေများကို ထည့်သွင်းတွက်ချက်ရပါကြောင်း၊ ထို့ကြောင့် အမေရိကန်ဒေါ်လာဈေးနှုန်း တည်ငြိမ်ရေးအတွက် ဆောင်ရွက်ရန် ခက်ခဲရခြင်း ဖြစ်ပါကြောင်း၊ အဓိကအနေဖြင့် အမေရိကန်ဒေါ်လာဈေး တည်ငြိမ်ရန်အတွက် နိုင်ငံအတွင်း မိုက်ခရိုစီးပွားရေးဝန်းကျင် ကောင်းမွန်အောင် တည်ဆောက်ရပါကြောင်း။

အမေရိကန်ဒေါ်လာအပါအဝင် နိုင်ငံခြားသုံးငွေ ဈေးကွက်တည်ငြိမ်ရေးအတွက် International Monetary Fund (IMF)မှ နည်းပညာနှင့် အကူအညီများကိုရယူ၍ ဆောင်ရွက်နေပါကြောင်း၊ ငွေကျပ် ၅၀၀၀၀ တန် ငွေစက္ကူထုတ်ရန်ကိစ္စကို မိမိအနေဖြင့် ကြားသိခြင်းမရှိပါကြောင်း၊ ဝန်ထမ်းလစာများအား ကတ်စနစ်ဖြင့် ပြောင်းလဲထုတ်ပေးနိုင်ရန် ပထမဦးဆုံးအနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းဆွေးနွေးနေပါကြောင်း၊ ဝန်ထမ်းလစာများကို ကတ်စနစ်သာမက မိုဘိုင်းဖုန်းစနစ်ဖြင့်ပေးချေနိုင်ရန် ရည်ရွယ်ဆောင်ရွက်နေပါကြောင်း၊ ပြည်သူများအကြား ငွေပေးချေမှုများကို ကတ်စနစ်ဖြင့် လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သည့်စက်အား ဆိုင်ကြီးများသာမက ဆိုင်ငယ်များအထိ ပျံ့နှံ့အောင်စီစဉ်နေပါကြောင်း၊ ယခုအချိန်တွင် စက်အလုံးရေ ၉၀၀၀ ကျော်အား ဈေးကွက်အတွင်း အသုံးပြုနေပြီး ထပ်မံ၍ အလုံးရေ သိန်းချီ ဖြန့်ဖြူးအသုံးပြုရန် လိုအပ်ပါကြောင်း ဖြေကြားသည်။

**ငွေစာရင်းတောင်းခံမှုကိစ္စ**နှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကြေးခဝါချမှုနှင့် လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များအရ ငွေစာရင်းတောင်းခံမှုကို

**စာမျက်နှာ ၇ သို့**

# ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသည့် အလုပ်သမားစာရင်းမှာ ခန့်မှန်းခြေအားဖြင့် နိုင်ငံ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းရှိဟုဆို

**နေပြည်တော် မေ ၂**

မြန်မာလုပ်သားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် အနည်းဆုံးအခကြေးငွေကိုသတ်မှတ်၍ ဥပဒေနှင့်အညီ ခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသိန်းဆွေက ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့( ILO)တို့ ပူးပေါင်းပြီး ကောက်ယူခဲ့သည့် လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်း စစ်တမ်းအနှစ်ချုပ်အစီရင်ခံစာပါ အချက်အလက်များကို ဝန်ကြီးဌာန Website တွင် လွှင့်တင်ထားပါကြောင်း၊ မြန်မာအလုပ်သမားများ သွားရောက်အလုပ်လုပ်နေကြသည့် နိုင်ငံများ၌ အလုပ်သမားရေးရာကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် အလုပ်သမားသံအရာရှိများကို လိုအပ်သည့်နိုင်ငံများ၌ ခန့်ထားဆောင်ရွက်လျက်ရှိသည့်အပြင် သက်ဆိုင်ရာနိုင်ငံများနှင့် အလုပ်သမားရေးရာဆိုင်ရာ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခြင်း၊ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး အလုပ်သမားစေလွှတ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း စသည့်ကိစ္စရပ်များကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

### အလုပ်အကိုင် အခွင့်အလမ်းများ ရှာဖွေနိုင်သည့်စနစ်များ

ပြည်တွင်းအလုပ်အကိုင်နှင့်ပတ်သက်၍ လူဦးရေတိုးနှုန်း၊ ဂျီဒီပီတိုးနှုန်းများ အပေါ်မူတည်၍ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရေးအတွက် သတ်မှတ်ထားသည့် လျာထားချက်များကို ပြည့်မီအောင်ဆောင်ရွက်လျက်ရှိပြီး ယခင်ရှိပြီးဖြစ်သည့်စက်ရုံများ၊ အသစ်ပေါ်ပေါက်လာသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၏ အလုပ်သမား လိုအပ်ချက်များနှင့်အညီ အလုပ်ရှင်များနှင့် အလုပ်ရှာဖွေသူများ လူကိုယ်တိုင်သော်လည်းကောင်း၊ ဆက်သွယ်ဆောင်ရွက်နိုင်သည့် ဆက်သွယ်ရေးကွန်ရက်များမှတစ်ဆင့်သော်လည်းကောင်း အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေနိုင်သည့်စနစ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေသစ်အရ အာမခံအလုပ်သမားများအဖြစ် လုပ်ငန်းအတည်တကျရှိသည့် အလုပ်သမားများသာမက လုပ်ငန်းအတည်တကျမရှိသည့် အလုပ်သမားများပါ မိမိဆန္ဒအလျောက် ဝင်ရောက်လိုသူများကိုပါ အကျုံးဝင်စေနိုင်ရန်အတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၌ လူမှုဖူလုံရေး အာမခံအလုပ်သမားအင်အား စစ်တမ်းကောက်ယူခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုဖူလုံရေးဆေးရုံကြီးများနှင့် ဆေးခန်းများအဆင့်မြှင့်တင်ရေး၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ ပိုမိုထောက်ပံ့ပေးနိုင်ရေးနှင့် ကျန်းမာရေးဝန်ထမ်းများ ပိုမိုခန့်ထားနိုင်ရေး၊ ကျန်းမာရေးဆိုင်ရာ စစ်ဆေးကုသရေးကိရိယာများ တိုးတက်တပ်ဆင်ပေးနိုင်ရေးတို့ကို အလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

### ပြည်ပြန်ဝင်ခွင့်ဗီဇာထုတ်ပေးမှုဆိုင်ရာစိစစ်ဖြေလျှော့

အမည်မည်းစာရင်း (Black List) ရေးသွင်းခြင်းဆိုင်ရာ မူဝါဒများ စိစစ်ဖြေလျှော့ခြင်း၊ Online e-Visa ဖြင့် အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ထွက်ဂိတ်များမှ ဝင်/ထွက် ခွင့်ပြုခြင်း၊ ပြည်ဝင်ဗီဇာကိစ္စရပ်များအား လူဝင်မှုကြီးကြပ်ရေးဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေလျှော့ဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံသားအဖြစ် ခံယူထားသော မြန်မာနိုင်ငံသားဟောင်းများအား မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ဆိုင်ရာ စိစစ်ဖြေလျှော့ခြင်း၊ မြန်မာနိုင်ငံအတွင်း အမြဲနေထိုင်ခွင့်လျှောက်ထားသည့် နိုင်ငံခြားသားများအတွက် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ စိစစ်ဖြေလျှော့ခြင်း၊ မြန်မာနိုင်ငံအတွင်း နိုင်ငံခြားသားများ နေထိုင်ခွင့်ဆိုင်ရာစိစစ်ဖြေလျှော့ခြင်း၊ ပြည်တွင်းနေ နိုင်ငံခြားသားများအား ပြည်ပြန်ဝင်ခွင့်ဗီဇာထုတ်ပေးမှုဆိုင်ရာစိစစ်ဖြေလျှော့ခြင်းတို့ ဖြစ်ပါကြောင်း။

နေရာအတည်တကျမရှိဘဲ ရွှေ့ပြောင်းနေထိုင်ကြသူများအား အိမ်ထောင်စုလူဦးရေ စာရင်းနှင့်ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်တစ်အမျိုးမျိုးထုတ်ပေးခြင်း၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) ကိုင်ဆောင်သင့်သော မှတ်ပုံတင်တစ်မျိုးမျိုးထုတ်ပေးခြင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ သက်ဆိုင်သည့် ကတ်ပြားတစ်မျိုးမျိုးစိစစ်ထုတ်ပေးခြင်း၊ ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးလုပ်ငန်းနှင့် နိုင်ငံသားစိစစ်ခံရမည့် သူများ၏ သက်သေခံကတ်ပြား (National Verification Card) စိစစ်ထုတ်ပေးခြင်း၊ သာသနာဝင်/ သာသနာ့နွယ်ဝင်စိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ

နေရပ်လိပ်စာ တရားဝင်ရွှေ့ပြောင်းနေထိုင်လိုသည့် သွေးနှောနိုင်ငံသားများအား ကြန့်ကြာမှုမရှိစေရေးအတွက် ဥပဒေနှင့်အညီ ဖြေလျှော့ဆောင်ရွက်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများအား Smart Card သို့ပြောင်းလဲထုတ်ပေးရေးကိစ္စ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ National ID(NID) အထောက်အကူပြု စာရင်းကောက်ယူခြင်း လုပ်ငန်းရှေ့ပြေးစမ်းသပ်ဆောင်ရွက်ခြင်း၊ မေယု FM ရေဒီယိုလိုင်း ထုတ်လွှင့်နိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာသတင်းများအား စဉ်ဆက်မပြတ် ထုတ်လွှင့်နိုင်ရေးစီစဉ်ဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံများရှိ မြန်မာရွှေ့ပြောင်း အလုပ်သမားများနှင့်ပတ်သက်၍ ဆောင်ရွက်မှုတို့ဖြစ်ပါကြောင်း။

လွှတ်တော်သုတေသနလုပ်ငန်းကော်မတီဝင်များအား သန်းခေါင်စာရင်းအချက်အလက်များ အသုံးပြုရေးဆောင်ရွက်ခြင်း၊ ၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းအရ မြို့နယ်အဆင့် သန်းခေါင်စာရင်းအချက်အလက်များ ထုတ်ပြန်ခြင်းနှင့် အသေးစိတ်ဆန်းစစ်လေ့လာထားသော သုတေသနစာတမ်းများ ထုတ်ပြန်ခြင်း၊ အများပြည်သူသိရှိနိုင်ရန်နှင့် အချက်အလက်အသုံးပြုသူများ အလွယ်တကူ ကြည့်ရှုလေ့လာနိုင်ရန်အတွက် ပြည်သူ့အင်အားဦးစီးဌာန၏ Website ဖြစ်သော www.dop.gov.mm နှင့် UNFPA ၏ Website ဖြစ်သော http://myanmar.unfpa.org/census တို့တွင် ထုတ်လွှင့်နိုင်ရေးဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းရလဒ်များအရ တိုင်းရင်းသားလူမျိုးစာရင်းထုတ်ပြန်နိုင်ရေးအတွက် လုပ်ငန်းစဉ် အချိန်ဇယားနှင့် စီမံချက်ရေးသားပြုစုခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

### မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြား

ထို့နောက် မီဒီယာများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ဖြေကြားကြသည်။

**မြန်မာနိုင်ငံ၏ လူဦးရေစာရင်း**နှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်က ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေသည် ၅၁၄၈၀၀၀၀ ကျော်ရှိပါကြောင်း၊ ယခင်က လူဦးရေစာရင်းထုတ်ပြန်ရာတွင် သန်း ၆၀ ဖြင့် ထုတ်ပြန်ပေးခြင်းသည် လူဦးရေတိုးနှုန်းအား နိုင်ငံတကာစံနှုန်းဖြင့် တွက်ချက်၍ ခန့်မှန်းထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းသည် ယခုအချိန်တွင် မမှန်တော့ပါကြောင်း၊ ၂၀၁၇ ခုနှစ် ဧပြီ ၂၈ ရက်အထိ လူဦးရေတိုးနှုန်းများအရ လက်ရှိလူဦးရေသည် ၅၃ သန်းကျော်ရှိပါကြောင်း ဖြေကြားသည်။

**အလုပ်လက်မဲ့ဦးရေ စစ်တမ်းကောက်ယူမှု**နှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က မိမိတို့နိုင်ငံအနေဖြင့် ၁၉၉၀ ခုနှစ်နောက်ပိုင်းတွင် အလုပ်သမားရေးရာနှင့်ပတ်သက်သည့် စစ်တမ်းများကို ကောက်နိုင်ခဲ့ခြင်းမရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) နှင့်ပူးပေါင်း၍ ကလေးအလုပ်သမားဆိုင်ရာ အချက်အလက်များ၊ ကျောင်းမှ လုပ်ငန်းခွင်သို့ ကူးပြောင်းသည့် အချက်အလက်များနှင့် မြန်မာနိုင်ငံလုပ်သားအင်အားစစ်တမ်းများကို ကောက်ယူ၍ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါ ထုတ်ပြန်သည့်အချက်တွင် အဓိကအားဖြင့် အလုပ်လက်မဲ့နှုန်းဆိုသည့်အချက် ပါဝင်ပါကြောင်း၊ အလုပ်လက်မဲ့နှုန်းတွင် မိမိတို့နိုင်ငံအနေဖြင့် ILO နှင့် ပူးပေါင်းစာရင်းကောက်ခဲ့သည့်အတွက် ILO ၏ အဓိပ္ပာယ်သတ်မှတ်ချက်အရ လူတစ်ဦးအနေဖြင့် တစ်ပတ်အတွင်း တစ်နာရီ အလုပ်လုပ်ပါက အလုပ်ရှိသည့်သူဟု အဓိပ္ပာယ်သတ်မှတ်ကောက်ခံခဲ့ပါကြောင်း။

မိမိတို့နိုင်ငံတွင် အလုပ်အကိုင်မျိုးစုံ လုပ်ကိုင်နေကြသည့်အတွက် အဆိုပါအဓိပ္ပာယ်ဖော်ပြချက်အရ နိုင်ငံ၏အလုပ်လက်မဲ့နှုန်းသည် သုည ဒသမ ၈ ရာခိုင်နှုန်းသာရှိပါကြောင်း၊ သို့သော် နိုင်ငံတကာသတ်မှတ်ချက်အရ လုပ်အားကို အပြည့်အဝအသုံးမချနိုင်သည့် ရာခိုင်နှုန်းကို ယူရန်လိုသည်ဟု ပါဝင်သည့်အတွက် နိုင်ငံ၏နောက်ဆုံးလုပ်အားကို အပြည့်အဝအသုံးမချနိုင်သည့် ရာခိုင်နှုန်းမှာ ၆ ဒသမ ၉ ရာခိုင်နှုန်းဖြစ်သည်ဟု တွေ့ရှိရပါကြောင်း၊ နိုင်ငံအတွင်း အလုပ်လုပ်နိုင်သည့် အသက်အပိုင်းအခြားအရ လူဦးရေသည် ၃၃ ဒသမ ၉ သန်း ရှိပါကြောင်း၊ အမှန်တကယ် လုပ်သားအင်အားမှာ ၂၁ ဒသမ ၉ သန်းရှိပါကြောင်း၊ သုည ဒသမ ၆၉ ရာခိုင်နှုန်းသည် အလုပ်လက်မဲ့ဆိုသည့် အချက်တွင် ပါဝင်နေပြီး တစ်ခါတစ်ရံတွင် အလုပ်ရှိကောင်းရှိနေမည်ဖြစ်ပါကြောင်း၊ သို့သော် အမြဲတမ်းပုံသေ မဟုတ်ဘဲ လုပ်အားတစ်ဝက်တစ်ပျက်သာ အသုံးချနိုင်သည့် ရာခိုင်နှုန်းတစ်ခုအနေဖြင့်သာ ရှိပါကြောင်း ဖြေကြားသည်။

### တိကျမှန်ကန်သည့် စာရင်းများရရှိရန်စီစဉ်

**ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသည့် အလုပ်သမားစာရင်း** နှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသည့် အလုပ်သမားစာရင်းကို အမြဲတမ်းခန့်မှန်းခြေဖြင့် ထုတ်ပြန်ခဲ့ပြီး နိုင်ငံ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်သာရှိသည်ဟု ပြောရမည်ဖြစ်ပါကြောင်း၊ ပြည်ပသို့ တရားဝင်လွှတ်လိုက်သည့် စာရင်းအား စနစ်တကျဖြစ်စေရန် ဒုတိယသမ္မတဦးစီးသည့် ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက တရားဝင်ခွင့်ပြုနေသည့် စာရင်းများအရ လူဦးရေ နှစ်သိန်းကျော်ရှိပါကြောင်း၊ သို့သော် ပြည်ပသို့ တရားမဝင်လမ်းကြောင်းမှ သွားရောက်သူ အရေအတွက်မှာ များစွာရှိပါကြောင်း၊ တိကျမှန်ကန်သည့် စာရင်းများရရှိရန် စီစဉ်ဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

**မြန်မာနိုင်ငံသားဟောင်းများ နိုင်ငံသားပြန်လည်လျှောက်ထားမှု**နှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်က နိုင်ငံသားဟောင်းများ နိုင်ငံသားအဖြစ် ပြန်လည်လျှောက်ထားရာတွင် ပြစ်မှုကျူးလွန်ထားခြင်း ရှိ/မရှိ၊ အမည်မည်းစာရင်းတွင် ပါဝင်ထားခြင်း ရှိ/မရှိတို့ကို အဓိကထား စစ်ဆေးပါကြောင်း၊ အဆိုပါ နှစ်ခုကင်းလွတ်ပါက မြန်မာနိုင်ငံသားဟောင်းများကို နိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရန် မြန်မာနိုင်ငံသားဟောင်းများ နိုင်ငံသားအဖြစ် ပြန်လည်စိစစ်ရေးကော်မတီက အတည်ပြုဆုံးဖြတ်ပေးပါကြောင်း ဖြေကြားသည်။

**နေပြည်တော် အပါအဝင် မြို့ကြီးများ၌ နိုင်ငံခြားသားများ ဝင်ရောက်မှု**နှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဌေးလှိုင်က မြန်မာနိုင်ငံ၌ နိုင်ငံခြားသားများ လာရောက်နေထိုင်မှုအား နိုင်ငံခြားသားများ မှတ်ပုံတင်ရေးဥပဒေနှင့် နည်းဥပဒေတို့နှင့်အညီ ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံခြားသားတစ်ဦးအနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်နေထိုင်ပါက ပြည်ဝင်ခွင့်ဗီဇာအရ နေထိုင်ရပါကြောင်း၊ ဗီဇာသက်တမ်း ပြည့်ပါကလည်း သက်တမ်းတိုး လျှောက်ထားရပါကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း နိုင်ငံခြားသားများ လာရောက်နေထိုင်ခြင်းသည် လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန၏ ထောက်ခံချက်အရ မိမိတို့ဝန်ကြီးဌာန၏ စိစစ်ခွင့်ပြုချက်ဖြင့် လာရောက်နေထိုင်ခြင်း ဖြစ်ပါကြောင်း၊ တရားမဝင် ဝင်ရောက်နေထိုင်သူများရှိပါက ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေး ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရားမဝင်နေထိုင်မှုများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

### ဘက်ပေါင်းစုံမှ ဆွေးနွေးညှိနှိုင်း အဖြေရှာ

**အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေး**နှင့် စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က အနည်းဆုံး အခကြေးငွေသတ်မှတ်ရန် အမျိုးသားအဆင့် အနည်းဆုံး အခကြေးငွေသတ်မှတ်ရေး ကော်မတီက အဓိကဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့် အနည်းဆုံးအခကြေးငွေ ပြန်လည်ပြင်ဆင်သတ်မှတ်ရေးအတွက် အစိုးရတာဝန်ရှိသူများ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် အကြံပေးပညာရှင်များ ပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းထားပါကြောင်း၊ အဆိုပါကော်မတီအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးကော်မတီများ ဖွဲ့စည်း၍ ဆွေးနွေးညှိနှိုင်းနေပါကြောင်း။

အဆိုပါ အဖွဲ့များအနေဖြင့် အဓိကဆောင်ရွက်မှုမှာ အနည်းဆုံး အခကြေးငွေကို ပြင်ဆင်ရန်၊ အလုပ်သမားများ၏ လုပ်ခလစာအပေါ် တင်ပြတောင်းဆိုမှုအား အလုပ်ရှင်များက ပေးနိုင်ခြင်း ရှိ/မရှိ စသည့်အချက်များကို ဆွေးနွေးရပါကြောင်း၊ အနည်းဆုံးအခကြေးငွေကို သတ်မှတ်ရာတွင် ချက်ချင်းပြောင်းလဲ၍ မရပါကြောင်း၊ အစည်းအဝေးများ ကျင်းပ၍ ဘက်ပေါင်းစုံမှ အကျေအလည် ဆွေးနွေးညှိနှိုင်း အဖြေရှာရပါကြောင်း၊ ထို့ကြောင့် အစည်းအဝေးပွဲများစွာ ကျင်းပရန် လိုအပ်ပါကြောင်း ဖြေကြားသည်။

**မြန်မာနိုင်ငံသား လျှောက်ထားသူဦးရေ**နှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်က ယခင်အစိုးရလက်ထက်တွင် ၁၈၈ ဦး လျှောက်ထားခဲ့ပြီး ၁၄၃ ဦး ခွင့်ပြုခဲ့ပါကြောင်း၊ ကျန်ရှိသူ ၄၅ ဦးအနက် နိုင်ငံသားအရည်အချင်း မပြည့်ဝသူ ၁၆ ဦး၊ အချက်အလက် မပြည့်စုံသူ ၁၂ ဦး၊ အမှုအခင်းကြီးဖြစ်ထားသူ ၁၁ ဦးနှင့် အစိုးရအပြောင်းအလဲကာလတွင် လျှောက်ထားသူခြောက်ဦး ဖြစ်ပါကြောင်း၊ သတ်မှတ်အရည်အချင်းများဖြင့် ပြည့်စုံသူများကို မြန်မာနိုင်ငံသားအဖြစ် ခွင့်ပြုပေးခဲ့ပါကြောင်း၊ ယခုအစိုးရလက်ထက်တွင် လျှောက်ထားသူ ၅၅ ဦးရှိပြီး ၎င်းတို့အနက် နိုင်ငံသားအရည်အချင်းမပြည့်သူတစ်ဦး၊ အချက်အလက် မပြည်စုံသူတစ်ဦး၊ မြန်မာနိုင်ငံသားဟောင်းများ ပြန်လည်စိစစ်ရေးကော်မတီသို့ မတင်ပြရသေးသူ ၃၃ ဦးနှင့် တင်ပြပြီးသူ ၂၈ ဦး ပါဝင်ပါကြောင်း၊ တင်ပြထားသူများအနက် ၂၈ ဦးမှာ စိစစ်ပြီးဖြစ်၍ မကြာမီတွင် နိုင်ငံသားများအဖြစ် ရရှိမည်ဖြစ်ပါကြောင်း ဖြေကြားသည်။ **(သတင်းအဖွဲ့)**

---

### ❒ သာသနာရေးမှ

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသာမက ပြည်ထဲရေးဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာဌာနများက လိုအပ်သည့် ငွေစာရင်းဆိုင်ရာ သတင်းအချက်များ တောင်းခံလာပါက ပေးရပါကြောင်း၊ ထိုသို့ပေးရသည့် စာရင်းသည် လျှို့ဝှက်သတင်းအချက်အလက်ဖြစ်သည့်အတွက် ထုတ်ပြန်ပေး၍ မရပါကြောင်း၊ ဗဟိုဘဏ်နှင့်သက်ဆိုင်သော ငွေကြေးဆိုင်ရာ အချက်အလက်များအား စာရင်းပြုစု၍ စာအုပ်ထုတ်ဝေပေးရန် စီစဉ်နေပါကြောင်း၊ မကြာမီကာလအတွင်း မြန်မာနိုင်ငံ၏ ငွေကြေးဆိုင်ရာ အချက်အလက်များ ပြည့်ပြည့်စုံစုံ ပါဝင်သည့် စာအုပ်ကို ထုတ်ဝေနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

နိုင်ငံခြားဘဏ်ခွဲဖွင့်လှစ်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် လက်ရှိပြည်တွင်း၌ နိုင်ငံခြားဘဏ်ခွဲ ၁၃ ခုမှ ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ထားပါကြောင်း၊ အဆိုပါရုံးများအနေဖြင့် ဘဏ်လုပ်ငန်းများ ဆောင်ရွက်ခွင့်မရှိဘဲ ဘဏ်လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ရေးအတွက်သာ ဖြစ်ပါကြောင်း၊ နိုင်ငံတကာဘဏ်များအနေဖြင့် ဘဏ်ခွဲတစ်ခုဖွင့်လှစ်မည်ဆိုပါက နိုင်ငံအတွင်း ငွေကြေးဈေးကွက် ခိုင်မာတည်ငြိမ်မှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများကို အလေးထားစဉ်းစားပြီးမှ ဘဏ်ခွဲဖွင့်လှစ်မှုကို ဆောင်ရွက်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားဘဏ်ခွဲများဖွင့်လှစ်မှု လက်ရှိတွင် ခေတ္တဆိုင်းငံ့ထားပါကြောင်း၊ ဆက်လက်ဖွင့်လှစ်ခွင့်ပြုနိုင်ရန် နည်းလမ်းများရှာဖွေနေပါကြောင်း၊ နိုင်ငံခြားဘဏ်ခွဲများ အမြန်ဆုံး ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်း အပါအဝင် လိုအပ်ချက်များကို စဉ်ဆက်မပြတ် ဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

**မိုဘိုင်းဘဏ်၊ ငွေကြေးလွှဲပြောင်းမှုကိစ္စများ**နှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် မိုဘိုင်းဘဏ်နှင့် ငွေကြေးလွှဲပြောင်းမှုကိစ္စများအတွက် လိုက်နာဆောင်ရွက်ရမည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားပါကြောင်း၊ ထို့ကြောင့် ဈေးကွက်အတွင်း တရားမဝင်မိုဘိုင်းစနစ်ဖြင့် ဘဏ်လုပ်ငန်း၊ ငွေကြေးလွှဲပြောင်းမှုများ ပြုလုပ်နေခြင်း လုံးဝမရှိပါကြောင်း ဖြေကြားသည်။ **(သတင်းအဖွဲ့)**

# တပ်မတော်ကို စွမ်းရည်ပြည့်ဝအောင် ဆောင်ရွက်နိုင်မည့်အခြေအနေပေါ်မူတည်ပြီး အချိုးအစားမျှတအောင် စီမံဆောင်ရွက်နေ

**နေပြည်တော် မေ ၂**

ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က တစ်နှစ်တာကာလအတွင်း ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဆောင်ရွက်လျက်ရှိ**

တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရနှင့်လက်တွဲကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်စဉ် ပြည်သူများအား ကူညီထောက်ပံ့မှု၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ ပြန်လည်ဖွင့်လှစ်ပေးနိုင်မှု၊ ကျေးလက်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု၊ အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းဆောင်ရွက်မှုတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၆ ခုနှစ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်း၊ ရခိုင်၊ ရှမ်းပြည်နယ်တို့တွင် စေတီပုထိုးများနှင့် လူနေအိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရာ တပ်မတော်မှ ဘုရားစေတီ ၉၄၄ ဆူ၊ ဘုန်းကြီးကျောင်း ၅၈ ကျောင်း၊ အိမ်ခြေ ၄၆၈၇ လုံး၊ စာသင်ကျောင်း ၆၄ ကျောင်း၊ ဆေးရုံ ငါးရုံကို ပြုပြင်ပေးခဲ့ပြီး စုစုပေါင်း တန်ဖိုးငွေကျပ် ၁၁၆ သန်းကျော် ကူညီထောက်ပံ့ခဲ့ပါကြောင်း။

**ပေးအပ်လှူဒါန်းနိုင်ခဲ့**

၂၀၁၆ ခုနှစ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့သော စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်၊ ရခိုင်၊ ရှမ်းပြည်နယ်နှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် မြစ်ရေကြီးမှု ဖြစ်ပွားခဲ့သော တနင်္သာရီတိုင်းဒေသကြီး၌ အိမ်ထောင်စု ၇၇၇၇ စုကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရာတွင် တပ်မတော် လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ခေါက်ရေ ၄၁ ခေါက်၊ ကုန်တန်ချိန် ၁၂၇ တန် ပို့ဆောင်ပေးခဲ့ပြီး ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းတန်ဖိုးငွေကျပ် ၁၁၉ သန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း၌ ဖြစ်ပွားခဲ့သည့် ပုဂံငလျင်တွင် ပျက်စီးသွားသော စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအိမ်များ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များက အလှူငွေကျပ် ၇၉၈ သန်းကျော် ပေးအပ်လှူဒါန်းနိုင်ခဲ့ပါကြောင်း။

၂၀၁၆ ခုနှစ်အတွင်း စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ တပ်မတော်မှ လုံခြုံရေးဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စု ၅၈၀ ကို ကူညီရွှေ့ပြောင်းပေးခဲ့ခြင်းနှင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများကို ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း။

၂၀၁၆ ခုနှစ် ဩဂုတ် ၈ ရက်မှ ၁၂ ရက်အထိ နာဂဒေသ လဟယ်မြို့နယ် ထန်ခေါ်လမ့်ရွာနှင့် နန်းယွန်းမြို့နယ် ကဲဆန်ကားလန်ရွာတို့တွင် ဝက်သက်ရောဂါပြန့်ပွားမှုနှင့်ပတ်သက်၍ ဒေသခံပြည်သူ ၁၇၈၅ ဦးကို ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆေးကုသခြင်း၊ ၁၅၀၅၃ ဦးကို ဝက်သက်ကာကွယ်ဆေးထိုးခြင်း၊ ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၇ ခုနှစ် မတ်လအတွင်း ဒေသခံပြည်သူ ၈၆၃၂၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး ပါရဂူ၊ ဆေးမှူးအရာရှိများအနေဖြင့် နာဂဒေသရှိမြို့နယ် ၂၂ မြို့နယ်တွင် ဆေးကုသမှုလုပ်ငန်းများနှင့် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများ လုပ်ဆောင်နေသည့်အပြင် ကျောင်းသားလူငယ်များ၏ အတန်းပညာသင်ကြားရေးတွင်လည်း ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိပါကြောင်း။



ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်

အရွယ်မရောက်သေးသူကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းဆောင်ရွက်မှုအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် United Nations Country Task Force Monitoring and Reporting (UNCTFMR) တို့အကြား ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစီမံချက်စာချုပ်ကို ၂၀၁၂ ခုနှစ် ဇွန်လ ၂၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

**အရွယ်မရောက်သေးသူ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေး**

CTFMR အဖွဲ့ဝင်များသည် ခြေလျင်၊ ခြေမြန်တပ်ရင်းများနှင့် လက်ရုံးဝန်ထမ်း တပ် ၁၃ ခုကို သွားရောက်စစ်ဆေးခဲ့ပြီး တပ်မတော်သို့ ဝင်ရောက်စဉ်အသက် (၁၈)နှစ်ပြည့်မြောက်ခြင်းမရှိသေးကြောင်း စိစစ်တွေ့ရှိရသည့် စစ်သည် ၆၆ ဦးကို မိဘ၊ အုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း။

မြန်မာ့တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် CTFMR နှင့်ပူးပေါင်း၍ Plan of Action စာချုပ်ကို လက်မှတ်ရေးထိုးကာ စာချုပ်ပါအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ခဲ့ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မှားယွင်းစုဆောင်းခံရသူများ စစ်မှုထမ်းဆောင်နေခြင်း လုံးဝမရှိစေရေး ဖော်ထုတ်လျက်ရှိပြီး မြန်မာ့တပ်မတော်ကို ကလေးစစ်သားအသုံးပြုသည့်စာရင်းမှ ပယ်ဖျက်ခွင့်ရရှိရေး CTFMR (မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့)နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**အဆင့်အတန်းမီတပ်မတော်**

**ထို့နောက် သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နှင့် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ဗိုလ်ချုပ်စိုးနိုင်ဦးတို့က ဖြေကြားကြသည်။**

**ကာကွယ်ရေးအဆင့်မြှင့်တင်မှု**နှင့်စပ်လျဉ်း၍ မေးခွန်းကို ဖြေကြားရာတွင် ၂၀၁၁ ခုနှစ် နောက်ပိုင်းတွင် မြန်မာ့တပ်မတော် ပြုပြင်ပြောင်းလဲရေးများကို ဆောင်ရွက်ရာ၌ အဆင့်အတန်းမီ တပ်မတော်တစ်ခုအဖြစ် ရည်ရွယ်ဆောင်ရွက်နေပါကြောင်း၊ ယခင်က ပြည်တွင်းသောင်းကျန်းမှုကို အဓိကထားဆောင်ရွက်နေရာမှ ပြီးပြည့်စုံသည့် ပြည်ပရန်ကာကွယ်ရေးအတွက် စဉ်းစား၍ အဘက်ဘက်မှ ပြုပြင်ပြောင်းလဲရေးများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်ကို အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နည်းပါးပါကြောင်း။

စစ်လက်နက်ပစ္စည်းများ ဖြည့်ဆည်းရာတွင် ကိုယ်တိုင်ထုတ်လုပ်နိုင်ရန်လည်း ကြိုးစားဆောင်ရွက်နေပါကြောင်း၊ ထို့ပြင် သက်ဆိုင်ရာ ခြေလျင်တပ်ရင်းမှူးများအနေဖြင့် မိမိတို့၏ တိုက်ဖော်တိုက်ဖက် စစ်သည်များအတွက် သက်သာချောင်ချိရေးကို အမြဲဦးစားပေး၍ ဆောင်ရွက်ပေးပါကြောင်း၊ နိုင်ငံတော်၏ ဘတ်ဂျက်နှင့် စီးပွားရေးအင်အား ဖွံ့ဖြိုးတိုးတက်ပါက မိမိတို့စစ်သည်များ၏ ချပ်ဝတ်တန်ဆာများကို အိမ်နီးချင်းနိုင်ငံများနှင့် တန်းတူယှဉ်နိုင်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ တပ်မတော်၏ အင်အားစာရင်းများကို အချို့နိုင်ငံများ၌ ထုတ်ပြန်မှုများရှိသော်လည်း မိမိတို့နိုင်ငံတွင် တိတိကျကျထုတ်ပြန်နိုင်ရန်အတွက် အကန့်အသတ်များရှိပါကြောင်း၊ တပ်မတော်အင်အားကိုတိုးချဲ့ပါက နိုင်ငံတော်၏ ဘတ်ဂျက်အသုံးစရိတ်ကုန်ကျမှုသည်များပြားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တပ်မတော်ကို စွမ်းရည်ပြည့်ဝအောင် ဆောင်ရွက်နိုင်မည့်အခြေအနေပေါ်မူတည်ပြီး အချိုးအစားမျှတအောင် စီမံဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

**အခွန်အခများ နှစ်စဉ်ပေးသွင်းလျက်ရှိ**

တပ်မတော် စီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ ရည်ရွယ်ချက်သည် တပ်မတော်သားများနှင့် ၎င်းတို့၏ မှီခိုဇနီးသားသမီးများ သက်သာချောင်ချိရေး၊ စစ်မှုထမ်းဟောင်းဇနီးသားသမီးများ သက်သာချောင်ချိရေး၊ ပြည်သူလူထု သက်သာချောင်ချိရေးအတွက် အထောက်အကူဖြစ်စေရေး၊ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုရေးဟု ဖော်ပြထားပါကြောင်း၊ စတင်ဖွဲ့စည်းချိန် ၁၉၉၀ ခုနှစ်မှစပြီး ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရှယ်ယာမတည်ငွေ ကျပ်သန်း ၄၀၊ တပ်မတော်စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းများ အစုရှယ်ယာထည့်ဝင်ငွေကျပ် ၁၆ ဒသမ ၀၉၈ သန်း စုစုပေါင်း ကျပ်သန်း ၅၆ ဒသမ ၀၉၈ သန်းဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် မတ် ၂၄ ရက်အထိ စစ်မှုထမ်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ စစ်မှုထမ်းဟောင်း အစုရှယ်ယာထည့်ဝင်မှုမှာ ကျပ် ၁၆၀၈၄ ဒသမ ၇၅၅ သန်းဖြစ်ပါကြောင်း။

နိုင်ငံတော် အခွန်ပေးဆောင်မှုနှင့် ပတ်သက်ပြီး ၁၉၉၀ - ၁၉၉၁ ဘဏ္ဍာနှစ်မှ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်အထိ ကျပ် ၈၉၉၉၂ ဒသမ ၂ သန်းဖြစ်ပြီး အခွန်အခများ နှစ်စဉ်ပေးသွင်းလျက်ရှိပါကြောင်း။

မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့်ပတ်သက်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ ရည်ရွယ်ချက်တွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊ တပ်မတော်အသုံးစရိတ်များကို လျှော့နည်းသက်သာစေရန်၊ တပ်မတော်မှ လိုအပ်သော အထောက်အပံ့ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန်၊ တပ်မတော်သားများ၏ မိသားစုဝင်များ သက်သာချောင်ချိစေရေးကို ဆောင်ရွက်ပေးရန်၊ တပ်မတော်၏ အခြားသော ကိစ္စရပ်များကို ဆောင်ရွက်ပေးရန်တို့ဖြစ်ပါကြောင်း၊ တပ်မတော်၏ အသုံးအဆောင်ပစ္စည်းများ၊ အဆောက်အအုံသုံးပစ္စည်းများကို သက်သာစွာထုတ်လုပ်ရန်ဖြစ်ပါကြောင်း ဖြေကြားသည်။

**(သတင်းအဖွဲ့)**

# နေပြည်တော်တွင် ဖွံ့ဖြိုးရေးကဏ္ဍများအတွက် ငွေကျပ် ၄၁၆၃၂ ဒသမ ၂၄၇ သန်း အကုန်အကျခံဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် မေ ၂**

ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးဝင်းရှိန်က ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် အစိုးရသစ်တစ်နှစ်တာကာလအတွင်း ပြည်ထောင်စုဘတ်ဂျက်၊ နေပြည်တော်ကောင်စီဘတ်ဂျက်၊ လွှတ်တော်နှင့် ဒေသအလှူရှင်များဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှုမှာ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတား၊ ဆည်၊ ကန်၊ လျှပ်စစ်မီးလင်းရေး၊ ရေရရှိရေးနှင့် အခြားဖွံ့ဖြိုးရေးကဏ္ဍများအတွက် လုပ်ငန်းစုစုပေါင်း ၁၄၃၁ ခုကို ငွေကျပ် ၄၁၆၃၂ ဒသမ၂၄၇ သန်း အကုန်အကျခံ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**ကျောင်းပေါင်း ၇၀ အဆင့်တိုးမြှင့်**

ပညာရေးကဏ္ဍအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပညာရေးကဏ္ဍကို မြို့နယ် ရှစ်မြို့နယ်တွင် လုပ်ငန်း ၂၃၄ ခုအား ငွေကျပ် ၅၄၁၄ သန်းကျော်ဖြင့် ဆောင်ရွက်ခဲ့ပြီး မူလတန်းကျောင်းခွဲမှ အထက်တန်းကျောင်းအထိ ကျောင်းပေါင်း ၇၀ အား အဆင့်တိုးမြှင့်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အထက်တန်းပြ ၈၈၄ ဦး၊ အလယ်တန်းပြ ၂၈၂၆ ဦးနှင့် မူလတန်းပြ ၃၆၅၂ ဦး စုစုပေါင်း ၇၃၆၂ ဦးတွင် ၈၈၅ ဦးပိုမိုတိုးမြှင့်ခန့်ထားနိုင်ခဲ့ပြီး ဆရာများနှင့်ကျောင်းသားအချိုးမှာ အထက်တန်းတွင် ၁ အချိုး ၂၆၊ အလယ်တန်းတွင် ၁ အချိုး ၂၅ နှင့် မူလတန်းတွင် ၁ အချိုး ၃၁ ရှိပါကြောင်း။

ကျန်းမာရေးကဏ္ဍအနေဖြင့် ကလေးအထူးကုဆေးရုံကြီး၊ သားဖွားမီးယပ်အထူးကုဆေးရုံကြီး၊ မျက်စိ၊ နား၊ နှာခေါင်းနှင့်လည်ချောင်းရောဂါ အထူးကုဆေးရုံကြီးနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခုကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ဆရာဝန်နှင့် လူဦးရေအချိုးမှာ ၁ အချိုး ၁၉၃၃ နှင့် သူနာပြုနှင့် လူဦးရေ အချိုးမှာ ၁ အချိုး ၁၀၅၆ တို့ဖြစ်ပါကြောင်း။

မြေယာကိစ္စများစီမံခန့်ခွဲမှု ဆောင်ရွက်မှုအခြေအနေမှာ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် ခွင့်ပြုပေးနိုင်ခဲ့မှုမှာ လယ်ယာမြေဥပဒေနှင့်နည်းဥပဒေများနှင့်အညီ လယ်ယာမြေ ၅၈ ဒသမ ၅၄ ဧကကို လျှောက်ထားသူ ၂၃ ဦးထံ ထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများမှ ပြန်လည်စွန့်လွှတ်မြေများကို တောင်သူ ၆၅ ဦးထံ ၂၁၁ ဒသမ ၄၆ ဧကကို နေပြည်တော်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ အစိုးရသစ် တစ်နှစ်တာကာလအတွင်း လွှဲပြောင်းပေးအပ်နိုင်ခဲ့ပါကြောင်း။

**အမှုပေါင်း ၃၇၈၄ မှု ကာကွယ်နိုင်ခဲ့**

လုံခြုံရေးကဏ္ဍအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အမှုကြီး ၁၀ မှု ဖြစ်ပွားမှု ၈၁ မှုဖြစ်ပွားခဲ့ပြီး ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက အမှုသုံးမှုပိုခဲ့ကာ ဖြစ်ပွားမှု အများဆုံးမှာ ဓားပြမှု၊ လုယက်မှုနှင့် မုဒိမ်းမှုများဖြစ်ပါကြောင်း၊ အခြားအမှု ၁၀ မှု ဖြစ်ပွားမှုမှာ ၁၉၉၃ မှုဖြစ်ပြီး ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက အမှု ၁၃၀ မှုပိုခဲ့ကာ ဖြစ်ပွားမှုအများဆုံးမှာ ဆိုင်ကယ်ခိုးမှုနှင့် ယာဉ်တိုက်မှုများဖြစ်ပါကြောင်း၊ ကြိုတင်ကာကွယ်မှုအနေဖြင့် ၄၈၆၀ ဆောင်ရွက်ခဲ့ပြီး ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက အမှုပေါင်း ၃၇၈၄ မှု တိုးမြှင့်၍ ကာကွယ်နိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရှစ်မြို့နယ်တွင် ပြည်သူ့ဝန်ဆောင်မှုရုံးများကို ဌာနဆိုင်ရာ ၁၀ ခုဖြင့် ဖွင့်လှစ်ထားရှိပြီး လုပ်ငန်းဝန်ဆောင်မှုပေးနိုင်ခဲ့မှုမှာ ၃၂၇၂၁ ခုဖြစ်ပါကြောင်း။

၂၀၁၆- ၂၀၁၇ ခုနှစ် (ဆန်) ဒေသဝမ်းစာဖူလုံမှုအခြေအနေမှာ ၁၀၀ ဒသမ၂၀၊ ဆီ ဒေသဝမ်းစာဖူလုံမှုအခြေအနေမှာ ၁၆၂ ဒသမ ၁၆၊ ပဲ ဒေသဝမ်းစာဖူလုံမှုအခြေအနေမှာ ၄၇၈ ဒသမ ၆၉ ဖြစ်ပါကြောင်း။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် မြစိမ်းရောင်(အသားကဏ္ဍ)၊ မျိုးကောင်းမျိုးသန့်၊ မွေးဘဏ်စနစ်ဖြင့် မွေးမြူရေးဆောင်ရွက်ထားရှိမှုအခြေအနေမှာ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ကျေးရွာပေါင်း ၁၁ ရွာသို့ ကျပ်သန်းပေါင်း ၁၂၀ ထုတ်ချေးခဲ့ပြီး နို့စားနွား၊ ဆိတ်၊ ဝက်နှင့် ကြက်တို့ကို မွေးမြူနိုင်ခဲ့ပါကြောင်း။



အတွင်းရေးမှူး ဦးဝင်းရှိန်

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် အဝေးပြေးခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းပြေးဆွဲမှုအခြေအနေမှာ မြို့တွင်းယာဉ်လိုင်းပြေးဆွဲမှုအနေဖြင့် ယာဉ်အစီး ၂၈၀ ဖြင့် ယာဉ်လိုင်း ငါးခုမှ ပြေးဆွဲလျက်ရှိရာ ယခုနှစ်အတွင်း Mini Bus ၁၆ စီး ထပ်မံပြေးဆွဲနိုင်ခဲ့ပါကြောင်း၊ အဝေးပြေးပို့ဆောင်မှုအနေဖြင့် ယာဉ်အသင်းပေါင်း ၁၇ သင်းထပ်မံတိုးချဲ့ပြီး ယာဉ်လိုင်းပေါင်း ၂၆ လိုင်း၊ ယာဉ်အစီး ၂၇၄ စီးဖြင့် ထပ်မံတိုးချဲ့ပြေးဆွဲနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

**စာမျက်နှာ ၉ သို့ ❖**

# ပြည်တွင်းရေးရာ

✦ ကျောဖုံးမှ

အစည်းအဝေးသို့ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာအောင်သူ၊ ဦးဖေဇင်ထွန်း၊ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီအကြံပေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့ကျင်းပသည့်အစည်းအဝေးသည် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ ဦးတည်ချက်ဖြစ်သည့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံသည့်ရေအရင်းအမြစ်များကို ထိရောက်စွာ စီမံဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနအဖွဲ့အစည်းများကြားညှိနှိုင်းဆောင်ရွက်ရန်နှင့် ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အတူတကွ ဝိုင်းဝန်းဆွေးနွေးနိုင်ရန် ကျင်းပသည့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် မတ် ၂၂ ရက်တွင် ကျရောက်ခဲ့သည့် ကမ္ဘာ့ရေနေ့ အထိမ်းအမှတ်အခမ်းအနားကို မြန်မာနိုင်ငံတွင် အမျိုးသားအဆင့်ရေအရင်းအမြစ် ကော်မတီကကြီးမှူး၍ ရေနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာန အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ရေနှင့်ဆက်နွယ်သည့် ပုဂ္ဂလိကလုပ်ငန်းများပူးပေါင်းပါဝင်မှုဖြင့် ၂၀၁၇ ခုနှစ် မတ်လတွင် အောင်မြင်စွာကျင်းပခဲ့ကြောင်း၊ အဆိုပါအခမ်းအနားတွင် အမျိုးသားမိုးရေခံလှူပ်ရှားမှု စတင်ဆောင်ရွက်ခြင်းနှင့် ပတ်သက်သည့် အစီအစဉ်တစ်ရပ်ကို ထည့်သွင်းဆောင်ရွက်ခဲ့ကြောင်း။

မြန်မာနိုင်ငံတော်အမျိုးသားအဆင့် ရေမူဝါဒစာအုပ်နှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က သုံးသပ်အကြံပြုချက်များပေးပို့ခဲ့ပြီး အဆိုပါသုံးသပ်အကြံပြုချက်များနှင့် ဝန်ကြီးဌာနအဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်များကိုမူတည်၍ စာအုပ်ပါအချက်များကို အဆင့်လိုက်တည်းဖြတ်ပြုစုရန် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ရေကြီးရေလျှံမှုနှင့် ရေရှားပါးမှုလျော့နည်းသက်သာစေရေး၊ ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများအချင်းချင်း ဆက်နွယ်သည့်လုပ်ငန်းများနှင့် ပတ်သက်၍ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးနှင့် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီက ဆက်လက်ဆောင်ရွက်မည့် အမျိုးသားမိုးရေခံလှုပ်ရှားမှုနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုကြစေလိုကြောင်း၊ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုနှင့်ဆက်နွယ်သည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဝန်ကြီးဌာနအဖွဲ့အစည်းများအချင်းချင်းဝိုင်းဝန်းညှိနှိုင်း၍ အားနည်းချက်နှင့်အားသာချက်များကို စိစစ်ပြီး နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းများကို အားသွန်ခွန်စိုက် ဆက်လက်ဆောင်ရွက်စေလိုကြောင်း၊ ကော်မတီအနေဖြင့် နိုင်ငံ၏ရေအရင်းအမြစ်စီမံခန့်ခွဲမှုများဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်မှုရှိစေမည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ဝန်ကြီးဌာနအဖွဲ့အစည်းများအချင်းချင်း အထောက်အကူပြုဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးအကြံပြုပေးကြရန်တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက်အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီအကြံပေးအဖွဲ့ဝင်များက မိုးရေခံလှုပ်ရှားမှု၊ ရေကြီးရေလျှံမှုလျော့ပါးရေး၊ ရေရှားပါးမှုလျော့နည်းသက်သာစေရေး လုပ်ငန်းများနှင့် စပ်လျဉ်းရှင်းလင်းဆွေးနွေးကြရာ ဒုတိယသမ္မတက ဖြည့်စွက်ရှင်းလင်းသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဝန်ကြီးဌာနအဖွဲ့အစည်းများအလိုက် လုပ်ငန်းဆောင်ရွက်မှုရှင်းလင်းတင်ပြချက်များ၊ ကော်မတီ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် အကြံပြုဆွေးနွေးချက်များသည် ကော်မတီရှေ့ဆက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ရွေးချယ်ချမှတ်ရာတွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ တာဝန်ခံဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများအနေဖြင့်လည်း ဆက်လက်၍အပြန်အလှန်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

❖ စာမျက်နှာ ၈ မှ

ယင်းနောက် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ဖြေကြားကြသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း ကျူးကျော်နေထိုင်သူများကိစ္စအား ကိုင်တွယ်ဖြေရှင်းနေမှုနှင့် ပတ်သက်၍ နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးဝင်းရှိန်က ဖြေကြားရာတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဌာနဆိုင်ရာမြေ၊ ပုဂ္ဂလိကပိုင်မြေ၊ သစ်တောမြေနှင့် စိုက်ပျိုးမြေများပေါ်တွင် ကျူးကျော်နေထိုင်သူများရှိပါကြောင်း၊ ကျူးကျော်များနှင့် ပတ်သက်၍ ရှင်းလင်းခြင်းတစ်ခုတည်းမဟုတ်ဘဲ ပြန်လည်နေရာချထားပေးရေး အစီအမံများကို ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုနှစ်တွင် ငွေကျပ်သန်းပေါင်း ၁၆ ဘီလီယံအသုံးပြု၍ အိမ်ရာများဆောက်လုပ်ရန် အစီအစဉ်ရှိပါကြောင်း၊ ယင်းနေရာများတွင် ပြန်လည်နေရာချထားပေးရန်ရှိပါကြောင်း၊ ယင်းအပြင် အငှားအိမ်ရာစနစ်ဖြင့်လည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း အမှုကြီးများ ပိုမိုဖြစ်ပွားလာမှုနှင့်စပ်လျဉ်း၍ ရဲမှူးကြီးဇော်ခင်အောင်က နေပြည်တော်ကောင်စီနယ်မြေအတွင်း နှစ်စဉ် မှုခင်းဖြစ်ပွားမှုအခြေအနေများကို ပြန်လည်သုံးသပ်ပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် အမှုကြီး ၇၀ ဖြစ်ပွားခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် အမှုကြီး ၈၄ မှုဖြစ်ပွားခဲ့ပြီး အမှု ၁၄ မှုတိုးလာပါကြောင်း၊ ပြီးခဲ့သည့်နှစ်အတွင်း အမှုကြီး ၈၄ မှုဖြစ်ပွားခဲ့သည့်အတွက် ပျမ်းမျှတစ်လလျှင် ခုနစ်မှုခန့်ဖြစ်သည်ဟု သုံးသပ်ပါကြောင်း၊ ယခုပထမလေးလပတ်တွင် အမှုကြီး ၂၃ မှုဖြစ်သည့်အတွက် သိသိသာသာတိုးလာသည့် အနေအထားမရှိဟု သုံးသပ်ပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင် မှုခင်းကျဆင်းရေးအတွက် ကြိုတင်ကာကွယ်မှု၊ ပြေးလေးပြေးဖမ်းဆီးမှု၊ ကျူးကျော်တဲများနှင့်ပတ်သက်၍ လစဉ်စာရင်းကောက်ယူ၍ ကွပ်ကဲမှု၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း နေ့စဉ်ပိတ်ဆို့၍ ရှာဖွေစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း ကျူးကျော်အိမ်ရာများ စာရင်းကောက်ယူမှုနှင့်စပ်လျဉ်း၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ဇမ္ဗူသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်တို့တွင် ကျူးကျော်အိမ်ရာများ အဓိကအများဆုံးတွေ့ရှိရပြီး လူဦးရေတစ်ထောင်ကျော်ခန့် စာရင်းကောက်ယူထားပြီးဖြစ်ပါကြောင်း၊ ကျူးကျော်နေထိုင်သူများအား မည်သို့အစားထိုး နေရာချထားမည်၊ မည်သို့ဆောင်ရွက်ပေးမည်ဆိုသည့် နည်းလမ်းများဖြင့် အကောင်အထည်ဖော်ရန် စီစဉ်နေပါကြောင်း၊ အငှားအိမ်စနစ်ဆောင်ရွက်ရန်လည်း စီစဉ်နေပါကြောင်း၊ ကျူးကျော်အများစုတွင် စီးပွားရေး လာရောက်လုပ်ကိုင်ကြသူများသည့်အတွက် ၎င်းတို့အား မည်သည့် အိမ်ရာစနစ်မျိုးဖြင့် ဖန်တီးပေးနိုင်မည်ကို စဉ်းစားဆောင်ရွက်နေပါကြောင်း၊ နေပြည်တော်ကို Geographic Information System GIS စနစ်ဖြင့် မြို့ပြစီမံကိန်းများ ပြန်လည်ရေးဆွဲနေပါကြောင်း၊ ရေးဆွဲရာတွင်လည်း ကျူးကျော်ကိစ္စကို ကဏ္ဍတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း တက္ကသိုလ်များဆောက်လုပ်ရန်နှင့် မြို့ပတ်ရထားလမ်းဖောက်လုပ်ရန် သတင်းများထွက်ပေါ်နေမှုနှင့် ပတ်သက်၍ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က နေပြည်တော်ကောင်စီနယ်မြေအတွင်း ယခုလက်ရှိအချိန်ထိ တရားဝင်တက္ကသိုလ်တည်ထောင်ရန် ဆောင်ရွက်မှုများ မရှိသေးပါကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့ပတ်ရထားလမ်းဖောက်လုပ်ရန် ဆောင်ရွက်မည်ဆိုသည့် ကိစ္စမှာလည်းမဟုတ်ပါကြောင်း၊ ယင်းမြို့ပတ်ရထားလမ်းနှင့် ပတ်သက်၍ ဆောင်ရွက်မည့် စီမံချက်များလည်း မရှိသေးပါကြောင်း ဖြေကြားသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့ပြစီမံကိန်း ရေးဆွဲဆောင်ရွက်မှုကိစ္စနှင့်ပတ်သက်၍ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က မြို့ပြစီမံကိန်းဆောင်ရွက်ရန်အတွက် တရားဝင်အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့ပြစီမံကိန်းများ ရေးဆွဲရေးအတွက်မူဝါဒများတင်ပြပြီး ဆောင်ရွက်နေပါကြောင်း၊ ယခုလက်ရှိတွင် အချက်အလက်များ စုဆောင်းခြင်းလုပ်ငန်းမှာ ခရီးရောက်နေပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲများထံ တင်ပြထားပြီး ဆက်လက်အကောင်အထည်ဖော်နေပါကြောင်း၊ မျှော်မှန်းထားသည်မှာ ၂၀၁၈ ခုနှစ်တွင် စီမံချက်ကို ရေးဆွဲပြီးစီးနိုင်ရန်နှင့် အကြမ်းအကောင်အထည်ဖော်နိုင်ရန် တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ခွင့်ပြုချက်ရရှိပါက အစိတ်အပိုင်း တစ်ပိုင်းချင်းအလိုက် အကောင်အထည်ဖော်သွားရန်ရှိပါကြောင်း ဖြေကြားသည်။

**(သတင်းအဖွဲ့)**

## Scientific Literacy Award ဆုပေးပွဲ ကျင်းပမည်

**နေပြည်တော် မေ ၂**

မြင့်မြင့်ခင်ဖောင်ဒေးရှင်းက ဒုတိယအကြိမ် Scientific Literacy Award ဆုပေးပွဲအခမ်းအနားကို ရန်ကုန်မြို့ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံစုဝေးခန်းမ၌ မေ ၇ ရက်မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် Curiosity Science Magazine တည်ထောင်သူနှင့် ယင်းမဂ္ဂဇင်းထုတ်ဝေရန် ကြိုးပမ်းခဲ့သော မျိုးဆက်သစ်လူငယ်များအား ဆုချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။ **(ကြေးမုံ)**

## အလုပ်သမားနေ့ကို ဂုဏ်ပြု ကွန်ကရစ်လမ်းသစ်ဖွင့်

**ရွှေပေါက်ကံ မေ ၂**

အလုပ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၁၂) ရပ်ကွက်ရှိ အောင်မြေလမ်းအား ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို မေ ၁ ရက်က ကျင်းပရာ ရွှေပေါက်ကံမြို့သစ် အုပ်ချုပ်ရေးမှူးဦးသောင်းလွင်၊ အမှတ် (၁၂) ရပ်ကွက်တာဝန်ခံဦးလှရီနှင့် အောင်မြေလမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်းသိရသည်။

အဆိုပါ အောင်မြေလမ်း(ကွန်ကရစ်လမ်းသစ်) မှာ လမ်းသူလမ်းသားများ၏ မတည်လှူဒါန်းငွေနှင့် စေတနာရှင်များ၏ လှူဒါန်းငွေများကို ပေါင်းစုကာခင်းသောလမ်းဖြစ်သည်။ လမ်းအရှည် ပေ ၇၈၀၊ အကျယ် ၁၂ ပေ၊ ဒုခြောက်လက်မရှိကြောင်းနှင့် စုစုပေါင်း ကုန်ကျငွေတန်ဖိုးမှာ ကျပ်သိန်း ၁၃၀ ခန့်ရှိကြောင်း သိရသည်။

**(ရန်ရှင်း)**

## (၈)ကြိမ်မြောက် မဲခေါင်စာပေဆုပြိုင်ပွဲအတွက် စာအုပ်များဖိတ်ခေါ်

**နေပြည်တော် မေ ၂**

(၈) ကြိမ်မြောက် မဲခေါင်စာပေဆုပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်လိုသော စာအုပ်များကို မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ဖိတ်ခေါ်လျက်ရှိရာ အသေးစိတ်အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြိုင်ပွဲဝင်စာမူရှင်သည် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ နှစ်သက်ရာ အမျိုးအစားတွင် ဘာသာရပ်တစ်ခု၌ တစ်မျိုးစီသာ တင်သွင်းနိုင်သည်။

(ခ) ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်းက အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေခဲ့သောစာအုပ်ဖြစ်ရမည်။

(ဂ) ပြိုင်ပွဲဝင်စာအုပ်သည် (၁)လူမျိုးနှင့် ယဉ်ကျေးမှု ကွဲပြားမှုအပေါ်တွင် လူသားဆန်စွာ ရှုမြင်သုံးသပ်သည့်အမြင်ဖြင့် ရေးသားပြုစုသော စာအုပ် (သို့မဟုတ်) (၂)မြစ်နိုးချစ်ခင်ပတ်ဝန်းကျင်ဟူသည့် အကြောင်းအရာကို အထောက်အကူပြုရေးသားသော စာအုပ်ဖြစ်ရမည်။

(ဃ) သက်ဆိုင်ရာမဲခေါင်စာပေဆု ရွေးချယ်ချီးမြှင့်ရေးအဖွဲ့၏ အချိန်ကန့်သတ်ချက်အရ ပြိုင်ပွဲဝင်စာအုပ်များကို ၁၀-၅-၂၀၁၇ ရက် နောက်ဆုံးထားကာ ကိုယ်တိုင်ရေး ပြိုင်ပွဲဝင်လျှောက်လွှာနှင့်အတူ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းနှင့် ၄ လက်မ × ၆ လက်မအရွယ် ဓာတ်ပုံနှစ်ပုံပူးတွဲ၍ ပြိုင်ပွဲဝင်စာအုပ်လေးအုပ်ကို ပဏာမ မဲခေါင်စာပေဆု ရွေးချယ်ရေးအဖွဲ့ မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ် (၁၇၃/၁၇၅)(၇ လွှာနှင့် ၈ လွှာ) ပန်းဆိုးတန်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၅၂၇၃၊ ၀၁-၂၅၂၄၁၇ တို့သို့ ပေးပို့ကြရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာရေးဆရာအသင်းမှ သိရသည်။

**(ကြေးမုံ)**

# (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် လက်ရွေးစင်အားကစားသမားများ စခန်းသွင်းလေ့ကျင့်နေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကြည့်ရှု

**နေပြည်တော် မေ ၂**
မလေးရှားနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ အောင်မြင်မှုများရရှိစေရန် ရည်ရွယ်၍ စခန်းသွင်းလေ့ကျင့်လျက်ရှိသော လက်ရွေးစင်အားကစားသမားများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဧပြီ ၂၉ ရက် နံနက် ၈ နာရီက နေပြည်တော် အားကစားလေ့ကျင့်ရေးကွင်း/ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။



ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ပြေးခုန်ပစ်အားကစားသမားများ လေ့ကျင့်နေမှု၊ စက်ဘီးအားကစားသမားများ လေ့ကျင့်နေမှုနှင့် ဝဏ္ဏသိဒ္ဓိ မြားပစ်ကွင်း၌ အားကစားသမားများလေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး နည်းပြများ၊ အားကစားသမားများနှင့်တွေ့ဆုံကာ အားကစားနည်းအလိုက် အောင်မြင်မှုရရှိစေရေး ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းကာ လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ Training Center (1) ၌ လေ့ကျင့်လျက်ရှိသော တိုက်ကွမ်ဒို၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်းလုံး၊ ဘတ်စကက်ဘော၊ ဘိလိယက်၊ မြားပစ်အားကစားနည်းများ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လယ်ဝေးမြို့ရှိ Training Center (2)၌ လေ့ကျင့်လျက်ရှိသော အလေးမ၊ ကျွမ်းဘား၊ ဂျူဒို၊ ဓားခုတ်၊ ဝူရှူး အားကစားနည်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နည်းပြများ၊ အားကစားသမားများနှင့် တွေ့ဆုံကာ အားကစားသမားများ၏ လေ့ကျင့်မှုအပေါ် လိုအပ်ချက်များကို ဖြည့်စွက်ဆောင်ရွက်ပေးနိုင်ရေး၊ အားကစားသမားများ ဘဝအာမခံချက်အတွက် အလုပ်အကိုင်ရရှိရေး၊ အားကစားသမားများ လေ့ကျင့်နေစဉ်အတွင်း နေထိုင်စားသောက်ရေး လစ်ဟာမှု မရှိစေရေး၊ လေ့ကျင့်ရာတွင် မှတ်တမ်းဗီဒီယိုများ ရိုက်ကူး၍ ပြန်လည်ကြည့်ရှုဆန်းစစ်ကာ လိုအပ်သည်များကို ပြင်ဆင်ဆောက်ရွက်ပေးနိုင်ရေး၊ အားကစားနည်းအလိုက် ကမ္ဘာ့အဆင့် နိုင်ငံတကာပြိုင်ပွဲများ၏ ယှဉ်ပြိုင်နေမှု ဗီဒီယိုမှတ်တမ်းများအား နည်းပြများနှင့် အားကစားသမားများက ကြည့်ရှုမှတ်သားကာ လိုအပ်သော နည်းစနစ်များကို ပြန်လည်သုံးသပ်ဆန်းစစ်လေ့ကျင့် ဆောင်ရွက်ပေးနိုင်ရန် လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် အားကစားနည်းအလိုက် အထောက်အကူပြုပစ္စည်းများကိုလည်း နိုင်ငံတကာမှ ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ရေးအတွက် နိုင်ငံတကာရှိ မြန်မာသံရုံးများနှင့် ချိတ်ဆက်ကာ ဝယ်ယူဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(ကြေးမုံ)**

## အပူဒဏ်ကြောင့် ကျန်းမာရေးပြဿနာများဆိုင်ရာ နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းမှုကြောင့် ချွေးထွက်လွန်ကာ ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များဆုံးရှုံးမှု ပိုမိုများပြားတတ်ပါသည်။ ပြည်သူလူထုအနေဖြင့် အပူဒဏ်ကြောင့်ဖြစ်ပွားတတ်သော ကျန်းမာရေးပြဿနာများတွေ့ရှိပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို သိရှိလိုက်နာနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း (Heat exhaustion) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။
- ပျို့ခြင်း (သို့) ဂနာမငြိမ်ဖြစ်ခြင်း
- ခေါင်းမူးနောက်ခြင်း
- ကြွက်သားများ ကြွက်တက်ခြင်းနှင့် အားပျော့ခြင်း
- မူးမိုက်ခြင်း
- ခေါင်းကိုက်ခြင်း
- နုံးချည့်ခြင်း
- ရေဆာခြင်း
- ချွေးအလွန်အကျွံထွက်ခြင်း
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း

ရောဂါပိုမိုပြင်းထန်ဆိုးရွားလာ၍ အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ခံစားရပါက အောက်ဖော်ပြပါရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။
- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
- စိတ်ရှုပ်ထွေးခြင်း
- သတိလစ်ခြင်း
- တက်ခြင်း
- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်း

အဆိုပါလက္ခဏာများခံစားရပါက ဦးစွာဆောင်ရွက်ရန်-
(၁) အရိပ်ရ၍အေးမြသော၊ လေဝင်လေထွက်ကောင်းသော နေရာသို့ ပြောင်းရွှေ့ထားပါ။
(၂) ရေနှင့် ဓာတ်ဆားရည်များကို တိုက်ကျွေးပါ။
(၃) ရေအေးပတ်တိုက်ပါ။ (နဖူး၊ လည်ပင်း၊ ချိုင်းကြားနှင့် ပေါင်ခြံတို့ကို ရေအေးပတ်ရွှဲရွှဲတိုက်ပေးခြင်းဖြင့် ခန္ဓာကိုယ်တွင် အပူချိန်အမြန်ကျစေပါသည်။)

**နီးစပ်ရာဆေးရုံ ဆေးခန်း၊ ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ပေးပါ။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ဘားအံမြို့တွင် ပြည်သူ့အကျိုးပြုအဖြစ် (၂၃)ကြိမ်မြောက် သွေးလှူဒါန်း

**ဘားအံ မေ ၂**
ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲရှိ အရာရှိနှင့် ရဲတပ်ဖွဲ့ဝင်များက အရေးပေါ် လိုအပ်သောလူနာများ အဆင်ပြေစေရန်အတွက် (၂၃)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခြင်းကို ဧပြီ ၂၇ ရက်က ဘားအံမြို့ ပြည်သူ့ဆေးရုံ၌ လှူဒါန်းခဲ့ကြောင်း သိရသည်။

သွေးလှူဒါန်းရာတွင် အမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲရှိ အရာရှိနှင့် ရဲတပ်ဖွဲ့ဝင် ၄၀ အား ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းများက လိုအပ်သော ဆေးစစ်ဆေးမှုများပြုလုပ်ကြပြီး စုပေါင်းသွေးလှူဒါန်းခြင်းကို ဆောင်ရွက်ကြရာ သွေးလှူဒါန်းနေမှုကို အမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ ရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ထွန်းမြင့်ထွန်း၊ ဘားအံမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်၊ ရောဂါဗေဒအထူးကု ဒေါက်တာဘုန်းမိုးဝင်းတို့က ကြည့်ရှုအားပေးကာ သွေးလှူရှင်တပ်ဖွဲ့ဝင်များအား အချိုရည်၊ အားဆေးနှင့် ကြက်ဥများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။



ဆက်လက်၍ (၂၃)ကြိမ်မြောက် သွေးလှူဒါန်းမှု ဂုဏ်ပြုမှတ်တမ်းလွှာကို ဒေါက်တာဘုန်းမိုးဝင်းက ပြန်လည်ပေးအပ်ရာ ဒုတိယရဲမှူးကြီး ထွန်းမြင့်ထွန်းက လက်ခံခဲ့သည်။

အဆိုပါ သွေးလှူဒါန်းရာတွင် အမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲအနေဖြင့် ဘားအံမြို့ ပြည်သူ့ဆေးရုံကြီးတွင် လစဉ်ပုံမှန်စုပေါင်းသွေးလှူဒါန်းခဲ့ရာ ယခင် (၂၂)ကြိမ်မြောက်တွင် ၈၇၉ လုံး၊ ယခု (၂၃)ကြိမ်မြောက်တွင် သွေးပုလင်း ၄၀ ဖြစ်ပြီး စုစုပေါင်းသွေးလှူဒါန်းနိုင်မှု ၉၁၉ ပုလင်းကို ပြည်သူ့အကျိုးပြုလှူဒါန်းနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် လက်တလော လူနာများအတွက် အရေးပေါ်သွေးလိုအပ်ပါက ဆက်သွယ်လှူဒါန်းပေးမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

❑



# မန္တလေးခရိုင်အတွင်း ထရန်စဖော်မာအသစ်များ တိုးချဲ့တပ်ဆင်

**မန္တလေး မတ် ၂**
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ်ရှိ 132/33 KV 80+50+18 MVA တံခွန်တိုင်ခွဲရုံတွင် ဝန်အားပြည့်လာခြင်းကြောင့် ပြည်သူများ ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရန်အတွက် 18 MVA ထရန်စဖော်မာအား 50MVA ထရန်စဖော်မာအသစ်ဖြင့် လဲလှယ်ခြင်း ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၉ ရက်တွင် ထရန်စဖော်မာအသစ်တည်ဆောက်ခြင်း ဓာတ်အားလိုင်းခွဲခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးသဖြင့် ဓာတ်အားပြည့်ဝစွာ ပြန်လည်အသုံးပြုနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

"18 MVA ထရန်စဖော်မာအဟောင်းကို ပိတ်ပြီးလုပ်ဖို့အတွက် ၂၆ ရက်လောက်ကစပြီး 11 kv လိုင်းချိန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပါတယ်။ မြို့နယ်တွေကိုတော့ တတ်နိုင်သလောက် ခွဲရုံနိုင်နင်းမှုအရ ဓာတ်အားအချိန်ပိုင်းပေးခဲ့ရပါတယ်။ ကျွန်တော်တို့ဘက်ကနေပြီး ပြည်သူတွေ မီးပိုသုံးနိုင်ဖို့အတွက် တခြားခွဲရုံတွေကပေးတဲ့လိုင်းတွေကနေ လှည့်ပေးတာ ဗို့အားကျနေတဲ့နေရာတွေကို main ခွဲရုံတွေကနေ ဗို့အားမြင့်အောင် tapping တင်ပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပြည်သူတွေ စဉ်ဆက်မပြတ် မီးရရှိရေးအတွက် ကျွန်တော်တို့ဌာနက ဝန်ထမ်းတွေအားလုံး ကြိုးစားဆောင်ရွက်နေပါတယ်"ဟု ခရိုင်လျှပ်စစ်မန်နေဂျာ ဦးအေးကျော်က ပြောသည်။

**တင်မောင်(မန်းကိုယ်ပွား)**





## ကျောင်းကုန်းမြို့ သန့်ရှင်းသာယာလှပစေရေး ဝိုင်းဝန်းဆွေးနွေး

**ကျောင်းကုန်း မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အေးချမ်းသာယာခန်းမ၌ မြို့သန့်ရှင်းသာယာလှပစေရေး ညှိနှိုင်းအစည်းအဝေးကို မေ ၂ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် တာဝန်ရှိသူများက မြို့ပေါ်တွင် မြို့သန့်ရှင်းသာယာလှပစေရန် အတွက် ကဏ္ဍအလိုက် အသီးသီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(မြန်/ဆက်)**

## (၇၁)ကြိမ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

**မင်းလှ မေ ၂**

မကွေးတိုင်းဒေသကြီး မင်းလှမြို့ မီးသတ်ဦးစီးဌာနနှင့် အရန်မီးသတ်တပ်ဖွဲ့တို့ပူးပေါင်း၍ မြို့နယ်ပြည်သူ့ဆေးရုံ၌ ယနေ့ နံနက် ၇ နာရီခွဲမှ ၉ နာရီအထိ သန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့ကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်လင်းစိုးက ဦးဆောင်ပြီး သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန် ၂၀ တို့ဖြင့် ဆောင်ရွက်ခဲ့ကြပြီး မေ ၅ ရက်တွင် ကျရောက်မည့် (၇၁)ကြိမ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုခြင်းဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်လင်းစိုးက ပြောသည်။

ပြည်သူ့ဆေးရုံဝန်ထမ်းများကလည်း လုပ်အားပေးမီးသတ်တပ်ဖွဲ့ဝင်များအား လက်ဖက်ရည်နှင့် စမူဆာတို့ဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။

**မင်းထီး(MGY)**




# ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်း အပိုင်း(၂)မှ အခန်းများ ဝယ်ယူခွင့်လျှောက်ထားနိုင်ပြီ

**ရန်ကုန် မေ ၂**

ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ ခွင့်ပြုချက်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် Myanmar V-Pile ကုမ္ပဏီလီမိတက်မှ ဆောက်လုပ်လျက်ရှိသော မြေနေရာဧရိယာ ၁၄ ဒသမ ၈၉ ဧကပေါ်၌ ဆောက်လုပ်နေသည့် ဗိုလ်ဗထူးတန်ဖိုးမျှတ အိမ်ရာစီမံကိန်း Phase 2 အပိုင်းစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သောကြောင့် အခန်းဝယ်ယူလိုသူများအတွက် မေ ၂ ရက်တွင် စတင်လျှောက်ထားခွင့်ပြုမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ သိရသည်။

အဆိုပါ တန်ဖိုးငွေကျပ်ဘီလီယံ ၃၀ ခန့်ကုန်ကျ ဆောက်လုပ်မည့် ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာ စီမံကိန်း Phase 2 အပိုင်းမှာ လက်ရှိ ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာ စီမံကိန်း Phase 1 အပိုင်းအနီး၌ ဆောက်လုပ်နေခြင်းဖြစ်ပြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ဗိုလ်မှူးဗထူးလမ်းနှင့် ဘုရင့်နောင်လမ်းထောင့်ဆုံရာ၌ တည်ရှိသည်။

ဗိုလ်ဗထူး တန်ဖိုးမျှတ အိမ်ရာစီမံကိန်း Phase 2 အပိုင်း၌ အိမ်ခန်းအကျယ် စတုရန်းပေ ၉၀၀ အကျယ်အဝန်းရှိအထပ်မြင့် ရှစ်ထပ်တိုက်အဆောက်အအုံ ၁၉ လုံးနှင့် အိမ်ခန်းအကျယ် စတုရန်းပေ ၆၀၀ အကျယ်အဝန်းရှိ အထပ်မြင့်ရှစ်ထပ်တိုက် အဆောက်အအုံ ရှစ်လုံးတို့အား ဆောက်လုပ်သွားမည်ဖြစ်ပြီး စုစုပေါင်း အဆောက်အအုံ ၂၇ လုံး ဆောက်လုပ်သွားမည်ဖြစ်ကာ အိမ်ခန်းပေါင်း ၈၆၄ ခန်းပါဝင်မည်ဖြစ်သည်။

ဆောက်လုပ်မည့် အိမ်ခန်း အကျယ်စတုရန်းပေ ၆၀၀ အကျယ်အဝန်းရှိ အိမ်ခန်းများအတွင်း ဧည့်ခန်း၊ အိပ်ခန်းနှစ်ခန်း၊ ရေချိုးခန်း၊မီးဖိုခန်းများပါဝင်ပြီး အိမ်ခန်း အကျယ်စတုရန်းပေ ၉၀၀ အကျယ်အဝန်းရှိအိမ်ခန်းများအတွင်း ဧည့်ခန်း၊ အိပ်ခန်းသုံးခန်း၊ ရေချိုးခန်း၊ မီးဖိုခန်းများ ပါဝင်ကာ အဆောက်အအုံများအတွင်း လှေခါးအပါအဝင် ဓာတ်လှေခါးများ ထည့်သွင်း ဆောက်လုပ်သွားမည်ဖြစ်သည်။ အိမ်ခန်း၁၆ ခန်းလျှင်ရှစ်ယောက်စီး ဓာတ်လှေခါး တစ်စင်းစီ ထည့်သွင်းဆောက်လုပ်မည်ဖြစ်ပြီး အဆောက်အအုံများ၏ မြေလွတ်နေရာများ၌ ကလေးကစားကွင်းများ၊ မြေယာရှုခင်းများ၊ ကားပါကင်များ ပါဝင်မည်ဖြစ်ကာ Phase 1 အပိုင်းကဲ့သို့ပင် ပုံစံတူ ဆောက်လုပ်သွားမည်ဖြစ်သည်။



လက်ရှိ လူနေထိုင်နေကြပြီဖြစ်သော ဗိုလ်ဗထူးတန်ဖိုးမျှတ အိမ်ရာစီမံကိန်း Phase 1 အပိုင်းအား တွေ့ရစဉ်။

လက်ရှိအနေအထားအရ ဗိုလ်ဗထူးတန်ဖိုးမျှတ အိမ်ရာစီမံကိန်း Phase 2 အပိုင်း၏ ပိုင်ရိုက်ခြင်းနှင့် ဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်သည်။

အခန်းများ၏ ရောင်းဈေးအနေဖြင့် စတုရန်းပေ ၆၀၀ ရှိအခန်းအား ငွေကျပ် ၂၆၇ သိန်းနှင့် ၂၈၅ သိန်းဖြင့်လည်းကောင်း၊ စတုရန်းပေ ၉၀၀ ရှိအခန်းအား ငွေကျပ် ၃၅၉ သိန်းနှင့် ၃၇၇ သိန်းဖြင့်လည်းကောင်း ရောင်းချပေးမည်ဖြစ်ပြီး ရောင်းချမည့်စနစ်မှာ ဗိုလ်ဗထူးတန်ဖိုးမျှတ အိမ်ရာစီမံကိန်း Phase 1 အပိုင်းကဲ့သို့ပင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီတို့၏ အစီအစဉ်ဖြင့် မဲနှိုက်ရောင်းချမည် ဖြစ်ကာ အရစ်ကျငွေပေးချေသည့်စနစ်အပြင် ဘဏ်ချေးငွေ (Hire Purchase) ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းကို ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလက စတင်ခဲ့ခြင်းဖြစ်ပြီး လာမည့် ၂၀၁၈ ခုနှစ် ကုန်ပိုင်း၌ အပြီးသတ်ဆောက်လုပ်ပြီးစီးရန် ခန့်မှန်းထားကြောင်းနှင့် အခန်းဝယ်ယူထားသူများအား အခန်းများ အပ်နှံသွားမည်ဖြစ်ကြောင်း၊ အခန်းဝယ်ယူခွင့်ရရှိသူများသည် အခန်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကို ဝယ်ယူပြီး နှစ်လအတွင်း အပြီးသတ် ငွေပေးသွင်းရမည်ဖြစ်ကာ ပေးသွင်းခြင်းမရှိသည့် အခန်းများ၏ ဝယ်ယူခွင့်ကို ပယ်ဖျက်၍ မဲနှိုက်ထားသည့် အရန်စာရင်းအလိုက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် Myanmar V-Pile ကုမ္ပဏီလီမိတက်မှ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီသို့ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၃၀ ရက်က လွှဲပြောင်းပေးအပ်ခဲ့သော ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်း Phase 1 အပိုင်းမှ တိုက်ခန်းများကိုလည်း စနစ်တကျ အခန်းခွဲဝေမဲနှိုက်ရောင်းချ ပေးနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိစီမံကိန်း ဆောင်ရွက်နေသော ဗိုလ်ဗထူးတန်ဖိုးမျှတ အိမ်ရာစီမံကိန်း Phase 2 အပိုင်းစီမံကိန်းမှ တိုက်ခန်းများအား ဝယ်ယူနေထိုင်ကြသည့်ပြည်သူများ အဆင့်အတန်းမီစွာ နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီမံကိန်းလုပ်ငန်းခွင်မှသိရသည်။ **သတင်းနှင့်ဓာတ်ပုံ (စိုးဝင်း-MLA)**

## လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပျက်စီး

**ဇလွန် မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်း မေ ၁ ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အမိုးလန်၊ ပြိုလဲပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ရပ်ကွက်တစ်ခု၊ ကျေးရွာအုပ်စု လေးအုပ်စုတို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၅၄ လုံး အမိုးလန်ခြင်း၊ အိမ် ၁၀ လုံး ပြိုလဲခြင်း၊ စာသင်ကျောင်း တစ်ကျောင်း၊ ဓမ္မာရုံ တစ်ရုံ၊ နွားတင်းကုပ် တစ်လုံးနှင့် ဈေးဆိုင်ခန်း တစ်ခန်းတို့ ပြိုလဲပြီး နှစ်ခန်းမှာ အမိုးလန်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် ကျေးရွာအုပ်စုများမှာ အနောက်လေးတူး၊ အုပ်ရှစ်ကွင်း၊ စစ်ကွင်း၊ သရက် (မြောက်)၊ ညောင်ကုန်း၊ ကျောင်းစု၊ အညာစု၊ သရက် (တောင်)၊ ကြပ်ကြီး၊ ညောင်ပင်ဈေး၊ စက်ကြီးအရှေ့၊ ဆင်ကုန်း၊ အုတ်ရှစ်ကွင်း၊ အုန်းပင်စုကျေးရွာတို့ဖြစ်ပြီး လေပြင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ လူနှင့် တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်းသိရပြီး လူနေအိမ်ပျက်စီးဆုံးရှုံးမှုနှင့် အခြားအဆောက်အအုံပျက်စီးဆုံးရှုံးမှု စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၃ ဒသမ ၃၇ သန်းဖြစ်ပြီး ပြိုလဲအိမ်မိသားစုများ ယာယီနေထိုင်နိုင်ရေးအတွက် နီးစပ်ရာ ဆွေမျိုးနေအိမ်များတွင် နေရာချထားနေထိုင်စေခဲ့သည်။

အဆိုပါနေရာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲမှူးသန်းဌေး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရန်လင်းထွဋ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ပြီး ပြိုလဲအိမ်မိသားစုများအား ယာယီနေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။



**ငွေသန်း(မြန်/ဆက်)**

## ပုဗ္ဗသီရိမြို့နယ်၌ ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**နေပြည်တော် မေ ၂**

မေ ၈ ရက်တွင် ကျရောက်မည့် (၆၉)နှစ်မြောက် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်အဖြစ် ပုဗ္ဗသီရိမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ ယမန်နေ့ နံနက် ၈ နာရီက ပုဗ္ဗသီရိမြို့နယ်ရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားဆေးရုံဝင်းအတွင်း၊ အပြင်ရှိ အမှိုက်သရိုက်များ၊ ချုံနွယ်များ၊ ရေမြောင်းများအား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်း ဦးဆောင်၍ ဆေးရုံဝန်ထမ်းများ၊ ကျည်တောင်ကန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တပင်ရွှေထီးရပ်ကွက်၊ နဝဒေးရပ်ကွက်နှင့် ဆင်ဖြူရှင်ရပ်ကွက်မှ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၁၅၀ တို့က ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(ရွှေရဲရင့်)**

# သီပေါမြို့နယ် နားမခေါ်ကျေးရွာတွင် လေပြင်းတိုက်ခတ် အလကကျောင်းနှစ်ဆောင်နှင့် လူနေအိမ် ၂၂ လုံး အမိုးများပျက်စီး



**သီပေါ မေ ၂**
ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် နားမခေါ် ကျေးရွာတွင် ဧပြီ ၃၀ ရက် ညနေ ၆ နာရီကျော်က လေပြင်းတိုက်ခတ်သဖြင့် နားမခေါ်အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ) စာသင်ဆောင် နှစ်ဆောင်မှာ အမိုးများ အကုန်လန်သွားပြီး အိမ် ၂၂ လုံးမှာ အမိုးများ လန်ကျကာ လျှပ်စစ်ဓာတ်တိုင် နှစ်တိုင်တို့မှာလည်း ကျိုးကျ ပျက်စီးသွားရာ နယ်မြေခံတပ်ရင်းမှ တပ်မတော်သား များက သန့်ရှင်းရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေး ကြသည်။

အဆိုပါ အဆောက်အအုံများ လေတိုက်ခတ် ပျက်စီးရာဒေသသို့ သီပေါမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဌာနများပါဝင်သော တာဝန်ရှိသူများသည် မေ ၁ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးကာ ကျေးရွာသားများကို အားပေးစကားပြောကြားပြီး ကျောင်းအဆောက်အအုံနှင့် ကျိုးကျပျက်စီးသွားသော လျှပ်စစ်ဓာတ်တိုင်များအား အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြုပြင်လျက်ရှိသည့်အပြင် ပျက်စီးသွားသော လူနေအိမ်များကိုလည်း ဒေသအစီအမံဖြင့် အချိန်မီပြုပြင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ **စိုင်း(သီပေါ)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂**
တရားမဝင်ကုန်စည်များ တားဆီး ထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်း အဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၈၅၀၊ သွင်းကုန် ၅၃၂ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၆၁ စီး ကုန်စည်များ သယ်ယူပို့ဆောင် လျက်ရှိသည်။



**တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးအရွယ်အစားမျိုးစုံကို တွေ့ရစဉ်။**

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်း များကို စစ်ဆေးမှုပြုလုပ်ဆောင် ရွက်လျက်ရှိရာ မေ ၁ ရက်တွင် ရေပူ အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ၁၂ မှု ခန့်မှန်းတန်ဖိုးငွေကျပ် (၇၅ ဒသမ ၄ သန်းခန့်)နှင့် မရမ်း ချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် (၁၆ ဒသမ ၄၂၂ သန်းခန့်) စုစုပေါင်း ၁၆ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် (၉၁ ဒသမ ၈၂၂ သန်းခန့်) သိမ်းဆည်းရမိကြောင်း သိရသည်။

အလားတူ ထူးခြားဖမ်းဆီးမှု အနေဖြင့် ဧပြီ ၃၀ ရက်တွင် မန္တလေးမှ မူဆယ်သို့သွားရောက်မည့် Mitsubishi Canter ယာဉ်အား ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျ အကောက်ခွန်စစ်ဆေးရေး အဖွဲ့မှစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် အလှကုန်ပစ္စည်းများနှင့် ပိုးသတ် ဆေးဘူးများအောက် ကားကိုယ်ထည် အံ့ဝှက်အတွင်း၌ သိုဝှက်သယ်ဆောင် လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်း ဟုယူဆရသော ကျောက်တုံးအရွယ် အစားမျိုးစုံ ၂၁၂ တုံး (1795 Kg)၊ အလှကုန်ပစ္စည်းများ၊ ပိုးသတ်ဆေး များနှင့် သယ်ဆောင်သည့်ယာဉ် တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၄၇ ဒသမ ၁၉၀ သန်းခန့်ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များနှင့် ဓမ္မာရုံတစ်လုံး ပြိုကျပျက်စီး

**လေးမျက်နှာ မေ ၂**
ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ပန်းတောကြီးကျေးရွာ အုပ်စုရှိ လယ်တံငယ်ရွာ၊ ကျောက်စရစ် ကုန်းရွာ၊ သရက်ကုန်းရွာနှင့် ပိတောက်ပင်စုကျေးရွာတို့တွင် မေ ၁ ရက် ညနေ ၆ နာရီခန့်က လေပြင်း တိုက်ခတ်ခဲ့ခြင်းကြောင့် ဝါးအိမ် ၁၁ လုံး၊ သစ်သားအိမ် သုံးလုံးနှင့် ကျေးရွာဓမ္မာရုံ တစ်လုံး ပြိုကျပျက်စီးခဲ့ ကြောင်းသိရသည်။



လေဘေးသင့်ကျေးရွာများသို့ မေ ၂ ရက် နံနက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုး ခေါင်းဆောင်သော တပ်ဖွဲ့ဝင်များက အဆိုပါကျေးရွာ များတွင် ကူညီရှင်းလင်းရေးလုပ်ငန်း များ ဆောင်ရွက်ပေးလျက်ရှိပြီး လေဘေးသင့်အိမ်ထောင်စု ၁၄ စုမှ အမျိုးသား ၂၇ ဦး၊ အမျိုးသမီး ၂၆ ဦးတို့အား နီးစပ်ရာ နေအိမ်များတွင် ယာယီနေရာ ချထားပေးလျက်ရှိ ကြောင်းသိရသည်။

လေပြင်း တိုက်ခတ်မှုကြောင့် စုစုပေါင်း ပျက်စီးဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၁၇ သိန်းခန့်ရှိပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိ ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❒

# မောင်တောတွင် စိတ်ကြွရူးသွပ်ဆေးပြား ကာလတန်ဖိုးငွေကျပ်သိန်း ၈၈၀၀ ခန့် သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် သုံးမိုင်စစ်ဆေးရေးဂိတ်တွင် ယမန်နေ့ နံနက်ပိုင်းက စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀၀၀၀ ကာလတန်ဖိုး ငွေကျပ်သိန်း ၈၈၀၀ ခန့် သိမ်းဆည်းရမိကြောင်း သိရသည်။

မောင်တောမြို့နယ်ရှိ သုံးမိုင်စစ်ဆေးရေးဂိတ်တွင် ပုံမှန်ရှာဖွေ စစ်ဆေးမှုများ ပြုလုပ်နေစဉ် မေ ၁ ရက် နံနက် ၁၀ နာရီခွဲခန့်က ဘူးသီးတောင်မှ မောင်တောမြို့သို့ ယာဉ်မောင်းသန်းထွန်းနိုင်(၃၆)နှစ် မောင်းနှင်လာသည့် ပါဂျဲရိုးခဲရောင် ယာဉ်အမှတ် 4C/----ကို စစ်ဆေးရာ ယာဉ်ပေါ်၌ WY/R စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀၀၀၀ ကာလတန်ဖိုး ငွေကျပ်သိန်း ၈၈၀၀ ခန့်အား သိမ်းဆည်းရမိခဲ့ကြောင်း၊ ယာဉ်မောင်း သန်းထွန်းနိုင်နှင့်အတူ ဇော်ဦး(၃၂)နှစ်နှင့် အရာရှိ စစ်သည် နှစ်ဦးတို့အား ယာဉ်ပေါ်တွင် တွေ့ရှိရသဖြင့် ၎င်းတို့နှစ်ဦးအား နယ်မြေခံ တပ်များသို့ လွှဲပြောင်း၍ အရေးယူမှုများ ဆောင်ရွက်နိုင်ရန် စုံစမ်းစစ်ဆေး မှုများ ဆောင်ရွက်နေကြောင်း။

ယာဉ်မောင်း သန်းထွန်းနိုင်နှင့် ဇော်ဦးတို့အား ပြင်ဖြူနယ်မြေရဲစခန်း၌ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သိရသည်။ **(သတင်းစဉ်)**

# မောင်တောမြို့နယ် မာဇီးကျေးရွာတွင် နေအိမ်တစ်လုံးနှင့် နွားတင်းကုပ် နှစ်လုံး မီးရှို့ခံရ

**နေပြည်တော် မေ ၂**
မောင်တောမြို့နယ် ရဲအောင်စံရဖွေ ကျေးရွာအုပ်စု မာဇီးကျေးရွာနေ မူဇေမေလ်ဟောက်၏ နေအိမ်နှင့် နွားတင်းကုပ် နှစ်လုံး ယမန်နေ့ နံနက်ပိုင်း က မီးရှို့ခံရပြီး ကာလတန်ဖိုးငွေကျပ် ငါးသိန်းဖိုးခန့် မီးလောင်ပျက်စီးခဲ့ ကြောင်း သိရသည်။

အဆိုပါ မီးရှို့ခံရမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများက အိမ်ရှင်အား မေးမြန်းရာ ယနေ့ နံနက် ၂ နာရီခွဲတွင် နေအိမ်ခေါင်မိုး မီးလောင်မှုကြောင့် အပြင်ထွက်ကြည့်စဉ် တစ်ရွာတည်းနေ ရှုနာယာအား တွေ့မြင်လိုက်ကြောင်း ထွက်ဆိုခဲ့ပြီး မီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ အိမ်ရှင် မူဇေမေလ်ဟောက်က တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ အောင်သပြေနယ်မြေရဲစခန်းက အမှုဖွင့်၍ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# မောင်ကြီးတောင်ကျေးရွာ၌ လူသတ်မှုဖြစ်ပွား

**နေပြည်တော် မေ ၂**
ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် မောင်ကြီးတောင်ကျေးရွာအုပ်စု မောင်ကြီးတောင်(၂)ရပ်ကွက်တွင် နေထိုင်သူတစ်ဦးမှာ ယနေ့နံနက်ပိုင်းတွင် မျက်နှာဖုံးစွပ် လူငါးဦးက ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရပြီး ၎င်းအား ဓားဒဏ်ရာများဖြင့် သေဆုံးလျက် ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

မောင်ကြီးတောင် (၂) ရပ်ကွက်နေ မာမတ်ဖွေယောဆိုသူအား ယနေ့ နံနက် ၁ နာရီခန့်တွင် အမည်မသိမျက်နှာဖုံးစွပ် လူငါးဦးက နေအိမ်သို့ ဝင်ရောက်လာပြီး ဖမ်းဆီးခေါ်ဆောင်သွားခဲ့ရာ ၎င်း၏ဇနီးဖြစ်သူ ဆော်ဘီနာခါတူက ရဲတပ်ဖွဲ့ထံ သတင်းပို့သဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ မိသားစုဝင်များနှင့်အတူ လိုက်လံရှာဖွေခဲ့ရာ ဒါးပိုင်ဆရာအုပ်စုတွင် မာမတ်ဖွေယောအား ရင်ဘတ်၊ ညာဘက်ညှပ်ရိုးအောက်၊ လည်ပင်းတို့တွင် ထိုးသွင်းဒဏ်ရာများ၊ ဘယ်ဘက်လက်ကောက်ဝတ် ပွန်းရှဒဏ်ရာများနှင့်အတူ သေဆုံးနေသည်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ သေဆုံးမှုနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်နိုင်ရေး အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန်ယူအသင်းရဲ့အပြောင်းအရွှေ့ဘာတွေဆက်ဖြစ်မလဲ







မန်ယူအသင်းဟာ အခုလာမယ့်အပြောင်းအရွှေ့ကာလမှာ ကစားသမားတွေ ခေါ်ယူအားဖြည့်ဖို့ စီစဉ်နေပါတယ်။ အဲဒီကစားသမားတွေထဲမှာ ရီးယဲလ်မက်ဒရစ်အသင်းမှာ ခြေစွမ်းပြကစားနေတဲ့ စပိန်တိုက်စစ်မှူးမိုရက်တာလည်း အပါဝင်ဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းကလည်း မိုရက်တာရဲ့ အပြောင်းအရွှေ့ကိစ္စနဲ့ ပတ်သက်ပြီး အသင်းပြောင်းရွှေ့ခွင့်ပေးမယ်ဆိုတဲ့ သတင်းတွေလည်း ထွက်နေပါတယ်။ လက်ရှိမှာတော့ စပိန်တိုက်စစ်မှူးမိုရက်တာကို အင်္ဂလန်ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ မန်ယူအသင်း၊ ချယ်လ်ဆီးအသင်း၊ စပါးအသင်းတွေကခေါ်ယူဖို့ စိတ်ဝင်စားနေတာဖြစ်ပါတယ်။ ဒါ့အပြင် အီတလီကလပ်အသင်းတွေဖြစ်တဲ့ ဂျူဗင်တပ်အသင်း၊ အေစီမီလန်အသင်းတို့က မျက်စိကျနေတဲ့အပြင် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းကလည်း ခေါ်ယူဖို့ပစ်မှတ်ထားနေပါတယ်။

မန်ယူအသင်းအနေနဲ့ မိုရက်တာကို စိတ်ဝင်စားနေတယ်ဆိုပေမယ့် မိုရက်တာအနေနဲ့ကတော့ ပရီမီယာလိဂ်အမှတ်ပေးဇယားမှာ ထိပ်ဆုံးကနေ ဦးဆောင်နေတဲ့ ချယ်လ်ဆီးအသင်းကို ပြောင်းရွှေ့ကစားဖို့ ဆန္ဒရှိနေပါတယ်။

ချယ်လ်ဆီးအသင်းနည်းပြ ကွန်တီကတော့ တိုက်စစ်မှူးမိုရက်တာကို ရရှိမယ်ဆိုရင် ရီးယဲလ်မက်ဒရစ်အသင်းမှာ ရရှိနေတဲ့လုပ်ခလစာထက် ယူရိုခြောက်သန်းတိုးမြှင့်ပြီး ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်းအထိပေးမယ်ဆိုပြီး ကမ်းလှမ်းထားပါတယ်။

မန်ယူအသင်းကလည်း အီဗရာဟီမိုဗစ်၊ အဲရစ်ဘိုင်လီ၊ အမ်ခီတာယန်၊ ပေါ့ဘာတို့ ရှိနေသော်လည်း တိုက်စစ်ပိုင်းမှာ မိုရက်တာကို အားဖြည့်လိုက်ခြင်းဟာ အကောင်းဆုံး အသင်းတစ်သင်းဖြစ်လာလိမ့်မယ်လို့ နည်းပြမော်ရင်ဟိုက မျှော်လင့်ထားပါတယ်။

ဒါ့ပြင် မန်ယူအသင်းဟာ အက်သလက်တီကိုမက်ဒရစ်အသင်းတိုက်စစ်မှူး ဂရစ်ဇ်မန်းကိုလည်း ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိပြီး အက်သလက်တီကိုမက်ဒရစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းကတော့ မန်ယူအသင်း လာမယ့်ရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့မယ်ဆိုရင်တော့ မန်ယူအသင်းကို ပြောင်းရွှေ့လာဖို့ရှိနေခဲ့ပါတယ်။ မန်ယူအသင်းကတော့ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့အတွက် အက်သလက်တီကိုမက်ဒရစ်အသင်း တိုက်စစ်မှူး ဂရစ်ဇ်မန်းကို ပြောင်းရွှေ့ကြေးပေါင် သန်း ၁၀၀ အထိပေးဖို့စီစဉ်နေပါတယ်။

နည်းပြမော်ရင်ဟိုရဲ့ မန်ယူအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် ငါးပွဲကစားဖို့ကျန်ရှိနေချိန်မှာ အဆင့်(၄) ဝင်ဖို့အတွက် ရုန်းကန်နေရဆဲ အခြေအနေသာရှိပါသေးတယ်။ ဒါပေမယ့် မန်ယူအသင်းအတွက် ချန်ပီယံလိဂ်ဝင်ခွင့်က လမ်းကြောင်းတစ်ခုတည်းမဟုတ်ဘဲ ယူရိုပါလိဂ်မှာလည်း ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နေပါတယ်။ အဲဒါကြောင့် ယူရိုပါလိဂ်ဖလားရရှိခဲ့မယ်ဆိုရင်တော့ ချန်ပီယံလိဂ် ဝင်ခွင့်ရဖို့ရှိနေပါတယ်။

ဒါ့ကြောင့် မန်ယူအသင်းက ပစ်မှတ်ထားနေတဲ့ ဂရစ်ဇ်မန်းအနေနဲ့ မန်ယူအသင်း ချန်ပီယံလိဂ်ဝင်ခွင့်ရမယ်ဆိုရင် အိုးထရက်ဖို့ဒ်ကို ပြောင်းမယ်ဆိုတဲ့သတင်းထွက်ပေါ်နေမှုအပေါ် ဘာတွေဆက်ဖြစ်မလဲဆိုတာ စိတ်ဝင်စားဖို့ကောင်းပါတယ်။

မန်ယူအသင်းဟာ နည်းပြဖာဂူဆန်အနားယူသွားပြီးနောက်ပိုင်း ဘောလုံးရာသီသုံးရာသီမှာ နှစ်ရာသီက ချန်ပီယံလိဂ်ဝင်ခွင့်မရရှိခဲ့ပါဘူး။ ဒါပေမယ့် နည်းပြမော်ရင်ဟိုရောက်လာခဲ့တဲ့အချိန်မှာ ပေါ့ဘာကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၈၉ သန်းနဲ့ ခေါ်ယူခဲ့သလို ကစားသမားခေါ်ယူမှုအတွက် ပြီးခဲ့တဲ့ရာသီက ပေါင် ၁၈၇ သန်း သုံးစွဲခဲ့ပါတယ်။

လာမယ့်ရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့နဲ့ ပရီမီယာလိဂ်ဖလားရရှိနိုင်ဖို့အတွက် ကစားသမားခေါ်ယူမှုတွေ လုပ်ဖို့စီစဉ်နေချိန်မှာ ပီအက်စ်ဂျီအသင်းမှ ဂျာမန်နောက်တန်းကစားသမားဖြစ်တဲ့ မာကွင်ဟိုနဲ့ ဆာ့ဂ်ျအော်ရီယာတို့ကိုလည်း မန်ယူအသင်းက ပစ်မှတ်ထားနေပါတယ်။

မာကွင်ဟိုဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ဘာစီလိုနာအသင်းက တစ်ပတ်လုပ်ခလစာ ပေါင် ၆၀၀၀၀ နဲ့ ကမ်းလှမ်းခဲ့တာတောင် ပီအက်စ်ဂျီအသင်းက ငြင်းပယ်ခဲ့ပါတယ်။ မာကွင်ဟိုရဲ့ တန်ဖိုးကတော့ ပေါင်သန်း ၆၀ ပါ။ လက်ရှိမှာတော့ မာကွင်ဟိုရဲ့ မိသားစုက အနာဂတ်အရေးနဲ့ပတ်သက်လို့ ပီအက်စ်ဂျီအသင်းနဲ့ ဆွေးနွေးမှုတွေပြုလုပ်ဖို့ တွန်းအားပေးနေပါတယ်။

မန်ယူအသင်းဟာ ဆီနီဂေါကြယ်ပွင့် ဆာ့ဂ်ျအော်ရီယာကိုတော့ ခေါ်ယူနိုင်ဖို့ အလားအလာရှိနေပြီး ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀ ရမယ်ဆိုရင် အိုးထရက်ဖို့ဒ်ကို ပြောင်းလာဖို့ရှိနေပါတယ်။

နည်းပြမော်ရင်ဟိုဟာ ပီအက်စ်ဂျီနောက်တန်းကစားသမားတွေကို မျက်စိကျနေတဲ့အပြင် ပီအက်စ်ဂျီကွင်းလယ်ကစားသမား မက်တူဒီကိုလည်း ပြောင်းရွှေ့ကြေးပေါင်သန်း ၈၀ အထိပေးပြီး ခေါ်ယူမယ်လို့ဆိုထားပါတယ်။

နည်းပြမော်ရင်ဟိုအနေနဲ့ ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး မိုရက်တာ၊ အက်သလက်တီကိုမက်ဒရစ်တိုက်စစ်မှူး ဂရစ်ဇ်မန်း၊ ပီအက်စ်ဂျီကစား သမားတွေဖြစ်တဲ့ မာကွင်ဟို၊ အော်ရီယာ၊ မက်တူဒီတို့ကို စိတ်ဝင်စားနေတာဖြစ်ပေမယ့် အမှန်တကယ် အပြောင်းအရွှေ့ကာလမှာတော့ ဘယ်ကစားသမားတွေကို အိုးထရက်ဖို့ဒ် အရောက်ခေါ်ယူနိုင်မလဲဆိုတာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရဦးမှာပါ။

**(ငွေကြယ်)**

လာလီဂါရင်ခုန်သံ - ၃၆

# ဗီလာရီးယဲလ်ကို ဘာစီလိုနာအနိုင်ရယူနိုင်မှာလား

**ရှိုင်း မင်း မင်း**

**စပိန်လီဂါပွဲစဉ် ၃၆ ကိုလာမယ့် မေလ ၆၊ ၇၊ ၈၊ ၉ ရက်တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ ဘာစီလိုနာက ဗီလာရီးယဲလ်နဲ့ရင်ဆိုင်ရမှာဖြစ်ပြီး ရီးယဲလ်ကတော့ ဂရန်နာဒါနဲ့သာ ရင်ဆိုင်ရမှာဖြစ်လို့ အမှတ်ပေးဇယားရပ်တည်မှု အပြောင်းအလဲပြန်ဖြစ်သွားမလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။**

### ဆီဗီလာ - ဆိုစီဒက်စ် နံနက် ၁း၃၀ (၆-၅-၁၇)

ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရရှိဖို့မျှော်လင့်ချက်ရှိနေသေးတဲ့ ဆီဗီလာက နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ အိမ်ကွင်းလည်းဖြစ်နေပါတယ်။ လက်ရှိအချိန်မှာ ဆီဗီလာခြေအနည်းငယ်ကျဆင်းနေပေမယ့် အိမ်ကွင်းပွဲတွေမှာတော့ ကစားအားကောင်းမွန်တတ်ပါတယ်။ ဒါပေမယ့် ဆိုစီဒက်စ်ကလည်းခြေစွမ်းပိုင်းတောက်လျှောက်ကောင်းမွန်နေတာကြောင့် ဆီဗီလာတို့အခက်တွေ့နိုင်ကာ နိုင်ပွဲရမယ်ဆိုရင်တောင် ဂိုးပြတ်ဖို့ခက်ပါတယ်။

### ဂီဂျွန် - လက်စ်ပဲလ်မက်စ် ညနေ ၅း၃၀ (၆-၅-၁၇)

ဂီဂျွန်က အိမ်ကွင်းဖြစ်နေတာကြောင့် အများခံမှာမဟုတ်ပါဘူး။ အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း ဂီဂျွန်ရဲ့ခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိတတ်ပါတယ်။ လက်စ်ပဲလ်မက်စ်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကျဆင်းနေသလို တန်းတင်ကျန်ရစ်ဖို့အတွက်လည်း သေချာနေပြီဖြစ်တာကြောင့် အားစိုက်မှုလျှော့ကျလာနိုင်ပါတယ်။ ဂီဂျွန်အနိုမ့်ဆုံးသရေလောက်ရမယ်။

### အက်သလက် - အီဘား ည ၇း၄၅ (၆-၅-၁၇)

ချန်ပီယံလိဂ်ပွဲတွေကြောင့် အက်သလက်တီကိုအနေနဲ့ ပွဲဆက်တွေများနေကာ ပွဲပန်းလာနိုင်ပါတယ်။ ဒါပေမယ့်လည်း ချန်ပီယံလိဂ် တိုက်ရိုက်ဝင်ခွင့်ရယူနိုင်ဖို့အတွက်တော့ အမှားမခံတဲ့အခြေအနေဖြစ်နေသလို ဆီဗီးလ်က ဆိုစီဒက်စ်နဲ့ဆုံနေချိန်မှာ နိုင်ပွဲရဖို့အားစိုက်လာမှာ သေချာနေပါတယ်။ အက်သလက်တီကိုကွင်းဖြစ်နေကာ အီဘားခြေကလည်းအကျဘက် ရောက်နေတာကြောင့် အက်သလက်တီကိုပဲ အနိုင်ရသွားဖို့ရှိပါတယ်။

### ဘာစီလိုနာ - ဗီလာရီးယဲလ် ည ၁၀း၀၀ (၆-၅-၁၇)

ချန်ပီယံမျှော်လင့်ချက်ရှိနေတဲ့ ဘာစီလိုနာက အခုနောက်ပိုင်းပွဲတွေမှာ အမှားမခံစတမ်းကစားနေသလို ခြေစွမ်းပိုင်းလည်း ကောင်းမွန်မှုရှိနေပါတယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် အားစိုက်ကစားလာမှာဖြစ်ပြီး ဗီလာရီးယဲလ်ကတော့ အဝေးကွင်းခြေစွမ်းအနည်းငယ်ကျဆင်းတတ်ပါတယ်။ ဒါပေမယ့်လည်း လက်ရှိအချိန်မှာ ဗီလာရီးယဲလ်ခြေက ကောင်းမွန်နေသလို ဥရောပဝင်ခွင့်အတွက်လည်း အားစိုက်နေရလို့ ခြေကုန်ထုတ်လာမှာပါ။ ဘာစီလိုနာကပ်ပြီးသာနိုင်မယ်။

### ဂရန်နာဒါ - ရီးယဲလ် နံနက် ၁း၁၅ (၇-၅-၁၇)

ရီးယဲလ်က ချန်ပီယံလိဂ်ပွဲတွေကြောင့် ပွဲဆက်တွေများနေကာ ပွဲပန်းမှုတွေရှိနေနိုင်ပါတယ်။ ဒါပေမယ့်လည်း ရီးယဲလ်အနေနဲ့ ဘာစီလိုနာက ဗီလာရီးယဲလ်နဲ့ဆုံတွေ့နေချိန်မှာ နိုင်ပွဲရယူနိုင်ဖို့အတွက်တော့ အားစိုက်လာဖို့ရှိနေပါတယ်။ အထူးသဖြင့် ဂရန်နာဒါကအိမ်ကွင်းဖြစ်ပေမယ့် တန်းဆင်းရဖို့သေချာနေပြီဖြစ်တာကြောင့် အားစိုက်ကစားမှု လျှော့ကျလာနိုင်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ရီးယဲလ်ကသာ နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

### ဒီပိုတီဗို - အက်စပန်ညော ည ၁၁း၀၀ (၇-၅-၁၇)

အက်စပန်ညောက ဥရောပဝင်ခွင့်မျှော်လင့်ချက်မရှိတော့သလို တန်းဆင်းရဖို့ ရုန်းကန်ရမယ့်အခြေအနေမှာလည်းမရှိတော့ပါဘူး။ ဒါကြောင့်လည်း လက်ရှိအချိန်မှာ အက်စပန်ညောရဲ့ရုန်းအားက ကျဆင်းလာတာကို တွေ့ရပါတယ်။ ဒီပိုတီဗိုကတော့ အိမ်ကွင်းဖြစ်နေတာကြောင့် အများခံမှာမဟုတ်ပါဘူး။ ဒါကြောင့်လည်း ဒီပိုတီဗိုတို့ အနိမ့်ဆုံး သရေလောက်ကစားနိုင်မယ်။

### အလာဗက်စ် - ဘီဘာအို ညနေ ၄း၃၀ (၇-၅-၁၇)

ဘီဘာအိုက လက်ရှိအချိန်မှာ ဥရောပဝင်ခွင့်ရယူနိုင်လောက်တဲ့ အခြေအနေမှာရှိနေတာကြောင့် အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဘီဘာအိုအနေနဲ့ အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်း အနည်းငယ်ကျဆင်းတတ်ပေမယ့်လည်း လက်ရှိအချိန်မှာ အသင်းလိုက်ကစားအားကလည်း ကောင်းမွန်နေပါတယ်။ အထူးသဖြင့် အလာဗက်စ်ကလက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကျဆင်းနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ဘီဘာအိုတို့နိုင်ပွဲရသွားနိုင်ပါတယ်။

### မာလာဂါ - ဆဲလ်တာဗီဂို နံနက် ၁း၁၅ (၈-၅-၁၇)

ဆဲလ်တာဗီဂိုက ယူရိုပါလိဂ်ပွဲတွေကြောင့် ပွဲပန်းမှုတွေရှိနိုင်သလို ခြေကုန်ထုတ်ဖို့လည်း ခက်ခဲနိုင်ပါတယ်။ လက်ရှိအချိန်မှာဆဲလ်တာ ဗီဂိုအနေနဲ့ လာလီဂါပြိုင်ပွဲအတွင်း အမှတ်လိုအပ်မှုမရှိတော့တာကြောင့် ဒီပွဲထက် ယူရိုပါလိဂ်ပွဲကိုသာ ပိုမိုအားစိုက်နေနိုင်ပါတယ်။ မာလာဂါကတော့ အိမ်ကွင်းဖြစ်နေတာကြောင့် အားစိုက်ကစားလာမှာဖြစ်ပြီး မာလာဂါပဲအနိုင်ရမယ်။

### ဗလင်စီယာ - အိုဆာစူနာ ည ၇း၄၅ (၇-၅-၁၇)

ဗလင်စီယာက တန်းတင်ကျန်ရစ်ဖို့သေချာနေပြီဖြစ်ပါတယ်။ ဒါပေမယ့်လည်း ရီးယဲလ်နဲ့ကစားခဲ့တဲ့ပွဲမှာ ဗလင်စီယာရဲ့အားထုတ်မှု လျှော့ကျခြင်းမရှိခဲ့သလို အိမ်ကွင်းဖြစ်နေတာကြောင့်လည်း အများခံမှာတော့မဟုတ်ပါဘူး။ အိုဆာစူနာကတော့ တန်းဆင်းသွားရဖို့ သေချာနေပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း အားစိုက်ကစားမှုလျှော့ကျသွားတာကိုတွေ့ရပါတယ်။ အမှတ်လိုအပ်ချက်မရှိတဲ့ နှစ်သင်းဆုံတွေ့မှုမှာ အိမ်ကွင်းရလဒ်ကောင်းမွန်ရေး အားစိုက်လာမယ့် ဗလန်စီယာပဲ နိုင်ပွဲရမယ်။

### လီဂါနက်စ် - ဘတ်တစ် နံနက် ၁း၁၅ (၉-၅-၁၇)

နှစ်သင်းစလုံးရဲ့လက်ရှိခြေစွမ်းပိုင်းက သာမန်သာရှိပါတယ်။ ဒါပေမယ့်လည်း လီဂါနက်စ်က အိမ်ကွင်းဖြစ်တာကြောင့် အများခံမှာတော့မဟုတ်ပါဘူး။ အထူးသဖြင့် လီဂါနက်စ်က အိမ်ကွင်းပွဲတွေမှာ ကစားအားကောင်းမွန်တတ်ပါတယ်။ ဒါကြောင့်လည်း ဘတ်တစ်တို့ အခက်တွေ့နိုင်ပါတယ်။ အထူးသဖြင့် ဘတ်တစ်ကအဝေးကွင်းပွဲတွေမှာဆိုရင် ကစားအားကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ အိမ်ကွင်းအားသာချက်ရှိနေတဲ့ လီဂါနက်စ်ကသာ အနိမ့်ဆုံး သရေလောက်ကစားနိုင်မှာပါ။

# အောင်ပွဲအဆက်ဆက်ပြည်တော်ဝင်

ဆူးငှက်



၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် အင်္ဂလိပ်တို့အားအကိုးဆုံး စင်ကာပူ ခံတပ်ကြီး ကျသွားသည်နှင့် ရန်ကုန်မှ အင်္ဂလိပ်တို့လည်း အထက်သို့ ရုတ်ချည်း ဆုတ်ခွာကြ၏။ မတ်လ(၈)ရက်နေ့တွင် ရန်ကုန်သည် သိသာထင်ရှားစွာ တုန်လှုပ်ချောက်ချားလေပြီ။ ရန်ကုန်မြို့တွင်လည်း ဂျပန်က ပဲခူးမြို့မြောက်ဘက် ၁၀ မိုင်အကွာ၌ တည်ရှိသော ဘုရားကြီးရွာနှင့် ၁၈မိုင်အကွာ၌ တည်ရှိသော ပျဉ်ပုံကြီးရွာများ၌ ရောက်ရှိသိမ်းပိုက်ပြီးလေပြီ။ ဤသို့ဖြင့် ရန်ကုန်-မန္တလေး မီးရထားလမ်းကို ဂျပန်က ဖြတ်တောက်နိုင်လိုက်၏။ မန္တလေးမှာ ထိုသတင်းက ရုတ်ချည်းရောက်လာကာ တစ်မြို့လုံး တုန်လှုပ်ချောက်ချားကြလေပြီ။

သို့သော် မန္တလေး သူရိယသတင်းစာက ၁၃၀၃ ခု၊ တပေါင်းလဆုတ် ၁၀ ရက် အင်္ဂါနေ့ (၁၀-၃-၁၉၄၂) နေ့ထုတ်တွင် 'ယခုအခါ မဟုတ်မမှန်သော ကောလာဟလသတင်းများ အနှံ့အပြား ထွက်ပေါ်နေသော်လည်း မန္တလေးမြို့၏ အခြေအနေမှာ ကောင်းမွန်ငြိမ်းချမ်းလျက်ရှိနေကြောင်း၊ ရှေ့အဖို့ တစ်စုံတစ်ရာဖြစ်မည့် နိမိတ်လက္ခဏာလည်း ယခုအချိန်အခါအထိ အရိပ်အမြွက်မျှ စဉ်းစားတွေးတော၍ မရနိုင်အောင်ရှိနေကြောင်း' ရေးသားဖော်ပြပါရှိခဲ့သည်။

**ဂျပန်ဝင်ပြီ**

သို့သော် ၁၃၀၃ ခုနှစ် တပေါင်းလဆန်း ၅ ရက် (၁၈-၂-၁၉၄၂) ဗုဒ္ဓဟူးနေ့ကတည်းက ဂျပန်လေယာဉ်ပျံတစ်စင်းသည် သတင်းအရ မန္တလေးသို့ ဝင်လာပြီး နန်းတော်အတွင်းက အထက်ဗမာ(မြန်မာ)ပြည် အသင်းတိုက်ကို ဗုံးကြဲဖျက်ဆီးသွားပြီးဖြစ်သည်။ အိန္ဒိယမှ ပြန်လာသော ချန်ကေရှိတ် မန္တလေးသို့ ခေတ္တဝင်လာသည်ဟူသော သတင်းကြောင့် ဤသို့ ဗုံးကြဲခြင်းဟုဆိုကြ၏။ မကြာလိုက်၊ ဧပြီ (၃)ရက် သောကြာနေ့ မနက် ၁၁ နာရီခန့်တွင် အရှေ့ဘက်၊ တောင်ဘက်နှင့် အနောက်ဘက်တို့မှ ဂျပန်လေယာဉ်ပျံကြီးများ ပျားအုပ်ကြီးများ ပျံလာသကဲ့သို့ ဝင်ရောက်လာကြသည်။ ဂျပန်လေယာဉ်အုပ်ကြီးက မြို့လယ်လူနေရပ်ကွက်များကို မီးလောင်ဗုံးများနဲ့ ပေါက်ကွဲသေကျေပျက်စီးစေသော ဗုံးများကြဲချသည်။ နိမ့်နိမ့်ပျံဆင်းပြီး မြင်မြင်သမျှ အရပ်သားများကို စက်သေနတ်နှင့် ပစ်ခတ်သည်။ ဂျပန်လေယာဉ် (၈၀)လောက်က မြို့ကို ပိုက်စိပ်တိုက် ဗုံးကြဲပစ်ခတ်၍ တစ်မြို့လုံးနီးပါး မီးလောင်ပျက်စီးကုန်၏။ မြို့သူမြို့သား ၂၀၀၀ ကျော် ၃၀၀၀ အတွင်း သေကျေပြီး ၃၀၀၀ ထက်မနည်း ဒဏ်ရာရရှိကြသည်။ မန္တလေးသားများလည်း ထိတ်လန့်တကြားနှင့် တစ်ဦးနှင့်တစ်ဦး မကယ်နိုင်ကြတော့ဘဲ ကိုယ့်အသက်ကိုယ်လုကာ ပြေးလွှားကြရတော့သည်။ ပြန်လည်ဆုတ်ခွာသည့် အင်္ဂလိပ်ကလည်း မြို့၏ လူနေရပ်ကွက်အချို့ကို မီးရှို့ဖျက်ဆီးသွားသဖြင့် တစ်မြို့လုံး မီးလောင်တိုက်သွင်းကာ သတ်ကွင်းကြီးတစ်ခုအသွင် ရုတ်ချည်းပြောင်းလဲသွားတော့သည်။ ဤသို့ဖြင့် မေလ ၁ ရက်တွင် မန္တလေးကို ဂျပန်က လုံးလုံးလျားလျား သိမ်းပိုက်နိုင်လိုက်တော့သည်။



(၃-၄-၄၉ နေ့ထုတ် လူထုသတင်းစာ မျက်နှာဖုံး)

**တောကြောင်လူဆိုးများလက်ချက်**

မန္တလေးကို ဂျပန်က သိမ်းပိုက်အပြီး မေလ ၁၂ ရက်နေ့တွင် စစ်အတွင်း ကနဦးအစောဆုံးသတင်းစာအဖြစ် 'တိုင်းချစ်သတင်းစာ' ထွက်လာသည်။ 'ဗမာ့လွတ်လပ်ရေး တပ်မတော်၏ ခွင့်ပြုချက်အရ မန္တလေးမြို့ လက်ဆည်ကန်ရပ် တိုင်းချစ်ပုံနှိပ်တိုက်မှာ ပုံနှိပ်ထုတ်ဝေတယ်' လို့ သတင်းစာရဲ့ ကျောဘက် အောက်ပိုင်းမှာ ရေးသားထားပြီး 'အယ်ဒီတာ ဦးမောင်မောင်ခင်' က ခေါင်းကြီးပိုင်းမှာ 'အရေးတော်ပုံ အောင်ပြီ' ဆိုတဲ့ ခေါင်းစဉ်နှင့်ရေးသားခဲ့သည်။ ကနဦးထုတ် တိုင်းချစ်သတင်းစာပါ သတင်းများအရ မန္တလေးမြို့သည် စစ်ဘေးဒဏ်ကြောင့် အိမ်ခြေလေးသောင်းရှိသည့်အနက် မလောင်ဘဲ ကျန်ရစ်သော အိမ်များမှာလည်း တောကြောင်လူဆိုးများလက်ချက်ဖြင့် ဘာမျှ ရစရာမရှိအောင် ပျက်စီးဆုံးရှုံးသွားကြောင်း သိရှိကြရသည်။

ဗြိတိသျှနှင့် တရုတ်စစ်သားများ ဆုတ်ခွာသောအခါ ၁၉၄၂ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် အင်းဝတံတားကြီး၏ စစ်ကိုင်းဘက်ခုံးနှစ်ခုံးကို ဖောက်ခွဲဖျက်ဆီးခဲ့လေပြီ သို့သော် မန္တလေးသိမ်းအပြီးအထိ မြို့ပတ်ဝန်းကျင်၌ ဗုံးသံ၊ အမြောက်သံများ ကြားနေရကြရဆဲဖြစ်၏။ အိန္ဒိယသို့ အလျင်အမြန် ဆုတ်ခွာနေသော ဗြိတိသျှနောက်အား ဂျပန်တပ်က ထက်ကြပ်မကွာလိုက်ကာ

> “တီးဝိုင်း၊ အငြိမ့်၊ ဆိုင်း၊ ဇာတ်ပွဲများနှင့် ၁၂ ရာသီ မပြတ်ခဲ့သော မန္တလေးတွင် ပြည်တော်ဝင်သီချင်းက မင်္ဂလာရှိသော သီချင်း . . .
> ပြည်တော်ဝင်သီချင်း မဆိုတတ်လျှင် မန္တလေးသား မဟုတ်ဟုသတ်မှတ် . . .”

တိုက်ခိုက်နေဆဲဖြစ်သည်။

**စစ်ကိုင်းသို့ စစ်ပြေးကြ**

မန္တလေးကို ဂျပန်က ဗုံးစတင်ကြဲသောအခါ တရုတ်တန်းရပ်ကွက်သည် အထိအနာဆုံးဖြစ်သဖြင့် ဆရာမြို့မငြိမ်းတို့ မိသားစုသည်လည်း အမရပူရတွင် နှစ်လ၊ သုံးလမျှ သွားရောက်ခိုလှုံကြရသည်။ ထို့နောက် မန္တလေးမြို့ အနောက်ပြင် ခင်မကန်တိုက်ရှိ ဘကြီးဦးနန္ဒိယ၏ တရုတ်တန်းကျောင်းသို့ ပြောင်းရွှေ့ကြပြန်၏။ မြို့လုံးကျွတ်နီးပါး မီးလောင်ပြာကျပြန်သောအခါ ဧရာဝတီတစ်ဖက်ကမ်း မင်းကွန်းသဲဖြူချောင်းရွာသို့ ပြေးကြရပြန်သည်။ ထို့နောက် စိတ်မချ၍ ကျောက်မဲသို့ ပြေးကြသည်။

ကျောက်မဲ၌ တစ်နှစ်ခန့် ခိုလှုံပြီး မန္တလေး ပြန်ဆင်းလာသောအခါ မန္တလေးသည် ဂျပန်၏ လက်အောက်၌ ထင်သလိုမဟုတ်ဘဲ ပြားပြားမှောက်နေဆဲဖြစ်၏။ အပေါင်းအသင်းတွေလည်း စစ်ကိုင်းတောင်ရိုးမှာ စစ်ခိုစစ်ပြေးနေကြဆဲဖြစ်သည်။ ကိုရင်လေးက နိဗ္ဗိန္ဒချောင်မှာတဲ့။ နိဗ္ဗိန္ဒချောင်မှာ မြို့မအသင်းသားအများစု ရောက်နေကြသည်။ ဝါးချက်ရွာ ရွှေဇာလီချောင်မှာ စန္ဒရားဆရာကိုဘဒင်မိသားစု ရှိနေသည်။ ဆရာငြိမ်း မိသားစုသည် မန္တလေးရောက်ရောက်ချင်း စစ်ကိုင်းသို့ ကူးကြပြန်သည်။ ဝါးချက်ရွာ ရွှေဇာလီချောင်အထက် ကိုက် ၃၀၀ အကွာ တောင်နံရံ၌ ကျောက်ဂူတစ်လုံးထွင်းပြီး စစ်ပြီးဆုံးသည်အထိ ဆရာငြိမ်းတို့မိသားစု ခိုလှုံခဲ့ကြသည်။

စစ်ကိုင်းတောင်၌ စစ်ခိုလှုံနေစဉ် ဆရာငြိမ်းသည် 'ကမ်းဆိပ်ရိပ်သာ သီတာရေယာဉ် ဧရာ့ခွေဝန်း၊ သောင်ထွန်းတဲ့ တစ်ဖက်ကျွန်းဆွယ်' အစချီ ရေချိုးဆိပ်သီချင်းနှင့် 'ပြာပြာမှိုင်းမှိုင်း မြူခိုးလွင်ဆိုင်းရီ၊ တောင်တွေညို့ညို့ ညို့ဝေရီ' အစချီသီချင်း(၂)ပုဒ်ကို ရေးစပ်ခဲ့လေသည်။ ရေချိုးဆိပ်သီချင်းတွင် ဂျပန်ခေတ်က ကုန်ကြမ်းပစ္စည်းရှားပါးမှုကြောင့် ရရာအမဲဆီများဖြင့် ချက်လုပ်သော ဆပ်ပြာခဲများကိုသာ အသုံးပြုရသဖြင့် အဆင်မပြေဖြစ်ရပုံကို 'အနားက အဘွားအို . . . အဝတ်လျှော်နေရင်း ဆပ်ပြာကို ဆဲတော့ ဖောင်စွန်းတိုင်ပင်ရေတွေစင်ပါတယ်' ဟု ရေးစပ်ခဲ့သည်။

အလားတူ မန္တလေးမြို့က သီချင်းရေးဆရာတစ်ဦးဖြစ်သည့် ဆရာညွှာကလည်း မင်းကွန်းတောင်ရိုးရှိ မဟာဂီရိချောင် သဲဂူထဲ၌ စစ်ပြေးရှောင်တိမ်းရင်း 'စစ်အောင်နိုင်ရေး'၊ 'သီရိဓမ္မာသောက'နှင့် 'ပြည်တော်ဝင်' သီချင်းများကို ရေးစပ်ခဲ့လေသည်။

**ဆရာညွှာ၏ ပြည်တော်ဝင်**

စစ်ကိုင်းတောင်ရိုးပေါ်က တရုတ်စံကားရိပ်တွင် သုံးနှစ်တာမျှ စစ်ခိုလှုံကြအပြီး ၁၉၄၅ ခု မတ်လ ၂၀ ရက်နေ့တွင် မန္တလေးမြို့၌ ရန်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်ခဲ့တော့ဟု ကြေညာကာ မဟာမိတ်က ပြန်လည်သိမ်းပိုက်အပြီး စစ်ကြီးပြီးဆုံးတော့သည်။ မတ်လ ၂၃ ရက်နေ့၌ စစ်ကိုင်းချောင်၊ မင်းကွန်းချောင်အသီးသီးတွင် ခိုလှုံနေကြသော မြို့မအသင်းသားတွေကလည်း မန္တလေးသို့ တစုတဝေး ပြန်ကြလေပြီ။ အမရပူရစံရွှေကူးတို့ဆိပ်မှ စစ်လက်ကျန် ထရပ်ကားကြီးပေါ် စုပြုံတက်ကာ ရရာတူရိယာပစ္စည်းများဖြင့် မန္တလေးမြို့တွင်းအထိ သီဆိုတီးမှုတ်ခဲ့ကြ၏။ မတ်လ ၂၃ ရက်ဆိုတော့ နောက်တစ်လအတွင်း သင်္ကြန်ကျတော့မည်။ မန္တလေးသားတွေက သင်္ကြန်ကို အခါတော်၊ အခါတွင်းဟုပဲ ကလေး၊ လူကြီးမရွေး အစဉ်အဆက် သိကြသည်။ ထို့ကြောင့် ဆရာညွှာက စစ်ကြီးကြောင့် သုံးနှစ်ကျော်လေးနှစ်မျှ သင်္ကြန်နှင့် ဝေးခဲ့ကြသော်လည်း ရှေးအစဉ်အဆက်ကတည်းက မန္တလေးသူ မန္တလေးသားတွေ ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲခဲ့ကြသည့် သင်္ကြန်အခါတော်ရောက်ချိန်မှာ ရတနာပုံနန်းတွင်းအစဉ်အလာအတိုင်း အောင်စည်ရွှမ်းသံနှင့် ပြည်တော်ဝင်ကြမယ်ဟု ထီးနန်းသုံးနှင့် ခန့်ညားစွာရေးစပ်ခဲ့သည်။

**အခါတော် ရောက်ချိန် နီးလို့လာပြီလေ၊**
**ဒေါ်ဒေါ်မမ ... နှမတို့တစ်တွေ ...**
**အသည်းစွဲချစ်မိတ်ဆွေ၊ ခေတ္တခွဲလို့နေ**
**မြို့မနှင့်အတူတကွ လိုက်ပါနိုင်စေ**
**အောင်စည်ရွှမ်းသံ ကြားရပြီထင့်၊**
**ပြည်တော်ဝင်မယ်လေ ...” တဲ့။**

ဆရာညွှာ၏ 'ပြည်တော်ဝင်'ကလည်း စစ်ကြောင့် ခိုလှုံနေကြသော စစ်ကိုင်းတောင်ရှိ မန္တလေးသားများနှင့် ကျန်ရစ်ခဲ့ရှာသော မန္တလေးသားများမမေ့လျော့မေတ္တာမပျက် နှုတ်ခွန်းဆက်သကာ မြို့ပျက်ကြီးအား ပြန်လည်ထူထောင်ဖို့ အားမာန်များ တနင့်တပိုး ပေးစွမ်းနိုင်ခဲ့သည်။

၁၉၄၅ခုနှစ် နောက်ပိုင်း တီးဝိုင်း၊ အငြိမ့်၊ ဆိုင်း၊ ဇာတ်ပွဲများနှင့် ၁၂ ရာသီမပြတ်ခဲ့သော မန္တလေးတွင် ပြည်တော်ဝင် သီချင်းက မင်္ဂလာရှိသောသီချင်းအဖြစ် အစဉ်အဆက်သီဆိုခဲ့ကြသောကြောင့် ပြည်တော်ဝင် သီချင်း မဆိုတတ်လျှင်ပင် မန္တလေးသားမဟုတ်ဟု သတ်မှတ်ခဲ့ကြသည်။ အထူးသဖြင့် မြို့မတူရိယာအသင်းက အလှူမင်္ဂလာ ဘုရားပွဲကျောင်းပွဲ ဧည့်ခံပွဲတိုင်း သူမပါလျှင် ပွဲမမြောက်သလောက်မို့ ပြည်တော်ဝင်ပြီး အောင်စည်ရွှမ်းသံ မပြတ်ကြားခဲ့ကြရသည်။

**ဒုတိယ ပြည်တော်ဝင်**

၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် လွတ်လပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာသိကြေညာ နိုင်ခဲ့သည်။ သို့သော် အချင်းချင်း သဘောကွဲ မညီညွတ်မှုကြောင့် ပြည်တွင်းစစ်မီးကြီး တောက်လောင်ခဲ့ရသည်။ အမျိုးသားအချင်းချင်း လက်နက်စွဲကိုင် တော်လှန်ကြတော့၏။ တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်များက မန္တလေးကဲ့သို့ မြို့ကြီးများကိုပင် တက်ရောက်ခြယ်လှယ်လာပြီး မြို့တော်ရန်ကုန်သို့ပင် ထိပါးလာခဲ့ကြသည်။

၁၉၄၉ ခုနှစ် မတ်လ ၁၁ ရက်နေ့ ညနေ ၃ နာရီတွင် လက်နက်ကိုင် ကေအင်ဒီအိုများအောက်သို့ အခိုက်အတန့်အားဖြင့် မန္တလေးလည်း ကျရောက်သွားခဲ့သည်။ မြို့သူမြို့သားများလည်း ရှေးနည်းတူ ကိုယ့်အိမ်ကိုယ့်ယာကို စွန့်ခွာကာ ထွက်ပြေးကြ၏။ မန္တလေးမြို့၏ အုပ်ချုပ်ရေးဆိုင်ရာ ရုံးများလည်း စစ်ကိုင်းမြို့သို့ ဆုတ်ခွာပြောင်းရွှေ့ ရုံးထိုင်ကြရသည်။ ဗိုလ်မှူးကြင် ဦးစီးသော မန္တလေးအခြေစိုက် အစိုးရတပ်ပေါင်းစုက စစ်ကိုင်းတွင် အင်အားပြန်လည်စုစည်းပြီး ဧပြီ ၆ ရက်နေ့တွင် မန္တလေးကို လူမျိုးစုများလက်မှ ပြန်လည်သိမ်းယူနိုင်ခဲ့သည်။

ဗိုလ်မှူးကြင်၊ ဗိုလ်မှူးအေးမောင်၊ ဗိုလ်မှူးထွန်းစိန် အစရှိသော ဗိုလ်မှူး၊ တပ်မှူးများ ရှေ့ဆောင်သည့် တပ်ပေါင်းစုများ မန္တလေးသို့ ပြန်လည်ကာ အုပ်စီးနိုင်သည်နှင့် မန္တလေးမြို့သည် ပုံမှန်အနေအထားသို့ ရောက်ရှိပြီး သတင်းစာများလည်း ပုံမှန်ထုတ်ဝေနိုင်ခဲ့ကြသည်။ ဧပြီလ ၉ ရက်နေ့တွင်ပင် ပထမဆုံးပြန်လည်ထုတ်ဝေနိုင်ခဲ့သော လူထုသတင်းစာ၏ မျက်နှာဖုံး၌ အစိုးရတပ်များ မန္တလေးသို့ မည်သို့ပြန်သိမ်းပုံ၊ နန်းတွင်းရှိ လက်ကျန် လူမျိုးစုတပ်များကို မည်သို့တိုက်ထုတ်ပုံ၊ ပြင်ဦးလွင်သို့ ဆုတ်ပြေးသော လူမျိုးစုတပ်များအား နန်းရှေ့နှင့် အောင်ပင်လယ်မှဖြတ်၍ မည်သို့ချေမှုန်းပုံများလည်း အကျယ်တဝင့် ရေးသားထားသည်။ မြို့သိမ်းတပ်များ၏ ရှေ့တန်းကွပ်ကဲရုံးကို (၈၄)လမ်း လက်ဆည်ကန်ရပ်ရှိ နဂါးဒေါ်ဦးတိုက်တွင် ဖွင့်လှစ်ထားသည်။

**စာမျက်နှာ ၁၈ သို့**

## ပြည်နယ်ဝန်ကြီး၊ တာဝန်ရှိသူများ ပြည်သူများနှင့် တွေ့ဆုံ

**မိုးကောင်း မေ ၂**

ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာ/အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးဝေလင်းနှင့် မိုးကောင်းမြို့နယ် ပြည်သူများနှင့်တွေ့ဆုံပွဲကို မေ ၁ ရက် နံနက် ၉ နာရီက မိုးကောင်းမြို့ သာသနာ့ဗိမာန်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဝန်ကြီးက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားကာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းတို့က အမှာစကားများ အသီးသီး ပြောကြားခဲ့ကြသည်။

ထို့နောက် ကချင်ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်နှင့် စားသုံးသူရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဌာနအလိုက် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုအခြေအနေများနှင့် ဌာန၏လုပ်ငန်းစဉ်များအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကိုရှင်းလင်းပြောကြားကာ တက်ရောက်လာသူများ၏ သိလိုသည်များကို ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု၊ မြို့နယ်ပြည်သူ့ဆေးရုံဆောက်လုပ်ပြီး အစည်းအဝေးခန်းမသစ်နှင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

## မွေးမြူရေးကြက်ခြံလုပ်ငန်းရှင်များအား ဇီဝလုံခြုံရေး ကောင်းမွန်ရေးနှင့် ကြက်ခြံပတ်ဝန်းကျင်သန့်ရှင်းရေး အသိပညာပေး

**ကျောက်မဲ မေ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကျွဲကုန်းကျေးရွာအုပ်စု မွေတော်ကျေးရွာအတွင်းရှိ မွေးမြူရေးဇုန်တွင် မေ ၁ ရက် နံနက် ၁၀ နာရီက မြို့နယ်စစ်ဆေးရေးကော်မတီအဖွဲ့ဝင်များက မွေးမြူရေးဇုန်ခန်းမ၌ မွေးမြူရေးကြက်ခြံလုပ်ငန်းရှင်များအား ဇီဝလုံခြုံရေးကောင်းမွန်ရေးနှင့် ကြက်ခြံပတ်ဝန်းကျင်သန့်ရှင်းရေး အသိပညာပေးဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာသန်းဇော်ဦးက မွေးမြူရေးဇုန်ရှိ ကြက်မွေးမြူရေးခြံများ အနံ့ဆိုးထွက်ရှိမှုမရှိစေရေး၊ ယင်ကောင်ပေါက်ပွားမှုနည်းစေရေးအတွက် EM စနစ် သုံးစွဲမှုပြုရန်သောက်ရေနှင့်အစာများတွင် ယင်ကောင်ပေါက်ဖွားမှု လျော့နည်းစေရေးနှင့် ဆေးတိုက်ကျွေးမှုကိုလည်းကောင်း၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးတင်မောင်သိန်းက အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရန် ကြက်ခြံများတွင် ဆေးနှင့်အစာများ သတ်မှတ်နှုန်းထားအတိုင်း တိုက်ကျွေးရန်၊ ဓာတုပစ္စည်းများပါဝင်မှုကြောင့် စားသုံးသူများ ဘေးအန္တရာယ်မဖြစ်စေရေးကိုလည်းကောင်း၊ စည်ပင်သာရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးနေဇာလင်းက ကြက်ခြံပတ်ဝန်းကျင်သန့်ရှင်းရေး၊ ခြံတွင်းခြံပြင်သန့်ရှင်းရေး၊ အညစ်အကြေးစွန့်ပစ်မှုအား စနစ်တကျထားရှိရန်၊ ကြက်ခြံများပတ်ဝန်းကျင်တွင် ရေစီးရေလာကောင်းမွန်ရေး ချုံနွယ်ပိတ်ပေါင်းများအား ရှင်းလင်းဆောင်ရွက်ရေးတို့ကို အသိပညာပေးဆွေးနွေးခဲ့သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းသီဟက မွေးမြူရေးဇုန်ကြက်ခြံအား မြို့နယ်စစ်ဆေးရေးကော်မတီဖွဲ့စည်းထားမှုနှင့် အပတ်စဉ်စစ်ဆေးမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မွေးမြူရေးဇုန် ကြက်ခြံတိုင်းတွင် ယင်ဖမ်းခြင်ထောင်ခြင်တိုင်များထားရှိရန်၊ ကြက်ခြံများတွင် ကူးစက်ရောဂါ ဖြစ်ပွားနေလျှင်သော်လည်းကောင်း၊ ကြက်များသေဆုံးမှုများပြားပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့အကြောင်းကြားရန် ကြက်မွေးမြူရေးခြံလုပ်ငန်းရှင်များအား အသိပညာပေးဆွေးနွေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## ရေကူးအားကစားတိုးတက်မြင့်မားလာစေရန် ရေကူးကလပ်နှင့် ရေကူးကန်သစ်ဖွင့်



**မဟာအောင်မြေ ဧပြီ ၂**

မန္တလေးမြို့ရှိလူငယ်များ ရေကူးအားကစား စိတ်ဝင်စား၍ ရေကူးအားကစား ပိုမိုမြင့်မားတိုးတက်လာစေရန်နှင့် ကျန်းမာသန်စွမ်းသော လူငယ်များဖြစ်လာစေရန်ရည်ရွယ်၍ လင်းပိုင်ရေကူးကလပ်နှင့်ရေကူးကန်အသစ်ကို မဟာအောင်မြေမြို့နယ် ၆၄ လမ်း သိပ္ပံလမ်းနှင့် ၄၃ လမ်းကြားတွင် မေ ၁ ရက်မှ စတင်ဖွင့်လှစ်ကာ နိုင်ငံတကာရေကူးအားကစားပညာရှင်များမှ စနစ်တကျသင်ကြားပေးနေပြီဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တွင် လူဦးရေ တစ်သန်းကျော်ရှိသည့်အနက် ရေကူးအားကစားကို စိတ်ပါဝင်စားသူများ လေ့ကျင့်ရန် လက်ရှိရေကူးကန်များဖြင့် မလုံလောက်နိုင်၍ တိုးချဲ့ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း လင်းပိုင်ရေကူးကန်တာဝန်ခံက ပြောသည်။

"လူငယ်တွေ ရေကူးအားကစားကို စိတ်ဝင်စားလာတဲ့အခါမှာ အခြားလောင်းကစားနဲ့ မူးယစ်ဆေးဝါးသုံးစွဲမှုတွေဘက်မှာ စိတ်ဝင်စားမှု နည်းပါးသွားနိုင်တဲ့အပြင် ရေဘေးအန္တရာယ် ကြုံတွေ့လာသည့်အခါမှာလည်း ရင်ဆိုင်ကျော်လွှားနိုင်စေရန်အတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါလင်းပိုင်ရေကူးကန်သည် ၂၅ မီတာ အမျိုးအစားရေကူးကန်ဖြစ်ပြီး အလျား ၈၂ ပေ၊ အနံ ပေ ၄၀ ရှိ၍ ရေတိမ်ပိုင်း သုံးပေနှင့် ရေနက်ပိုင်း ခြောက်ပေထိရှိကာ အသန့်ရှင်းဆုံးရေကူးကန်ဖြစ်စေရန် ပြစ်သစ်နိုင်ငံထုတ်ရေသန့်စက်များကို အသုံးပြု၍ PH 7 ထိရောက်မှုရှိစေရန် သန့်စင်ပေးထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါရေကူးကန်အား တနင်္လာမှ သောကြာအထိ နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး စနေနှင့် တနင်္ဂနွေရုံးပိတ်ရက်များတွင် သီးသန့်သင်ကြားလိုသူများအတွက်လည်း သီးခြားဖွင့်လှစ်သင်ကြားပေးရန် စီစဉ်ထားကြောင်းနှင့် သင်တန်းကြေးမှာ တစ်လလျှင် ငွေကျပ် ၈၀၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်တွင် အဝေးပြေးယာဉ်ရပ်နားစခန်း ဖွင့်လှစ်

**ကသာ မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်တွင် အဝေးပြေးယာဉ်ရပ်နားစခန်း ဖွင့်ပွဲအခမ်းအနားကို မေ ၁ ရက် မွန်းလွဲ ၁ နာရီက ကသာမြို့တွင် ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး အဝေးပြေးယာဉ်ရပ်နားစခန်းတည်ဆောက်ခြင်းနှင့်ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှဝေက အဝေးပြေးယာဉ် ရပ်နားစခန်းတည်ဆောက်ခြင်းသည် ရပ်နီးရပ်ဝေးခရီးသွားပြည်သူများ ခရီးသွားလာရေးနှင့်ပတ်သက်ပြီး အဆင်ပြေချောမွေ့စေရန်၊ ကုန်ပစ္စည်းများ အလွယ်တကူသယ်ယူပို့ဆောင်နိုင်စေရန်၊ အချိန်တိုအတွင်း တစ်နေရာထဲမှာ ခရီးသွားလုပ်ငန်းဆိုင်ရာဆောင်ရွက်ချက်များ အဆင်ပြေစွာ လုပ်ဆောင်နိုင်စေရန်အတွက် အထောက်အကူဖြစ်လိမ့်မည်ဖြစ်ကြောင်းနှင့် ခရီးသည်များအတွက် အချိန်ကုန်သက်သာမည်ဖြစ်ပြီး ခရီးသွားပြည်သူများအား ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုများ လာရောက်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌတို့က ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က မုခ်ဦးအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ရဲရောင်(ကသာ)**

## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနေ့ အခမ်းအနားကျင်းပ

**မြစ်ကြီးနား မေ ၂**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်အောက်ရှိ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှပြုလုပ်သော မြန်မာနိုင်ငံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်ရှိ ရွှေပြည်စံခန်းမ၌ ဧပြီ ၂၈ ရက်က ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ပြည်နယ်တာဝန်ခံ ဦးဝင်းနိုင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ခိုင်ယုသွယ် အလုပ်ရုံစစ်ဆေးရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ပြည်နယ်အလုပ်သမားဆက်ဆံရေးတာဝန်ခံ ဦးသန်းဝင်း၊ ပြည်နယ်လူမှုဖူလုံရေးတာဝန်ခံ ဦးမျိုးမြင့်၊ ပြည်နယ်အလုပ်သမား ဆက်ဆံရေးတာဝန်ခံ ဒေါ်အေးအေးမြင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်လတ်၊ ခရိုင်စက်မှုကြီးကြပ်ရေးဦးစီးဌာနတို့က ဌာနဆိုင်ရာသိကောင်းစရာများကို ပြောကြားသည်။

အခမ်းအနားသို့ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ စက်ရုံအလုပ်ရုံများမှ ပိုင်ရှင်၊ မန်နေဂျာများ၊ အလုပ်သမားများနှင့် လူမှုအဖွဲ့အစည်းအင်အား ၁၃၆ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



(71) ESpjrmufrefmEdifH rDowfwyfzLeYd udkd *Rjfaom tm;zifr1&uf eLufwifarmfvldc½df jynfbd q;½dftwifjynf oldudjvkfeftjzpfbefY &Ha&;vkfef r;udrmfvdf c½drDowfDDS ODdH Daqmifbnfoa ErDowf wyfzUifm;? t&efDowf wyfzUifm;pkyifí jynfbdY tudjy oeHa&;vkfef rm;tm; aqmifuful alumifodonf

**မော်လိုက်သားလေး**

## ပုပ္ပားဒေသသို့ မကွေးတက္ကသိုလ် ဘူမိဗေဒကျောင်းသားများလေ့လာ



**ပုပ္ပား မေ ၂**

မန္တလေးတိုင်းဒေသကြီး ပုပ္ပားတောင်ပတ်ဝန်းကျင်သည် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော မီးတောင်သေ ဒေသဖြစ်ပြီး ဘူမိဖြစ်စဉ်များ စုံလင်စွာလေ့လာနိုင်သည့်အရပ်ဒေသဖြစ်၍ ဘူမိဗေဒပညာရပ်ကို ဝါသနာပါသူများ၊ သင်ယူနေသူများအတွက် အသုံးချသင်ကြားရာ အဓိကနေရာဖြစ်သည်။

ထိုသို့ ဘူမိဗေဒပညာရပ်များလေ့လာစရာများပြားသည့် ပုပ္ပားတောင်ပတ်ဝန်းကျင်သို့ မကွေးတက္ကသိုလ်ဘူမိဗေဒဘာသာရပ် ဒုတိယနှစ်ကျောင်းသား၊ ကျောင်းသူ ၁၀၈ ဦးကို ဘူမိဗေဒကထိက ဆရာဦးဝင်းလွင်သိန်းနှင့် ဆရာ၊ ဆရာမငါးဦး ဦးဆောင်ပြီး ပုပ္ပားတောင်နှင့်အနီးပတ်ဝန်းကျင်လေ့လာရေးကို ဧပြီ ၃၀ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်နေကြသည်။

မကွေးတက္ကသိုလ်မှဘူမိဗေဒ ကျောင်းသား ကျောင်းသူများသည် ပုပ္ပားတောင်ကလပ်နားတွင်ရှိသည့် အောင်မင်းခေါင်ကျောင်းတွင်တည်းခိုနေထိုင်ပြီး ၁၅ ရက်ကြာ ကွင်းဆင်းလေ့လာသည့်အတွက် ဘူမိဗေဒသဘောတရားများ၊ တောတွင်းနေထိုင်မှုများစသည့် ဗဟုသုတအတွေ့အကြုံကောင်းများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ဆွာချောင်းရေလှောင်တမံ ရေရှည်တည်တံ့ ကောင်းမွန်ရေး ထိန်းသိမ်း

**ပဲခူး မေ ၂**
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး၊ ရေတာရှည်မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ ဆွာချောင်းရေလှောင်တမံသို့ မေ ၁ ရက် နံနက် ၁၁ နာရီက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှင်းလင်းဆောင်၌ တောင်ငူခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်ရှိန်က ဆွာချောင်းရေလှောင်တမံဆိုင်ရာ အချက်အလက်များ၊ ဆွာချောင်း ရေလှောင်တမံနွေစပါး စိုက်ပျိုးမှုအခြေအနေ၊ နှစ်အလိုက် ရေပေးဝေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးချုပ်က ဆွာချောင်းရေလှောင်တမံအား အမီပြု၍ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေသော တောင်သူလယ်သမားများ ရာသီမရွေးရေပြည့်ဝစွာရရှိ စိုက်ပျိုးနိုင်ရန်အတွက် ဝန်ထမ်းများက ဂရုပြုဆောင်ရွက်ပေးကြရန်၊ ဆွာချောင်းရေလှောင်တမံ ရေရှည်တည်တံ့ကောင်းမွန်ရန်အတွက် စနစ်တကျထိန်းသိမ်းကြည့်ရှု စောင့်ရှောက်ကြရန်မှာကြားပြီး ရေလှောင်တမံအားလှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆွာချောင်း ရေလှောင်တမံသည် ရေတာရှည်မြို့နယ် ဆွာချောင်းပေါ်တွင် ၁၉၉၈-၁၉၉၉ ခုနှစ်က တည်ဆောက်ထားသော မြေသားတမံအမျိုးအစားဖြစ်ပြီး ပင်မတမံအလျား ပေ ၆၆၀၀၊ ကုန်းကြောတမံ ပေ ၁၆၉၀၀၊ တမံအမြင့် ၉၇ ပေ၊ ကုန်းကြောတမံအမြင့် ပေ ၄၀ရှိသည်။ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၂၁၆၃၅၀၊ ကန်ရေသေရေလှောင်ပမာဏ ဧကပေ ၂၈၁၇၀၊ ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာ ဧက ၆၉၀၀၊ ဆည်ရေပေးဝေနိုင်သည့် ဧရိယာမှာ ဧက ၃၅၀၀၀၊ နွေစပါးစိုက်ပျိုးမှုအနေဖြင့် ၂၀၁၅-၂၀၁၆ခုနှစ်တွင် လျာထား ၂၁၄၃၆ ဧက၊ စိုက်ပျိုး ၂၁၀၈၁ ဧကဖြစ်သည်။

၂၀၁၇ ခုနှစ်တွင် ၂၁၇၆၄ ဧက စိုက်ပျိုးထားရှိပြီး ရေပေးဝေနိုင်မှုအနေဖြင့် ဝင်ရေ ၁၀၅၃၉ ဧကပေ၊ ထုတ်လွှတ်ရေ ၅၇၆၃၉ ဧကပေ၊ ဆုံးရှုံးရေ ၆၁၈၆ ဧကပေ၊ လက်ကျန်ရေ ဧကပေ ၁၅၁၂၄၀ ရှိကြောင်း သိရသည်။

**တင်စိုး (ပဲခူး)**

## သန်လျင်မြို့ လေးကျွန်းမာရ်အောင်စေတီတော်ကြီး ထီးတော်တင်လှူ

**သန်လျင် မေ ၂**
ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ ရှုံးသပြေကန်ကျေးရွာ ကံကြီးကျောင်းတိုက်အတွင်း တည်ထားတော်မူခဲ့သော လေးကျွန်းမာရ်အောင် (အမေပွင့်) စေတီတော်မြတ်ကြီးအား ကံကြီးကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတ၏ ဦးဆောင်မှုကိုခံယူကာ ဧပြီ ၃၀ ရက် နံနက် ၉ နာရီတွင် ခုနစ်ရက်သားသမီးတို့၏ စုပေါင်းအလှူ့ဒါနများဖြင့် ထီးတော်တင်လှူပူဇော်ခဲ့သည်။

စေတီတော်ကြီးထီးတော်တင်လှူပူဇော်ပွဲတွင် ပန်းပင်ချောင်ကျောင်းတိုက် နာယက ဘဒ္ဒန္တသုနန္ဒအရှင်မြတ်ထံမှ အလှူ့ရှင်ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ကံကြီးကျောင်းဆရာတော် ဦးဆောင်မှုနှင့်အတူ သန်လျင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်၊ ရှုံးသပြေကန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မင်းနှင့် အလှူ့ရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံအဆင့်ဆင့်တို့ကို ပန်းရထားပျံဖြင့် တင်လှူပူဇော်ကြသည်။



လေးကျွန်းမာရ်အောင်(အမေပွင့်) စေတီတော်ကြီးသည် ၁၃၀၀ ပြည့်နှစ်တွင် မူလဘုရားဒါယိကာမကြီး အမေပွင့်က တည်ထားတော်မူခဲ့ခြင်းဖြစ်ပြီး ယခု ထီးတော်ဘုံအဆင့်ဆင့်သည် အလှူ့ရှင်များ၏ ပေါင်းစုလှူဒါန်းခြင်းဖြင့် အဆင့်ဆင့်မွမ်းမံခြင်းဖြစ်ကြောင်း သိရသည်။

**(နေသစ်ဦး)**

# ပေါင်မြို့နယ်အတွင်းရှိပြည်သူလူထုထံသို့ အမှိုက်ပုံး ၃၀၀ အပ်နှံ

**ပေါင်၊ မေ ၂**
မွန်ပြည်နယ် အစိုးရအဖွဲ့၏ ခွင့်ပြုငွေ ကျပ် ၁၃၅ သိန်းဖြင့် ပြည်သူလူထုထံသို့ အမှိုက်ပုံးများ အပ်နှံပွဲ အခမ်းအနားကို မေ ၁ ရက် နံနက်၉နာရီက ပေါင်မြို့နယ် ကဒါရပ်ကွက် မင်္ဂလာဈေးရှေ့၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပေါင်မြို့နယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိဟ၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမင်းအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် မွန်ပြည်နယ် ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းမင်းအောင်က အမှိုက်ပုံးများထားရှိရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

"အစတုန်းက သွားရင်းလာရင်းနဲ့ အမှိုက်ပစ်ဖို့ အမှိုက်ပုံးအများကြီး မရှိဘူးလေ။ အခုလို အမှိုက်ပုံးထားရှိပေးတဲ့အတွက် ကျွန်တော်တို့ ပြည်သူပြည်သားတွေအတွက် အလွန်ကိုကောင်းတဲ့ အစီအစဉ်ပါ။ ကျွန်တော်တို့ပြည်သူတွေလည်း စည်းကမ်းတကျ အမှိုက်များကို ပစ်လို့ရသွားတာပေါ့။ ဒီလိုအမှိုက်ပုံးတွေကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ အသီးသီးမှာ ထားပေးနိုင်ရင် မြို့နယ် သန့်ရှင်းလာမယ်။ ပတ်ဝန်းကျင်သာယာလှပလာမှာပါ"




ဟု ကဒါရပ်ကွက်နေ ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ အမှိုက်ပုံး ၃၀၀ ကို မြို့ပေါ်ရပ်ကွက်များဖြစ်သော ကဒါရပ်ကွက်၌ ၁၈၀၊ ကဒုံးစီးရပ်ကွက်၌ ၁၀၀ နှင့် ပေါင်းရပ်ကွက်၌ ၂၀ ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

## မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံ အချက်အလက်စစ်တမ်း MDHS (၂၀၁၅-၂၀၁၆) ပြည်နယ်အဆင့် ပင်မအစီရင်ခံစာ အသိပေးဆွေးနွေးပွဲ လှိုင်ကော်မြို့၌ပြုလုပ်

**လှိုင်ကော် မေ ၂**
မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း MDHS (၂၀၁၅-၂၀၁၆) ပြည်နယ်အဆင့် ပင်မအစီရင်ခံစာ အသိပေးဆွေးနွေးပွဲကို မေ ၂ ရက် နံနက် ၉ နာရီက လှိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ကယားပြည်နယ် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေး တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးစိန်က မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း MDHS (၂၀၁၅-၂၀၁၆) ပြည်နယ်အဆင့် ပင်မအစီရင်ခံစာ အသိပေးဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဦးစီးပြီး နှီးနွှယ်ဌာနများ ပူးပေါင်းပါဝင်လျက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် (၂၀၁၅-၂၀၁၆) ခုနှစ်အတွင်း ဆောင်ရွက်ခဲ့ပြီး ထိုစစ်တမ်းက တွေ့ရှိချက်များကို ယနေ့ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ထိုစစ်တမ်း၏ အားသာချက်သည် ရရှိလာသည့် အညွှန်းကိန်းများအား နိုင်ငံအချင်းချင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချင်းချင်းတွင် ဖြစ်ပေါ်နေသည့် ကျန်းမာရေးနှင့်လူနေမှုဘဝဆိုင်ရာ အခြေအနေကို ညွှန်းပြနှိုင်းယှဉ်နိုင်အောင် အထူးအလေးပြု ဆောင်ရွက်ထားကြောင်း သိရသည်။

**ပြည်နယ်ပြန်/ဆက်**

# လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာမှုကြောင့် ဘုန်းကြီးကျောင်းနှင့်အိမ်များပျက်စီး

**အင်္ဂပူ မေ ၂**
အင်္ဂပူမြို့နယ် ကံဘက်ကျေးရွာအုပ်စု ကံဘက်ကျေးရွာ၊ ရှမ်းစုကျေးရွာနှင့် သာယာကုန်းကျေးရွာတို့တွင် မေ ၁ ရက် ညနေ ၅ နာရီ ၅၅ မိနစ်က လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရှမ်းစု ကျေးရွာတွင် ရတနာဒီပ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ လူနေအိမ် ခုနစ်လုံး ပြိုကျပျက်စီးပြီး



လူနေအိမ် ၄၄ လုံး အမိုးလန်ပျက်စီးခြင်း၊ ကံဘက်ကျေးရွာတွင် လူနေအိမ်နှစ်လုံး ပြိုကျပျက်စီးခဲ့ပြီး လူနေအိမ် ၂၄ လုံး အမိုးလန်ပျက်စီးခြင်း၊ သာယာကုန်းကျေးရွာတွင် လူနေအိမ်နှစ်လုံး အမိုးလန်ပျက်စီးခြင်းများဖြစ်ပွားခဲ့သည်။

အဆိုပါ ရုတ်တရက်လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကံဘက်ကျေးရွာအုပ်စုအတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ်များ စုစုပေါင်း အလုံး ၈၀ အမိုးလန်၊ ပြိုကျပျက်စီးခဲ့သည်။ လေဘေးသင့် အိမ်ထောင်စုများအား နီးစပ်ရာ ဆွေမျိုးများထံတွင် နေရာချထားပေးခဲ့ပြီး စားသောက်ရေးအတွက် ကျေးရွာမှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မန်းကျော်(ပြန်ဆက်)**

## ဥက္ကံမြို့အရှေ့ဘက် ပဲခူးရိုးမအစပ် ကျေးရွာများသို့ တောဆင်ရိုင်းများဝင်ရောက်

**တိုက်ကြီး မေ ၂**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ အရှေ့ဘက်ခြမ်း ပဲခူးရိုးမအစပ်ရှိ ချောင်းစောက်၊ လဟာမငယ်၊ ကွမ်းသီးမြောင်ကျေးရွာအုပ်စုများရှိ ကျေးရွာပေါင်း ၁၅ ရွာတွင် ညအခါ တောဆင်ရိုင်းများမကြာခဏလာတတ်ကြောင်း ဒေသခံများထံမှ သိရသည်။

ဧပြီ ၂၈ ရက် ည ၁၁ နာရီခန့်ကလည်း ချောင်းစောက်အုပ်စု မအူခုံရွာတွင် တောဆင်ရိုင်း ဝင်ရောက်၍ လူနေအိမ်တစ်လုံးဖျက်ဆီးသွားကြောင်း ဒေသခံများက ပြောသည်။

"ဆင်က အိမ်ကိုတမင်ဖျက်တာတော့မဟုတ်ပါဘူး အစာလာရှာတာပါ။ အိမ်မှာ ဆင်ကြိုက်တဲ့ ဆား၊ ငါးပိ၊ ဆန်တွေရှိနေတာသိတော့ လာစားတာပါ။ ဆန်အိုးက အိမ်အခန်းထဲထားတော့ သူကိုယ်လုံးကကြီးနေတော့ ဝင်တိုးလို့ အိမ်ပျက်သွားတာပါ" ဟုအိမ်ပိုင်ရှင် ဦးဇော်ဝင်းထွန်းက ပြောသည်။

တောဆင်များသည် ညနေမှောင်လာပြီဆိုပါက သွားနေကျဖြတ်လမ်းကနေ ဝင်လာကြကြောင်း၊ ထို့ကြောင့် တောင်ယာလုပ်သွားသူများ စောစောပြန်လာကြကြောင်း၊ ဆင်များစားကျက်ပျောက်ပြီး တောထဲ၌ စားစရာမရှိ၍ စိုက်ပျိုးထားသော စပါးခင်းသီနှံခင်း ဝင်ရောက်စားသောက်ရင်း ရွာထဲရောက်လာပြီး ဆား၊ ငါးပိ၊ ဆန်တွေ ရှာဖွေစားသောက်ခြင်းဖြစ်ကြောင်း ရွာသားတစ်ဦးက ပြောပြသည်။

ဆင်အန္တရာယ်ကိုကာကွယ်နိုင်အောင် တချို့ရွာတွေမှာ သစ်ပင်ပေါ်မှာ လင့်စင်ထိုးအိပ်ရကြောင်းနှင့် ညဘက်တွင်ကင်းချထားပြီး ဆင်ဝင်ပါက အချက်ပေး သံချောင်းခေါက်ပြီး ဆင်ကိုမောင်းထုတ်နေရကြောင်း သိရသည်။

"ကျွန်တော်တို့ရွာကတော့ ဆိုလာလျှပ်စစ်သွပ်ကြိုးကို NGO တစ်ခုကတပ်ပေးထားတယ်။ ညဘက်မှာ ဓာတ်အားလွှတ်တယ်။ မသိလို့တိုးမိလို့ကတော့ လူဆိုရင် တုံးခနဲလဲတာ။ အန္တရာယ်တော့မရှိပါဘူး။ ဆင်ဆိုရင်ရပ်တန့်သွားတယ်။ ရှေ့ဆက်မတိုးရဲတော့ဘူး" ဟု ချောင်းစောက်ရွာသစ်ကုန်းက လျှပ်စစ်ထိန်းသိမ်းရေး တာဝန်ခံက ပြောသည်။

ဖော်ပြပါကျေးရွာများအနေဖြင့် ဆင်အန္တရာယ် ကာကွယ်နိုင်ရန် ဆိုလာလျှပ်စစ်ကြိုး တပ်ဆင်ပေးရန် ဒေသခံများ မျှော်လင့်လျက်ရှိကြောင်းသိရသည်။

**ထွန်းလှိုင်(မြိုင်)**

# ဘက်စုံပညာထူးချွန်ကျောင်းသားကျောင်းသူအဖြစ်မှသည်

ဒေါက်တာထွန်းအောင်ကျော်(မြန်မာစာ)

**"လူရည်ချွန်တွေလာကြပြီလေ
အနယ်နယ်အရပ်ရပ်မှ တို့လူရည်ချွန်တွေ
ရောက်ကြပြီလေ စုံကြပြီလေ
သားကောင်းသမီးကောင်းတို့လူရည်ချွန်တွေ"**

စာရေးသူတို့ငယ်စဉ် လူရည်ချွန်ကျောင်းသားဘဝက အင်းလေးခေါင်တိုင်လူရည်ချွန်စခန်းတွင် သီဆိုခဲ့ဖူးသော သီချင်းစာသားကလေး ဖြစ်ပါသည်။

> ဘက်စုံပညာထူးချွန်ကျောင်းသားလူငယ်တစ်ယောက်ဖြစ်လာရန်မှာ မလွယ်ကူ. . .
> ကျောင်းပညာတွင် ထူးချွန်ရမည်ဖြစ်သလို ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံထူးချွန်ရန် လိုအပ် . . .
> ကျောင်းသား၊ ကျောင်းသူများအလယ်တွင် စံနမူနာပြ ကျောင်းသား၊ ကျောင်းသူများလည်းဖြစ် . . .

**လူရည်ချွန်**

လူရည်ချွန် ဆိုသောစကားကလေးကို စာရေးသူငယ်စဉ် စတုတ္ထတန်းကျောင်းသားဘဝကပင် စတင်ကြားဖူးခဲ့ကြောင်း မှတ်မိနေပါသည်။ စာရေးသူငယ်စဉ်က မကွေးမြို့ အမက(၄) (ရွာသစ်ကျောင်း)တွင် ပညာသင်ယူနေစဉ် ကျောင်းအုပ်ဆရာကြီးဦးမောင်မောင်က ငါတို့ကျောင်းက လေးတန်းအောင်သွားတဲ့ မောင်ငွေဋ္ဌေးဟာ မကွေးမြို့အထက(၁)ကျောင်းရောက်သွားတဲ့အခါ လူရည်ချွန်အရွေးခံရတယ်။ တပည့်တို့လည်း ခုနစ်တန်းရောက်ရင် အဲသလို လူရည်ချွန်ရအောင်ကြိုးစားကြဟု ဆုံးမလမ်းညွှန်သည်ကိုမကြာခဏကြားနေရသောကြောင့် ထိုသို့မှတ်မိနေခြင်းဖြစ်ပါသည်။

ကျွန်တော် ငါးတန်း၊ ခြောက်တန်းရောက်သောအခါ မကွေးမြို့ အထက (၁) ၌ ပညာသင်ကြားနေစဉ် ပွင့်ဖြူမြို့မှ ကျွန်တော့်အစ်မတစ်ဝမ်းကွဲတော်သူ မတင်အေးကြည်သည်လည်း လူရည်ချွန်အရွေးခံရပြန်ပါသည်။ ထိုအခါ ကျွန်တော်၏အစ်ကိုနှင့် အဒေါ်တို့၏ အားကျအတုယူရန် အားပေးတိုက်တွန်းမှုကိုခံယူရပြန်ပါသည်။ လူရည်ချွန်တစ်ယောက်ဖြစ်လာရန်ကြိုးစားရန်မှာ ကျွန်တော့်အတွက် တာဝန်တစ်ရပ်သဖွယ် ဖြစ်လာရပါသည်။ ခုနစ်တန်းသို့ရောက်၍ လူရည်ချွန်ဖြေဆိုခွင့်ရသောအခါ ကျွန်တော်ဝမ်းသာအားရ ဝင်ရောက်ဖြေဆိုခဲ့ပါသည်။ မရခဲ့ပါ။ ခရိုင်အဆင့်တွင် ပြုတ်သွားခဲ့ပါသည်။ အားကစားမရသဖြင့် ပြုတ်သွားခြင်းဖြစ်ပါသည်။

နောက်တစ်နှစ်ရောက်သောအခါရှစ်တန်းနှစ်ဖြစ်ပါသည်။ အားကစားတွင်အောင်မြင်စေရန် ကြိုတင်၍ အပြေးလေ့ကျင့်နေစဉ် ကတ္တရာလမ်းပေါ်တွင် ချော်လဲခဲ့သဖြင့် တစ်ကိုယ်လုံးဒဏ်ရာများရရှိကာ ဆေးရုံသို့ရောက်ရှိသွားခဲ့ရသဖြင့် ဖြေဆိုခွင့်ရပါလျက်နှင့် လူရည်ချွန်အဖြစ်နှင့် လွဲခဲ့ရပြန်ပါသည်။ ကိုးတန်းနှင့် ဆယ်တန်းသို့ရောက်သောအခါ ရေနံချောင်းမြို့ စက်မှုလက်မှုအထက်တန်းကျောင်းသို့ ရောက်သောအခါမှသာ နှစ်နှစ်ဆက်တိုက် လူရည်ချွန်အဖြစ် အရွေးချယ်ခံခဲ့ရခြင်းဖြစ်ပါသည်။

**စံနမူနာပြ**

ဤသို့ဇာတ်ကြောင်းပြန်ပြနေရခြင်းမှာ ဘက်စုံထူးချွန်လူရည်ချွန်တစ်ယောက်ဖြစ်လာရန်မည်မျှခက်ခဲကြောင်း သိစေလို၍ ဖြစ်ပါသည်။ တစ်ဖက်ကလည်း ယနေ့ ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများကိုလည်း ချီးကျူးဂုဏ်ပြုလိုသောကြောင့်လည်း ဤသို့ရေးပြနေခြင်း ဖြစ်ပါသည်။ ဘက်စုံပညာထူးချွန်ကျောင်းသားလူငယ်တစ်ယောက်ဖြစ်လာရန်မှာ လွယ်ကူလှသည်မဟုတ်ပါချေ။ ကျောင်းပညာတွင် ထူးချွန်ရမည်ဖြစ်သလို ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံထူးချွန်ရန်လိုအပ်ပါသည်။ ကျောင်းသား ကျောင်းသူများအလယ်တွင် စံနမူနာပြ ကျောင်းသား ကျောင်းသူများလည်း ဖြစ်နေရပါမည်။

တစ်ရံရောအခါက လူရည်ချွန်တို့သည် ယနေ့ခေတ်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်နေကြသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ကြပြီ ဖြစ်ပါသည်။ ယနေ့ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများသည်လည်း နောင်အနာဂတ်တွင် ထာဝရလူရည်ချွန်များအဖြစ် ထိုကဲ့သို့ပါဝင်ဆောင်ရွက်ကြမည်မှာ မလွဲဧကန်ပင်ဖြစ်သည်ဟု စာရေးသူ(ကိုယ်တိုင်)အတွေ့အကြုံအရ အခိုင်အမာယုံကြည်ပါကြောင်း တင်ပြရင်း ၂၀၁၇ ခုနှစ်ဘက်စုံပညာထူးချွန်ကျောင်းသားကျောင်းသူများအား ဤဆောင်းပါးဖြင့် ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။ ။

## အောင်ပွဲအဆက်ဆက်ပြည်တော်ဝင်

စာမျက်နှာ၁၅မှ

မန္တလေးမြို့အား ပြန်လည်သိမ်းပိုက်နိုင်ခဲ့သော ဧပြီ ၈ ရက်နေ့တွင်ပင် အောင်ပွဲခံတပ်များက မြို့တွင်းတစ်လျှောက် ချီတက်ပြီး မြို့တွင်းသို့ဝင်သော အခမ်းအနားကို ကျင်းပခဲ့သည်။ ထိုသတင်းကို (၉-၄-၄၉) ရက်နေ့ထုတ် လူထုသတင်းစာက 'မန္တလေးမြို့သိမ်းအောင်ပွဲအခမ်းအနား' ဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြထားပုံမှာ -

မန္တလေးမြို့၌ ၈-၄-၄၉ ရက်နေ့ နံနက်တွင် ဗမာ့တပ်မတော်မှ ကမကထပြု၍ မြို့ပေါ်ရှိ အစိုးရတပ်များနှင့် ပြည်သူ့ရဲဘော်ဖြူများ မြို့သိမ်းအောင်ပွဲ အခမ်းအနားပြုလုပ်ရာ တပ်ပေါင်းစုံချီတက်သည်။ လမ်းမကြီး တစ်လျှောက်လုံးတွင် စောင့်မျှော်ကြည့်ရှုနေသော လူထုကြီးမှာ အထူးပင်စည်ကားများပြားလှကြောင်း၊

နံနက် ၇ နာရီတွင် မန္တလေးစစ်ရဲဌာနချုပ်၌ တပ်ပေါင်းစုံစုရုံးပြီးလျှင် ၈ နာရီတွင် အစီအစဉ်အရ မြို့မစည်တော်ကြီးက ရှေ့ဆောင်၍ ချီတက်လာကြကြောင်း၊ ၎င်းစည်တော်ကြီးနောက်မှ မန္တလေးမြို့အကျိုးဆောင်ရိက္ခာတာဝန်ခံ ဦးဝါသဝ (ခင်မကန်တိုက်) သည် ကားဖြင့် လိုက်ပါလာကြောင်း၊ ၎င်းနောက်မှ ဗိုလ်မှူးကြင် ဦးဆောင်ကာ တပ်မတော် စိန်ပြောင်းတပ်စု၊ တပ်မတော်စက်မှုလက်မှုတပ်၊ ဗိုလ်သင်တန်းတပ်၊ လူရိုင်းစစ်တပ်၊ တပ်မတော်လေ့ကျင့်ရေးတပ်၊ ဗိုလ်လောင်းတပ်စု၊ ပြည်ထောင်စု စစ်ရဲတပ်၊ ဗိုလ်စိန်မှန်တပ်၊ မုံရွာ-မန္တလေး စစ်ဝန်ထမ်းတပ်စု၊ ရဲဘော်ဖြူတပ်၊ ရဲဘော်ဟောင်းတပ်၊ စီဒီစီပြည်သူ့ပျောက်ကျားတပ်များနှင့်အတူ မြို့မတူရိယာတပ်ပါ ချီတက်ကြကြောင်း (၈၄) လမ်းဗိုလ်ချုပ်လမ်းနှင့်(၂၆)ဘီလမ်း တစ်လျှောက်လုံး မြို့သူမြို့သားများ တိုးဝှေ့ကြည့်ရှုကြသည်ကို တွေ့ရှိရကြောင်း၊ ပြည်ထောင်စုအလံများလည်း လွှင့်ထူကြကြောင်းဟူ၍ သတင်းပေးရေးသားထားခဲ့သည်။

**အခါတော်ရောက်ချိန် နီးလို့လာပြီလေ**

ထိုစဉ်က မြို့သိမ်းတပ်ဖွဲ့များနှင့်အတူ မြို့မတူရိယာအသင်းပါ လိုက်ပါလှည့်လည်သော အခါ အေဝမ်းဆရာညာ၏ 'ပြည်တော်ဝင်' သီချင်းကိုပင် မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်ခဲ့သည်ဆို၏။ နန်းတွင်း၌ ပြည်ထောင်စု အလံတော်စိုက်ထူသည်အထိပင် လိုက်ပါလှည့်လည် တီးမှုတ်ခဲ့သည်။ ထိုနေ့ကား ဧပြီလ ၈ ရက်နေ့မို့ 'အခါတော် ရောက်ချိန် နီးလို့လာပြီလေ၊ ဒေါ်ဒေါ် မမ နှမတို့ရေ အသည်းစွဲချစ်မိတ်ဆွေ ခေတ္တခွဲလို့နေ' ဟူသော သီချင်းစာသားနှင့် ဒုတိယအကြိမ်မြောက် လိုက်ဖက်ညီခဲ့ပြန်လေခြင်းဖြစ်သည်။ ကျောက်ဆည်မြို့ ရှေ့တန်းစခန်းသို့ပင် မြို့မက လိုက်ပါဖျော်ဖြေခဲ့ရသည်။

တကယ်တော့ ဧပြီလ ၆ ရက်နေ့ကတည်းက နန်းတွင်းကို မြန်မာတပ်မတော်က အပြီးအပိုင် သိမ်းပိုက်ပြီး ဖြစ်သည်။ ဧပြီ ၇ ရက်နေ့တွင် မန္တလေးတစ်မြို့လုံး စည်ကားလာ၏။ ဈေးချိုတော်ကြီးလည်း ပြန်လည် ဖွင့်လှစ်လိုက်ပြီ။ ကိုင်းတန်းဈေး၊ ထီးတိုင်ဈေးစသော ပျံကျဈေးများလည်း ရောင်းဝယ်နေကြပြီ။ မနက်ဈေးဖြစ်သော ရဟိုင်းဈေးနှင့် ညနေဈေးဖြစ်သော သမီးတော်ဈေးများလည်း ပုံမှန်စည်ကားနေ၏။ မန္တလေးလျှပ်စစ်ဌာနကလည်း ဧပြီ ၈ ရက် ညမှာပင် မြို့ကို မီးပေးနိုင်ပြီ။ ဧပြီ ၉ ရက်ရောက်တော့ မုံရွာ၊ ရွှေဘို၊ ရေဦးဘက်မှ အဝေးပြေးကားများပင် ယခင်ကလို ဝင်ရောက်လာကြ၏။ ၁၉၄၉ ခု ဧပြီလ ၈ ရက်နေ့တွင် ကေအင်ဒီအိုများလက်မှ မန္တလေးမြို့ လွတ်မြောက်၍ မြို့သိမ်း အခမ်းအနားကြီးအား မြို့လုံးကျွတ်မျှဝဲချီးကျင်းပပြီး မြို့မတူရိယာအသင်းကြီးကလည်း 'ပြည်တော်ဝင်' သီချင်းဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်ပါဝင်ခဲ့ခြင်းဖြစ်သည်။

**တက်ခေတ်လူငယ်များ
အားအင်တောင့်တင်းစေ**

ဤသို့ဖြင့် ၁၉၄၅ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၄၉ ခုနှစ်တွင် တစ်ကြိမ် မြို့သိမ်းအောင်ပွဲအခမ်းအနားများတွင် ပြည်တော်ဝင်သီချင်းကို မြို့လုံးကျွတ် သမိုင်းတွင်စွာ သီဆိုတီးမှုတ်ပြီးနောက် မန္တလေးမြို့တွင် လူထုအောင်ပွဲဆင်တိုင်း၊ ယုတ်စွအဆုံး ရန်သူမျိုးငါးပါးရန်က ရုန်းထွက်ကာ ပြန်လည်ထူထောင်တိုင်း ခေတ်အဆက်ဆက် 'ပြည်တော်ဝင်' ဖြင့် မြိန်မြိန်ယှက်ယှက် အောင်စည်ရွှမ်းခဲ့ကြသည်ချည်းဖြစ်သည်။ အထူးသဖြင့် ၁၉၆၈ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ၁၁ နှစ်တိုင်တိုင် မြို့မငွေဝန်းအလှပြယာဉ်နှင့် မန္တလေးသင်္ကြန်ကို ပါဝင်ဆင်နွှဲခဲ့သော အနုပညာရှင်ကြီးဝင်းဦးကလည်း နှစ်တိုင်း မပျက်မကွက် ငွေဝန်းပေါ်မှ 'ပြည်တော်ဝင်' ဖြင့် အခါတော်ကို ကြိုဆိုခဲ့သည်။ သင်္ကြန်တွင်း ညဥ့်ဦးယံတိုင်း မန္တလေးတစ်မြို့လုံး အောင်စည်ရွှမ်းသံလွှမ်းခဲ့သည်မှာ ၁၁ နှစ်တိုင်ခဲ့သည်။ ထိုစဉ်ကာလ သင်္ကြန်အခါတွင်း ဖျော်ဖြေမှုသာမက တရိပ်ရိပ်ကျဆင်းနေသော နိုင်ငံ၏ နိုင်ငံရေး စီးပွားရေးအဆိုးသံသရာထဲမှ ရုန်းကန်ထွက်နိုင်ဖို့ အနုပညာဖြင့် အားပေးသည့်အနေနှင့် သီဆိုစေခဲ့သော မန္တလေးသားကြီးများ၏ အစီအမံဟုဆိုသော် လွန်အံ့မထင်။

သည့်နောက်ပိုင်း နိုင်ငံရေးအကွပ်အညှပ်ပြင်းထန်လာချိန်တွင် ထောင်တွင်းတိုက်ပွဲများအတွက် တွန်းအားဖြစ်စေခဲ့သော 'ပြည်တော်ဝင်' မှ ဖြစ်ဟဲ့ဆို ဖြစ်ရမယ်တဲ့ တက်ခေတ်လူငယ်များ အားအင်တောင့်တင်းစေ. . ဟူသော လှုံ့ဆော်မှုကို မန္တလေးသား နိုင်ငံရေးအကျဉ်းသားများက စတင်လိုက်သောအခါ 'ပြည်တော်ဝင်' သည် အာဏာပိုင်များအတွက် အဆိပ်အတောက်ဖြစ်ခဲ့သည်မှာ ၁၉၈၀ ခုနှစ်ဝန်းကျင်ကတည်းကဖြစ်သည်။



အေဝမ်း ဆရာ ညာ

**ခေတ်အဆက်ဆက် နှလုံးသားထဲက
ပြည်တော်ဝင်**

တကယ်တော့ သီချင်းတစ်ပုဒ်၏ ကျော်ကြားထင်ရှားခြင်းဟူသည် ဓာတ်ပြားရမှု၊ ရေဒီယိုမှ ထုတ်လွှင့်မှု၊ ရုပ်မြင်သံကြားမှ ထုတ်လွှင့်မှုဟူ၍မဟုတ်။ ပြည်သူများ၏ ရင်ထဲနှလုံးသားထဲ ဘယ်လောက်စွဲနစ် စိမ့်ဝင်ခဲ့သလဲဆိုသည်က အဓိကဖြစ်သည်။ အထူးသဖြင့် မန္တလေးသီချင်းတွေက အခြေအနေအရ ဓာတ်ပြားနှင့်၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားဖန်သားပြင်နှင့် (ယခုအချိန်ထိ) အလှမ်းကွာခဲ့ဖြစ်သည်။ ထိုသီချင်းများထဲတွင် 'ပြည်တော်ဝင်' က ထိပ်ဆုံးကပါသည်။ ၁၉၄၅ ခုနှစ် ကတည်းကကိုး။ သို့သော် ကျွန်တော်တို့တစ်တွေ 'ပြည်တော်ဝင်' ဖြင့် အားအင်တွေ အကြိမ်ကြိမ် တောင့်တင်းခဲ့ပါပြီ။

အခုလည်း ငြိမ်းငြိမ်းချမ်းချမ်း ညီညီညွတ်ညွတ်နှင့် 'အောင်စည်ရွှမ်း' ချင်ကြတာ သန်း ၅၀ ကျော်သော မြန်မာပြည်သား အားလုံး၏ တူညီသောဆန္ဒပဲဖြစ်သည်။

# မှတ်မှတ်ရရ 2017 Met Gala ညနေခင်း

*ဟောလိဝုဒ်ကြယ်ပွင့်တွေရဲ့ ဖက်ရှင်ကျတဲ့ ဝတ်စားဆင်ယင်မှုတွေကို လှစ်ဟပြနေတဲ့ အခမ်းအနားတစ်ရပ်ဖြစ်တဲ့ Met Gala 2017 ကိုတော့ ပြီးခဲ့တဲ့ မေ ၁ ရက် ညနေပိုင်းက လန်ဒန်မှာ ကျင်းပခဲ့တာဖြစ်ပြီး နာမည်ကျော်ကြယ်ပွင့်များစွာတက်ရောက်ခဲ့ကာ ယင်းတို့အနက်မှ ထူးခြားတဲ့အနုပညာရှင်တွေရဲ့ အကြောင်းတွေကို ရွေးချယ်ဖော်ပြပေးလိုက်ပါတယ်။*



## အားလုံးကို မှင်တက်သွားစေတဲ့ ရီဟားနားရဲ့ 3D ဝတ်စုံ

ပေါ့ပ်တေးသံရှင် ရီဟားနားရဲ့ ယခုနှစ် Met Gala ညနေခင်းမှာ ကော်ဇောနီပေါ် ဝတ်ဆင်လျှောက်လှမ်းခဲ့တဲ့ ဝတ်စုံကတော့ မီဒီယာတွေနဲ့ အခြားသောကြယ်ပွင့်တွေကို အံ့အားသင့်စေခဲ့ကာ မှင်တက်ငေးမောစေခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

Met Gala 2017 ရဲ့ ညနေခင်းမှာတော့ ရီဟားနားဟာ ပွင့်ဖတ်တွေများစွာ ပါဝင်နေတဲ့ ရောင်စုံပန်းပွင့်ဒီဇိုင်းအမျိုးမျိုးနဲ့ အလှဆင်ထားတဲ့ 3D ဝတ်စုံကို ဝတ်ဆင်ကာ ကော်ဇောနီပေါ် လျှောက်လှမ်းခဲ့တာဖြစ်ပြီး သူ့ရဲ့မိတ်ကပ်ကိုလည်း ဝတ်စုံနဲ့လိုက်ဖက်ညီအောင် ပန်းပွင့်လေးတစ်ပွင့်နှယ် လိမ်းခြယ်ထားတာ တွေ့ရပါတယ်။

အခြားသောကြယ်ပွင့်တွေရဲ့ ဝတ်စုံတွေဟာလည်း သူ့အလှနဲ့သူ ရှိနေခဲ့ကြပေမယ့် ရီဟားနားရဲ့ဝတ်စုံကတော့ အများနဲ့မတူ တစ်မူထူးခြားနေတာ ဖြစ်ပါတယ်။ ရောင်စုံပန်းပွင့်တွေအပုံလိုက်အကြားက မျက်နှာလေးပေါ်ထွက်နေအောင်ဖန်တီးထားတဲ့ ဝတ်စုံကြောင့် ရီဟားနားဟာလည်း ပန်းပွင့်လေး တစ်ပွင့်အလား ထင်နေရပါတယ်။ ဒါ့ကြောင့် ထူးခြားတဲ့ 3D ဝတ်စုံကို ဝတ်ဆင်တက်လှမ်းလာခဲ့တဲ့ ရီဟားနားကသာ Met Gala 2017 ညနေခင်းကို သိမ်းပိုက်အနိုင်ယူသွားခဲ့သူဖြစ်ကြောင်း အဆိုပါမီဒီယာက ချီးကျူးရေးသား ဖော်ပြခဲ့ပါတယ်။

## အချစ်တွေကို ထုတ်ဖော်ပြသလာတဲ့ သယ်ဝိခ်ကန်းဒ်နဲ့ ဆယ်လီနာဂိုမက်ဇ်


ယခုနှစ်နှစ်စပိုင်းမှာ ချစ်သူတွေဖြစ်နေကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့တဲ့ ဂီတကြယ်ပွင့်စုံတွဲ သယ်ဝိခ်ကန်းဒ်နဲ့ ဆယ်လီနာဂိုမက်ဇ်တို့ဟာလည်း Met Gala 2017 အခမ်းအနားကို အတူတက်ရောက်ခဲ့ကြပြီး ကော်ဇောနီပေါ် လျှောက်လှမ်းလာစဉ်မှာ သူတို့နှစ်ဦးရဲ့ တစ်ဦးကိုတစ်ဦး ချစ်ခင်မြတ်နိုးမှုတွေကို ထုတ်ဖော်ပြခဲ့ကြကြောင်းလည်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

တစ်ယောက်လက်ကိုတစ်ယောက်တွဲကာ ကော်ဇောနီပေါ် လျှောက်လှမ်းလာခဲ့တဲ့ သူတို့နှစ်ဦးဟာ ကင်မရာတွေရှေ့မှာ တစ်ဦးကိုတစ်ဦး ဖက်ထားကာ ဓာတ်ပုံအရိုက်ခံခဲ့ကြပြီး တစ်ယောက်ကိုတစ်ယောက်နမ်းခဲ့ကြတာကိုလည်း တွေ့ခဲ့ရကြောင်းလည်း သိရပါတယ်။

ဆယ်လီနာဂိုမက်ဇ်ဟာ အသားရောင်ဂါဝန်ရှည်ကြီးကို ဝတ်ဆင်ကာ အခမ်းအနားကိုတက်ရောက်ခဲ့တာဖြစ်ပြီး ဆယ်လီနာရဲ့ ဝတ်စုံဟာလည်း Met Gala 2017အခမ်းအနားရဲ့ အကောင်းဆုံးသော ဝတ်စုံတွေထဲမှာ တစ်စုံအဖြစ် ဖော်ပြခြင်းခံခဲ့ရကြောင်းလည်း သိရပါတယ်။



အေး ပြည့် - စု စည်း ရေး သား သည်



## ရင်သွေးလေးနဲ့အတူ ပထမဆုံးပွဲတက်လာတဲ့ ဆရီနာဝီလျံ

အားကစားကြယ်ပွင့်တစ်ဦးဖြစ်တဲ့ တင်းနစ်ချန်ပီယံ ဆရီနာဝီလျံဟာလည်း Met Gala 2017 အခမ်းအနားကို ချစ်သူနဲ့အတူတက်ရောက်လာခဲ့ပါတယ်။ ဒီလိုကော်ဇောနီပေါ်လျှောက်လှမ်းခဲ့တဲ့ ဆရီနာဝီလျံဟာ ရင်သွေးလေးကို လွယ်ထားရတာကိုလည်း တွေ့မြင်ခဲ့ရပြီး ယခုအခမ်းအနားဟာ ရင်သွေးလေး ရရှိပြီးနောက် ဆရီနာဝီလျံကို ကော်ဇောနီပေါ် ပထမဆုံးအကြိမ် တွေ့မြင်ခဲ့ရခြင်းဖြစ်ကြောင်းလည်း အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဆရီနာဝီလျံဟာ ချစ်သူဖြစ်သူ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ အဲလက်ဇ်အိုဟန်းနီးယန်းနဲ့အတူ Met Gala 2017 အခမ်းအနားမှာမှ ပထမဆုံးအကြိမ်အဖြစ် ကော်ဇောနီပေါ် စုံတွဲလျှောက်လှမ်းခဲ့ခြင်းလည်း ဖြစ်ပါတယ်။

ဆီရီနာဝီလျံဟာ အဲလက်ဇ်အိုဟန်းနီးယန်းနဲ့ ရင်သွေးလေးရရှိခဲ့ကာ သူမှာ ရင်သွေးလေးလွယ်ထားရပြီဖြစ်ကြောင်းကိုတော့ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ် စာမျက်နှာပေါ်မှတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့ပြီး ရုပ်သံအစီအစဉ်မှာတော့ ဒီလို ထုတ်ဖော်ပြောကြားခဲ့ခြင်းဟာ မမျှော်လင့်ဘဲ ဖြစ်ခဲ့တာဖြစ်တယ်လို့လည်း ဆရီနာဝီလျံက ဖွင့်ဟခဲ့ပါတယ်။




## "TWICE" ရဲ့ တေးအယ်လ်ဘမ်သစ်အတွက် အစမ်းဓာတ်ပုံများ ထုတ်ဖော်ပြသ

တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "TWICE" ဟာ ယခုလအတွင်း ထုတ်လွှင့်တော့မယ့် အဖွဲ့ရဲ့တေးအယ်လ်ဘမ်သစ်အတွက် ရည်ရွယ်ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကို လတ်တလောမှာ ထုတ်ဖော်ပြသခဲ့ပြီး တေးအယ်လ်ဘမ်သစ်စတင်ထုတ်လွှင့်မယ့်ရက်ကိုလည်း ကြေညာပေးခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"TWICE"ဟာ ယခုလ ၁၅ ရက်မှာ တေးအယ်လ်ဘမ်သစ်ကို စတင်ထုတ်လွှင့်သွားမှာဖြစ်ပြီး တေးအယ်လ်ဘမ်ရဲ့ အမည်ကိုတော့ "Signal" လို့ပေးထားကြောင်းလည်း သိရပါတယ်။ "Signal"တေးအယ်လ်ဘမ်အတွက် အစမ်းဓာတ်ပုံတစ်ပုံကို ပြီးခဲ့တဲ့ ဧပြီ ၃၀ ရက်က ထုတ်ဖော်ပြသခဲ့ပြီးနောက် မေ ၁ ရက်မှာလည်း နောက်ထပ်ဓာတ်ပုံတစ်ပုံကို ပြသခဲ့ပါတယ်။ ယင်းဓာတ်ပုံနှစ်ပုံမှာ "TWICE" အဖွဲ့ဝင်တွေဟာ အနောက်တိုင်းကျောင်းဝတ်စုံတွေကို ဆင်တူဝတ်ဆင်ထားတာတွေ့ရပြီး နေရာတစ်နေရာတည်းမှာ ကိုယ်နေဟန်ထားပုံစံတူနဲ့ ရိုက်ကူးထားတာ တွေ့ရပါတယ်။ ဓာတ်ပုံနှစ်ပုံရဲ့ ကွာခြားချက်ကတော့ ပထမဆုံးထုတ်ဖော်ပြသခဲ့တဲ့ ဓာတ်ပုံမှာ အဖွဲ့ဝင်တွေဟာ ရယ်မောနေခြင်းမရှိဘဲ ပကတိတည်ငြိမ်တဲ့ မျက်နှာထားမျိုး ရှိနေတာဖြစ်ပြီး ဒုတိယဓာတ်ပုံမှာတော့ အားလုံးသော အဖွဲ့ဝင်တွေဟာ ပြုံးရယ်နေကြတာကိုလည်း တွေ့ရပါတယ်။

ဆက်လက်ပြီး "TWICE" ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီအန်တာတိန်းမန့်ကလည်း "Signal" တေးအယ်လ်ဘမ်ကို ထုတ်လုပ်ရောင်းချသွားမယ့်ပုံစံတွေကိုလည်း အွန်လိုင်းမီဒီယာမှတစ်ဆင့် ထုတ်ဖော်ပြသခဲ့ပါတယ်။ "Signal" ကို A, B, C အမျိုးအစားသုံးမျိုး ခွဲခြားကာ ထုတ်လွှင့်ရောင်းချသွားမှာဖြစ်ပြီး လတ်တလော အချိန်မှာတော့ ကြိုတင်မှာယူထားနိုင်ပြီဖြစ်ကြောင်းလည်း သိရပါတယ်။

လာမယ့် မေ ၁၅ ရက်မှာ စတင်ရောင်းချပေးသွားမယ့် "TWICE" ရဲ့ တေးအယ်လ်ဘမ်သစ် "Signal" ဟာ အဖွဲ့ရဲ့ စတုတ္ထမြောက် မီနီတေးအယ်လ်ဘမ်ဖြစ်လာမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# တစ်ပတ်အတွင်းထူးခြားအားကစားသတင်းများ

*ကစားသမားဘဝတစ်လျှောက် အကောင်းဆုံးဂိုးကို သွင်းယူလိုက်နိုင်ပြီလို့ ကြွေးကြော်လိုက်တဲ့ အမ်မရီကန်၊ စပါးပရိသတ်များရဲ့ အာဆင်နယ်အတွက် အကြီးမားဆုံး လှောင်ပြောင်သံ၊ မှတ်တမ်းတစ်ခုကို လိုက်မီဖို့ အသင့်ဖြစ်နေပြီဖြစ်တဲ့ စီရိုနယ်လ်ဒို၊ ကျွန်တော့ကစားသမားတွေက ခြေထောက်ကျိုးဒဏ်ရာမရဘဲ အိမ်သာကနေ ရေချိုးခန်းတောင် မသွားတတ်တော့ဘူးလို့ စိတ်ပျက်လက်ပျက်ဆိုလိုက်တဲ့ မော်ရင်ဟိုစတဲ့စတဲ့သတင်းတွေအပြင် ယခုရက်သတ္တပတ်အတွင်း ထူးခြားအားကစားသတင်းအချို့ကို တင်ဆက်ပေးလိုက်ပါတယ်။*




## မိုက်ကယ်ဖဲလ်ထက် ဒိုက်ထိုးကျွမ်းတဲ့ရက်ရှ်ဖို့ဒ်


မန်ယူတိုက်စစ်မှူး မားကပ်စ်ရက်ရှ်ဖို့ဒ်ဟာ ယူရိုပါလီဂ်၊ ချယ်လ်ဆီးကို အနိုင်ရတဲ့ ပရီမီယာလိဂ် ပွဲစဉ်တွေမှာ မန်ယူအတွက် အဆုံးအဖြတ်ဂိုးတွေကို သွင်းယူနိုင်ခဲ့လို့ ချီးကျူးမှုတွေ ပလူပျံအောင်ရခဲ့ပေမယ့် ခုတော့ ဒိုက်ထိုးဘုရင် အမေရိကန်ရေကူးချန်ပီယံ မိုက်ကယ်ဖဲလ်ထက်တောင် ဒိုင်ဗင်ပစ် ကျွမ်းသူရယ်လို့ လှောင်ပြောင်သရော်မှုတွေ ခံနေရပြန်ပါပြီ။ ဆွမ်ဆီးနဲ့ ပွဲစဉ်အတွင်း ပင်နယ်တီဧရိယာအတွင်း ရှင်းရှင်းလင်းလင်းကြီးကို ဒိုင်ဗင်ပစ်ပြီး ပင်နယ်တီရဖို့ကြိုးစားခဲ့တဲ့ ရက်ရှ်ဖို့ဒ်ကို အင်္ဂလန်မီဒီယာတွေက လှောင်ပြောင်လို့နေပါတယ်။ ရက်ရှ်ဖို့ဒ်ဟာ အီဗရာဟီမိုဗစ် ဝင်ရောက်မကစားနိုင်တဲ့ အချိန်တွေအတွင်း မန်ယူအသင်း လိုအပ်နေတဲ့ တိုက်စစ်ကွက်လပ်ကို ဖြည့်တင်းပေးနိုင်ခဲ့ပေမယ့် ယခုလိုလုပ်ရပ်တွေကြောင့် သူ့ရဲ့ အစွမ်းအစတွေအပေါ် မေးခွန်းထုတ်လာကြတာဖြစ်ပါတယ်။ ဘာပဲပြောပြော ယခုရက်သတ္တပတ်ဟာ ရက်ရှ်ဖို့ဒ်အတွက် အကောင်းရော အဆိုးပါဒွန်တွဲခဲ့တဲ့ ရက်သတ္တပတ်ဖြစ်တယ်ဆိုတာတော့ သေချာနေပါတယ်။

## လူက အက်သလက်တီကို၊ စိတ်က အင်တာဖြစ်နေပြီလား ဆီမြွန်နီ



အက်သလက်တီကို နည်းပြ ဆီမြွန်နီဟာ အက်သလက်တီကို အသင်း လေ့ကျင့်ရေးကွင်းမှာ ပျော်ပျော်ရွှင်ရွှင်ပုံစံနဲ့ ရှိခဲ့ပေမယ့် သူ့စိတ်ကတော့ စပိန်မြေနဲ့ အဝေးတစ်နေရာကို ရောက်ရှိလို့နေပါတယ်။ အင်တာမီလန်အသင်းက ဆီမြွန်နီကို သုံးနှစ်စာချုပ်အတွက် ပေါင် ၆၅သန်း ဝန်းကျင်နဲ့ ကမ်းလှမ်းထားတာပါ။ ဆီမြွန်နီဘက်ကလည်း အကြိုဗိုလ်လုပွဲကို တတိယအကျော့ပြီးရင် အင်တာနဲ့ ဆွေးနွေးမှုတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်။ အင်တာမီလန်အသင်းကို တရုတ်သူဌေးတွေ ဝယ်ယူပြီးနောက် အကြီးအကျယ်ပြုပြင်ပြောင်းလဲဖို့ ကြိုးစားရာမှာ ဆီမြွန်နီက အဓိက ပစ်မှတ်ဖြစ်နေခဲ့တာပါ။ ဒီသတင်းဟာ အက်သလက်တီကို ပရိသတ်တွေအတွက် သတင်းဆိုးဖြစ်နေပေမယ့် အင်တာပရိသတ်တွေအတွက်တော့ ကြီးမားတဲ့ ဆုလာဘ်ကြီးဖြစ်နေတာပါ။ ဆီမြွန်နီဟာ ပြီးခဲ့တဲ့နှစ် ဘောလုံးရာသီက အက်သလက်တီကိုနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်ကို သက်တမ်းလျှော့ခဲ့ပြီးနောက်မှာကတည်းက ဆီမြွန်နီနဲ့ အက်သလက်တို့ လမ်းခွဲမှုကို မြင်တွေ့ရတော့မလားဆိုပြီး အားလုံးက စိတ်ဝင်တစားစောင့်ကြည့်နေကြတာဖြစ်ပါတယ်။ ဆီမြွန်နီကို ချိတ်ဆက်နေတယ်လို့ သတင်းထွက်နေတဲ့အထဲမှာ ပရီမီယာလိဂ်ကလပ် အာဆင်နယ်လည်း ပါဝင်တယ်လို့ သတင်းတွေထွက်နေပေမယ့် တကယ်တမ်းကျတော့ ကစားသမားဘဝအဖြစ် ဖြတ်သန်းဖူးတဲ့ အင်တာမီလန်ကိုသာရောက်ရှိဖို့ အလားအလာကောင်းနေခဲ့တာဖြစ်ပါတယ်။

## မန်ယူကစားသမားတွေရဲ့ ဒဏ်ရာရရှိမှုအပေါ် စကားနာထိုးလိုက်တဲ့ မော်ရင်ဟို



မန်ယူအသင်း ရလဒ်ကောင်းတွေ ရလာမှ ကစားသမားတွေရဲ့ ဒဏ်ရာပြဿနာတွေဟာ မန်ယူအသင်း ထိပ်ဆုံးလေးနေရာနဲ့ ရာသီသိမ်းနိုင်မယ့် အခွင့်အရေးတွေကိုလွဲချော်အောင် အပြိုင်နဲ့ ဖြစ်နေသလား ထင်ရအောင်တစ်ယောက်ပြီးတစ်ယောက် ဒဏ်ရာရနေကြတာပါ။ ရတဲ့ဒဏ်ရာတွေ တိုင်းကလည်း အကြီးစားတွေချည်းဖြစ်နေတာကြောင့် မန်ယူအသင်းရဲ့ မျှော်လင့်ချက်တွေ ရေစုန်မျောရမလား အချို့က စိုးရိမ်နေပါတယ်။ မော်ရင်ဟိုက ရိုဂျိုနဲ့ အီဗရာဟီမိုဗစ် ဒဏ်ရာ ရချိန်တုန်းက သူ့ရဲ့ စိတ်ပျက်ရမှုကို ပေါ်ပေါ်ထင်ထင် ပြသခဲ့ပေမယ့် သူ့ရဲ့ ယခုနှစ်ရည်မှန်းချက်ဖြစ်တဲ့ ယူရိုပါလိဂ်ဖလားကိုရယူဖို့ စိတ်ပိုင်းဖြတ်ပြီးသားပဲလို့ တုံ့ပြန်စကားဆိုခဲ့ပါတယ်။ ဆွမ်ဆီးကို ရင်ဆိုင်တဲ့ပွဲမှာ ဗဟိုနောက်ခံလူ ဘိုင်လီနဲ့ လုခ်ရှောတို့ ဒဏ်ရာ ပြဿနာ၄ ထပ်မံကြုံတွေ့ခဲ့ရချိန်မှာတော့ မော်ရင်ဟိုက "ကျွန်တော့ ကစားသမားတွေဟာ ခြေထောက်မှ မကျိုးရရင် အိပ်ရာကနေ အိမ်သာကိုတောင် မသွားနိုင်တဲ့ သဘောဖြစ်နေတယ်။ ကျွန်တော် ဒဏ်ရာရတဲ့ အကြောင်းတွေကို မသိပါဘူး။ လုခ်ရှောကတော့ ကွင်းထဲမှာ ၁၀ မိနစ်တောင် ပြည့်အောင် မကန်နိုင်ဘူးဆိုတော့ ဒဏ်ရာပြဿနာ အတော်ကြီးလို့ဖြစ်မှာပေါ့။ စမောလင်း၊ ရိုဂျိုတို့အကြောင်းကို ကျွန်တော် မပြောလိုပါဘူး။ ဒါ့ထက်ဆို သူ့ကိုခေါ်ကစားရင် အချိန်မရွေးပဲလို့ပြောတဲ့ မာတာအကြောင်းပြောရတာ ပိုကြိုက်ပါတယ်"လို့ ပြောခဲ့တာဖြစ်ပါတယ်။

## အမ်မရီကန်ရဲ့ အကောင်းဆုံးသွင်းဂိုး




လီဗာပူးက ဝက်ဖို့ဒ်သင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိတဲ့ ပွဲစဉ်မှာ လီဗာပူးကွင်းလယ်လူ အမ်မရီကန်ဟာ ကလပ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့ပါတယ်။ အမ်မရီကန်ဟာ ဝက်ဖို့ဒ်အသင်း ပင်နယ်တီဧရိယာ အစပ်လောက်ကနေ နောက်ပြန်ကန်ချက်နဲ့ အနိုင်ဂိုးကို လှလှပပ သွင်းယူခဲ့တာဖြစ်ပါတယ်။အမ်မရီကန်ရဲ့ သွင်းဂိုးဟာ အခုနောက်ပိုင်းပွဲတွေမှာ သရေပွဲတွေ ရှုံးပွဲတွေကြောင့် ချန်ပီယံလိဂ် ဝင်ခွင့်ပါထိခိုက်နိုင်တယ်လို့ ခန့်မှန်းခံလာရတဲ့ လီဗာပူးအသင်းအတွက် ဖိအားအချို့ကို လျှော့ချနိုင်ခဲ့ပါတယ်။ ကာယကံရှင်ဖြစ်တဲ့ အမ်မရီကန်ကတော့ ဒီသွင်းဂိုးဟာ သူ့ရဲ့ ကစားသမားဘဝတစ်လျှောက် အလှပဆုံးနဲ့ အသေသပ်ဆုံးသွင်းဂိုးရယ်လို့ တံဆိပ်ကပ်လိုက်ပါတယ်။ ဒါပေမယ့် တွစ်တာ အသုံးပြုသူတွေကတော့ ကမ်တစ်ယောက် 'ကြက်ကန်းဆန်အိုးတိုးခဲ့တာရယ်' လို့ မှတ်ချက်ပြုရေးသားနေကြပါတယ်။ ဘော်လ်တန်အသင်းတိုက်စစ်မှူး အာကင်ဖန်ဝါကတော့ ၂၀၁၁ ခုနှစ် မန်စီးတီးအသင်းဘက်ကို ဂိုးသွင်းယူနိုင်ခဲ့တဲ့ မန်ယူတိုက်စစ်မှူး ဝိန်းရွန်းနီရဲ့ သွင်းဂိုးကသာ အကောင်းဆုံး နောက်ပြန်ကန်ချက်သွင်းဂိုးဖြစ်တယ်လို့ တွစ်တာပေါ်ကနေ မှတ်ချက်ပြုရေးသားခဲ့တာဖြစ်ပါတယ်။

## ဝင်းဂါးကိုလှောင်တာလား၊ အာဆင်နယ်ပရိသတ်တွေကို ပြက်ရယ်ပြုတာလား





စပါးအသင်းက အာဆင်နယ်ကို နှစ်ဂိုး-ဂိုးမရှိနဲ့ မနိုင်ရရှိတဲ့ ပွဲစဉ်အတွင်း စပါးပရိသတ်များက "ဝင်းဂါးအပေါ် ကျွန်ုပ်တို့ ယုံကြည်ကြသည်" ဆိုတဲ့ ဆိုင်းဘုတ်တွေကိုကိုင်ပြီး ဝင်းဂါးကို အာဆင်နယ်အတွက် ဝင်းဂါး ဆက်ရှိနေစေချင်တဲ့ သူတို့ရဲ့ ဆန္ဒကို ဖော်ပြခဲ့ပါတယ်။ ဒီလို လန်ဒန်ဒါဘီပွဲစဉ် ယခင်က အစဉ်အလာပိုင်းမှာ အသာမရခဲ့တဲ့ စပါးက အာဆင်နယ်ကို နောက်ပိုင်းနှစ်တွေမှာ သိသိသာသာ အသာရခဲ့တာကြောင့် စပါးပရိသတ်တွေရဲ့ အမြင်မှာတော့ အာဆင်နယ်ဟာ ဟန်သာရှိတော့တဲ့အသင်းဖြစ်လို့နေတာပါ။ ဒါကြောင့် စပါးပရိသတ်တွေက ဝင်းဂါးနဲ့ နှစ်၂၀ ကြာ ခရီးဆက်နေတဲ့ အာဆင်နယ်ရဲ့ ဆုတ်ယုတ်လာမှုဟာ ရယ်သွေးစရာ၊ လှောင်ပြောင်စရာ ဖြစ်လို့နေတာဖြစ်ပါတယ်။ ဒီပွဲမှာလည်း အာဆင်နယ်ရဲ့ တိုက်စစ်မှူးတွေ သူတို့အသင်းဘက်ကို ချေပဂိုးတစ်ဂိုးတောင်မသွင်းယူနိုင်ဘဲ နှိပ်ကွပ်ပြလိုက်နိုင်တာဟာ စပါးပရိသတ်တွေအတွက် အလှပေါ် အယဉ်ဆင့်ဆိုသလို ပိုပြီးကျေနပ်စရာဖြစ်နေတာဖြစ်ပါတယ်။

## မှတ်တမ်းသစ်ရေးထိုးဖို့ အသင့်အနေအထားနဲ့ စီရိုနယ်လ်ဒို




ရီးယဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ မန်ယူအသင်းမှာ ခြောက်ရာသီ၊ ရီးယဲလ်မက်ဒရစ်အသင်းမှာ ကိုးရာသီ တွင်းရောက်ရှိလာချိန်မှာ ဥရောပ သွင်းဂိုးမှတ်တမ်းစိုက်ထူထားသူ ဂရီယာဗက်စ်ရဲ့ စံချိန်ဖြစ်တဲ့ ၃၆၆ ဂိုးကို ကျော်ဖြတ်နိုင်ဖို့ သုံးဂိုးသာ လိုတော့တဲ့အနေအထားကို ရောက်ရှိလို့ လာပါပြီ။ စီရိုနယ်လ်ဒိုဟာ မန်ယူအသင်းအတွက် လိဂ်သွင်းဂိုး ၈၄ ဂိုး၊ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုး၂၈၀ သွင်းယူနိုင်ခဲ့ပြီးဖြစ်တာကြောင့် သူ့ရဲ့ စုစုပေါင်းသွင်းဂိုးဟာ ၃၆၄ ဂိုး အထိရှိနေပြီဆိုတော့ ဂရီယာဗက်စ်ရဲ့ စံချိန်ကို ယခုနှစ်ဘောလုံးရာသီအတွင်း ကျော်ဖြတ်သွားဖို့ရှိနေပါတယ်။ ယခင် အင်္ဂလန်တိုက်စစ်မှူးဟောင်း အေစီမီလန်အသင်းကို မပြောင်းရွှေ့မီ လေးရာသီအတွင်း ချယ်လ်ဆီးအသင်းအတွက် ၁၂၄ ဂိုး၊ အေစီမီလန်အသင်းအတွက် ကိုးဂိုး၊ စပါးအသင်းအတွက် ဂိုး ၂၂၀၊ ဝက်စ်ဟမ်းအသင်းအတွက် ၁၃ ဂိုး သွင်းယူနိုင်ခဲ့ပြီး ဥရောပလိဂ်ဂိုး ၃၆၆ ဂိုး သွင်းယူနိုင်တဲ့ ကစားသမားအဖြစ် မှတ်တမ်းဝင်ထားပါတယ်။ စီရိုနယ်လ်ဒိုဟာ ဂရီယာဗက်စ်ရဲ့ စံချိန်ကို ကျော်ဖြတ်ခင် ဘိုင်ယန်တိုက်စစ်မှူး ဂတ်မူလာရဲ့ သွင်းဂိုးစံချိန် ၃၆၅ ဂိုးကို အရင်ဆုံး ကျော်ဖြတ်ရပါမယ်။ ဒါပေမယ့် စီရိုနယ်လ်ဒိုဟာ လက်ရှိမှာ အသက် ၃၂ နှစ်ကျော်နေပြီဖြစ်ပေမယ့် အကောင်းဆုံးခြေစွမ်းကို ဆက်လက်ထိန်းထားနိုင်ဆဲဖြစ်တဲ့အပြင် ဘိုင်ယန်မြူးနစ်ကို ကျော်ဖြတ်ပြခဲ့တဲ့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်မှာ ဟတ်ထရစ်ဂိုး( သွင်းဂိုးသုံးဂိုး)ကို သွင်းယူနိုင်ခဲ့ပြီးနောက်မှာတော့ ဟက်ထရစ်ဂိုး အကြိမ် (၄၀) အထိ သွင်းယူနိုင်ခဲ့တဲ့ ကစားသမားဆိုတဲ့ မှတ်တမ်းကို ပိုင်ဆိုင်နိုင်ခဲ့ပါတယ်။

**မေလဲ့သင်း**


MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
ရှယ်ပြော
မြန်မာပြည်မှာအသက်သာဆုံး
*234*3# ကို ဖုန်းခေါ်ဆိုပြီး ရယူလိုက်ပါ။
၁၅ ကျပ်
၁မိနစ်
ရှယ်ပြော အစီအစဉ်တွင် MPT အချင်းချင်း ဖုန်းခေါ်ဆိုတိုင်း ၁မိနစ်လျှင် ၁၅ ကျပ်သာ ကျသင့်ပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

# MYANMAR AVIATION ACADEMY

TALENTS FOR FLIGHTS

MAA ၏ အခမဲ့

- မြန်မာလေကြောင်းအကယ်ဒမီသည် လေယာဉ်မောင်းသင်ကျောင်းနှင့် လေကြောင်းလိုင်းဆိုင်ရာပညာရပ်များကိုလေ့ကျင့် သင်ကြားပေးလျက်ရှိသော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အသိအမှတ်ပြု မြန်မာနိုင်ငံ၏ပထမဦးဆုံးသော ပုဂ္ဂလိကသင်တန်းကျောင်းတစ်ခု ဖြစ်ပါသည်။
- အထူးအစီအစဉ်တစ်ရပ်အနေဖြင့် လေယာဉ်မောင်းသင်တန်းတက်ရောက်ရန် အမှန်တကယ်စိတ်ပါဝင်စားသူ မျိုးဆက်သစ်လူငယ်မောင်မယ်များအား လေကြောင်းလိုင်းဆိုင်ရာဘာသာရပ်များကို အထွေထွေဗဟုသုတအနေဖြင့် (၁) လတာ အခမဲ့သင်ကြားပေးမည်ဖြစ်ပြီး သင်ကြားပို့ချမည့်နည်းပြဆရာများမှာလည်း Asia Pacific Region တွင် နည်းပြတာဝန်ထမ်းဆောင်ခဲ့သော လက်ရှိ (MAA) မှ ဝါရင့်နည်းပြအရာရှိကြီးများဖြစ်ပါသည်။
- သင်တန်းကာလပြီးဆုံးပါက သင်တန်းသားများနှင့် မိဘများအား လက်ရှိလေ့ကျင့်သင်ကြားပေးလျက်ရှိသော ပုသိမ်မြို့ရှိ လေယာဉ်မောင်းသင်တန်းကျောင်းသို့သွားရောက်၍ အမောင်းသင်လေယာဉ်များ၊ Simulator နှင့် သင်တန်းသားများအား လေ့ကျင့်သင်ကြားပေးမှု၊ နေထိုင်စားသောက်မှုများကိုလည်း သွားရောက်လေ့လာနိုင်ရန် အသွား/အပြန် စားရိတ်ငြိမ်း စီစဉ်ပေးသွားမည်ဖြစ်ပါသည်။

သင်တန်းကာလ - ( ၁ . ၆ . ၂၀၁၇ ) ရက်နေ့မှ ( ၃၀ . ၆ . ၂၀၁၇ ) ရက်နေ့ထိ ။
သင်တန်းအချိန် - တနင်္လာနေ့ မှ သောကြာနေ့ ထိ ။ နံနက် ( ၉ း ၃၀ ) မှ ညနေ ( ၄ း ၃၀ ) အချိန်ထိ ။
သင်တန်းပို့ချမည့်နေရာ - Myanmar Aviation Academy ရန်ကုန်ရုံးချုပ် သင်တန်းခန်းမ ။

အထူးအစီအစဉ်

သင်တန်းတက်ရောက်လိုသူများ ( ၂ . ၅ . ၂၀၁၇ ) မှ ( ၁၉ . ၅ . ၂၀၁၇ ) ရက်နေ့ထိ အောက်ပါလိပ်စာများတွင် လာရောက်စာရင်းပေးနိုင်ပါသည်။

ရန်ကုန်ရုံးချုပ် - Condo ( C-6 )၊ ဒုတိယထပ်၊ (၆) ထပ်ဆောင်၊ မင်းဓမ္မအဆင့်မြင့်အိမ်ရာ၊ မင်းဓမ္မလမ်း၊ ရန်ကုန်တိုင်းဒေသကြီး ။ ဖုန်း - 01 655 609, 09 7996 79227
ပုသိမ်သင်တန်းကျောင်း - ရန်ကုန် - ပုသိမ် အဝေးပြေးလမ်းမကြီးဘေး၊ ပုသိမ်လေဆိပ်အနီး၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး ။ ဖုန်း - 042 - 29171, 09 258117308

---

# ရွှေပလ္လင်

မန္တလေး ဖွင့်ပြီ!

ရန်ကုန်မြို့ရဲ့အကောင်းဆုံး
ရွှေပလ္လင်လက်ဖက်ရည်
မန္တလေးမြို့သို့ရောက်ရှိလာပါပြီ။

ဘော်ဒါတွေစုပြီ ရွှေပလ္လင်ကို သွားစို့

02-59862

စစ်ကိုင်း - မန္တလေးလမ်း၊ ကွက်သစ်ထိပ်၊ နဂါးဝန်း။

---

# မင်္ဂလာပါ

အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

---

# မိုနဲဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်း၊ အမှတ်တရနှင့် ဝန်ထမ်း Uniform များအတွက် အရောင်စုံ၊ အသားစုံ၊ Design စုံ ကြိုက်ရာယူ

| | | |
|---|---|---|
| ချည်သား- T.Shirt | - | 1200 ကျပ် |
| Sport Shirt | - | 3250 ကျပ် |
| Shirt လက်တို | - | 3200 ကျပ် |
| ဦးထုပ် | - | 1100 ကျပ်(မှစ၍) |

- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- အမှတ်-၇၉၊ မြေညီထပ်၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးမှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
- Ph:01-292129, 01-9000260, 09-250388594
- Email:kyonedoe@gmail.com

---

အရည်အသွေး
# ဒဂုံမြို့သစ်

အရှေ့ပိုင်း/ မြောက်ပိုင်း
တောင်ပိုင်း၊ ဆိပ်ကမ်း
မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်၊
Ph : 09 73121050
09 457778224

---

# ရွှေယုန်မင်း

အမှတ်တံဆိပ်
ပျောက်ကင်းနိုင်သောအနာများ
အနာလိမ်းဆေး

အနာပဆုတ်ချုနာ၊ နို့နာ၊ ကိန္နရာနာ၊ ပါးပေါက်နာ၊ မွေးကျွတ်နာ၊ သွေးစုနာ၊ အနာစာဥ၊ ဝက်ခြံများ၊ သက်တန့်နာ၊ သံစူး၊ ငါးစူး၊ အနာဟောင်း၊ အနာဆွေးများ၊ လက်စွယ်ခြေစွယ်ငုတ်များ၊ အံဆုံးပေါက်နာ၊ အနာဟောင်းအနာဆွေးများ၊ ခွေးကြောင်ကိုက်နာများကိုသက်သာ ပျောက်ကင်းစေသည်။

ဖုန်း ၀၉ ၅၀၂၃၇၃

---

PUN HLAING + SILOAM HOSPITALS

မြန်မာနိုင်ငံနှင့်စင်ကာပူနိုင်ငံမှဆရာဝန်ကြီးများပူးပေါင်းကုသမှု
"နိုင်ငံခြားသို့သွားရောက်ကုသရန် မလိုတော့ပါ"

LIKE US ON facebook Pun Hlaing Siloam Hospitals

အရိုးရောဂါဆိုင်ရာစစ်ဆေးကုသမှုအမျိုးမျိုးတို့ကို

- မှန်ပြောင်းအသုံးပြု၍ ဒူးဆစ်အတွင်းရောဂါရှာဖွေကုသခြင်း (Arthroscopy)
- အရိုးအကြော၊ တင်ပါးဆုံဆစ်နှင့်ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုးခွဲစိတ်ကုသခြင်း
- Ilizarov နည်းပညာသစ်ဖြင့် အရိုးရှည်အောင်ခွဲစိတ်ကုသခြင်း
- အခြားအရိုးရောဂါများကိုကုသခြင်း

မေလ | ၆ | ရက်နေ့မှ | ၁၀ | ရက်နေ့အထိ

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄ ၃၂၃၊ ၆၈၄ ၃၂၅၊ ၆၈၄ ၃၃၆၊ (၀၉) ၄၂၁ ၀၄၂ ၆၇၉၊ (၀၉) ၂၅၄ ၉၅၀ ၈၁၇ / မန္တလေး (၀၉) ၄၃၂ ၀၇၇၈၁ www.punhlaingsiloamhospitals.com

---



- (40'x100'),
- Hall Type,
- Dagon Industrial Zone,
- 6th Floor,
- War house,
- Office,
- Residence

Contacts:
09-5010112

---

မြို့လယ်ပထမထပ်ရောင်းမည်။
(၃၇)လမ်း၊ 500sqft. နိုင်ငံခြားစတိုင် အဆင့်မြင့် အားလုံးပြင်ဆင်ပြီး၊ ပရိဘောဂစုံ၊ 1AC၊ ရေပူရေ အေး၊ ရေချိုးသေတ္တာ။ အဝတ်လျှော်စက်၊ Sky Net , 43" TV
(၁၄၅၀)သိန်း၊ ၀၉-၂၅၀၀၂၄၆၃၅

---

# ဒဂုံမြို့သစ်

အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်၊
09-500 5916
09-730 97123

---

## အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြို့မ(၁)၊ (၇)လမ်းနေ ဒေါ်ခင်ကြည် [၁၂/ဒလန(နိုင်)၀၂၀၅၉၂]၏ မွေးများဖြစ်သော မောင်မျိုးဟန်(ခ)မောင်ဖြိုးဝေနှင့် မောင်ကျော်ဇင်တို့သည် ဆိုဆုံးမမှုကိုမနာခံဘဲ မိမိတို့၏သဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် မွေးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းတို့နှင့်ပတ်သက်၍ ကိစ္စအဝဝကို (တာဝန်)မယူပါကြောင်း ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဒေါ်ခင်ကြည်[၁၂/ဒလန(နိုင်)၀၂၀၅၉၂]

---

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

စေတနာကောင်းမှ ပညာရေးကောင်းမည်

**မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း**

ပရဟိတပါသောစီးပွားရေးလုပ်ငန်း "Social Business" အဖြစ် ရည်ရွယ်လုပ်ကိုင်ခြင်းကြောင့် ကျူရှင်လောက်ပင် ဈေးမကြီးသော ကျောင်းလခဖြင့် အကောင်းဆုံးပညာရေးဝန်ဆောင်မှုများကို နိုင်ငံကျော် ဆရာ ဆရာမကြီးများက ဂုဏ်ယူစွာသင်ကြားပေးသည်။

| အတန်း | ကျောင်းချိန် | ကျောင်းလခ | ဝင်ကြေး |
|---|---|---|---|
| သူငယ်တန်း | ညနေ ၁၂း၁၅ မှ ၅း၁၅ နာရီ | ၄၀,၀၀၀ | ၃၀၀၀၀ |
| ၁-တန်း | " | ၄၀,၀၀၀ | ၃၀၀၀၀ |
| ၂-တန်း | " | ၄၀,၀၀၀ | ၃၀၀၀၀ |
| ၃-တန်း | " | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၄-တန်း | " | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၅-တန်း | " | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၆-တန်း | " | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၇-တန်း | " | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၈-တန်း | နံနက် ၇း၀၀ နာရီမှ ၁၂း၀၀ နာရီ | ၅၀,၀၀၀ | ၄၀၀၀၀ |
| ၉-တန်း | " | ၅၅,၀၀၀ | ၄၀၀၀၀ |
| ၁၀-တန်း | " | ၆၅,၀၀၀ | ၄၀၀၀၀ |

(ကျောင်းပြောင်းလက်မှတ်ကို ဖွင့်လ မှပေးပါ)

**မေ ၄ ရက်** နေ့ ကျောင်းစတင်ဖွင့်မည်

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ

**ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)**

**သမိုင်းတံခွန် ဦးထွန်းနွယ်**

ဦးစီးတည်ထောင်သော

# ပညာနန်းတော်

**အ.ထ.က**

**ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ**

**ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း**

**အကောင်းဆုံးပညာ၊ အကောင်းဆုံးနေရာ၊ အကောင်းဆုံးဘော်ဒါ**

(စောစောအပ်နှံမှသာ နေရာအတွက် စိတ်ချရပါမည်။)

**ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်**

ဆရာကောင်းမှ တပည့်ကောင်းမည်

**မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း**

**ရည်ရွယ်ချက်** ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက် တည်တံ့ရေးအတွက် ခေတ်မီပညာရေးသည် အဓိကပင်မလမ်းကြောင်းကြီး ဖြစ်သည်ဟု ယုံကြည်သည်။

**အခြေခံမူကြီးများ** စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေး၊ စည်းကမ်း ကျင့်ဝတ် စောင့်ထိန်းလိုက်နာရေး၊ ပညာရည် ထူးချွန်ထက်မြက်ရေးဟု မူကြီးသုံးရပ်ချမှတ်ကာ အရည်အချင်းပြည့်ဝသော ဆရာ ဆရာမကြီးများဖြင့် တာဝန်ယူ တည်ဆောက်နေကြပါသည်။

**ကျောင်းမှန်မှန်တက် စာမခက်** ပါမောက္ခကြီးများ၊ နိုင်ငံကျော် ကျူရှင်ဆရာကြီးများနှင့် ဝါရင့် ဆရာ ဆရာမကြီးများ၏ ကောင်းမွန်ပြည့်စုံသော သင်ကြားရေးကို တိကျရှင်းလင်းစွာ နားလည်ရရှိကြပြီးဖြစ်၍ ကျောင်းသူကျောင်းသားများသည် ကျူရှင်ထပ်မံယူရန် မလိုအပ်ပါ။

**ပညာရည်ချွန်ဆု** ကျောင်းအသီးသီးတွင် နဝမတန်းစာမေးပွဲကြီး၌ အဆင့် ၁ မှ ၃ အထိ ရရှိခဲ့သူများအား အခမဲ့ပညာသင်ကြားခွင့်ဆု ချီးမြှင့်ပါမည်။

**ဝိဇ္ဇာပညာသင်ဆု** နဝမတန်းနှင့် ဒသမတန်းတွင် (ပထဝီ၊ ဘောဂ၊ သမိုင်း) ဘာသာတွဲ သင်ယူလိုသူများကို အခမဲ့ပညာသင်ဆု ချီးမြှင့်ပါမည်။

**ဖွံ့ဖြိုးရေး** ပြဋ္ဌာန်းသင်ရိုးအစီအစဉ်များအပြင် အထူးအစီအစဉ်အဖြစ် ကွန်ပျူတာသင်ကြားရေးကို ကျောင်းသားတစ်ဦးလျှင် Laptop တစ်လုံးစီ(ကျောင်းမှပေး)ဖြင့် Projector, Powerpoint, documentary များနှင့် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများ ရေးဆွဲ သင်ကြားပေးသည်။ သို့သော် Mobile Phone ကို လုံးဝ ယူခွင့်မပြုပါ။

ရုံးချုပ် - မြေအမှတ် 118 A/B ကျွန်းရွှေမြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ ရန်ကုန်။ Tel : 01-577 605, 09 782 216 338 pnndschool ကျောင်းရုံးခန်း > A-2 (တက်လမ်း)၊ သံသုမာလမ်း၊ သုဝဏ္ဏ။



**ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ပညာရေး ဘော်ဒါ**

(သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်းအထိ)

**IDEAL CLASS EDUCATION CENTRE**

# ICEC

**"စံ" ပညာ့ရိပ်သာ (လှိုင်)**
မြေအမှတ်(၂)၊ ရွာမကျောင်းလမ်း၊ ဗဟိုလမ်းအနီး၊ လှိုင်မြို့နယ်။
Tel : 09 3005 9147, 09 3005 9148, 09 7958 86818, 09-450401055

**"စံပြ" ကျောင်း (တာမွေ)**
(5A) လယ်ယာရွှေမြေလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်။
Tel : 09 731 66911, 09 731 62577, 09-450401011, 09 7996 43183

**"စံမီ" ကျောင်း (လှိုင်သာယာ)**
အမှတ်(၆၉၁/ခ-၂) ညောင်တုန်းလမ်းနှင့် ကျန်စစ်သားလမ်းထောင့် လှိုင်သာယာမြို့နယ်။ ရုံးရှေ့မှတ်တိုင်(ယခင်-ဝင်းသူဇာဆိုင်)
Tel : 09 7852 74023, 09 7998 62303, 09 7904 90781

Website : www.icecprivateschool.com

**ICEC "စံပြ" (တာမွေ)** ကျောင်းခွဲအား (1.3.2017) မှစ၍ (5-A)၊ လယ်ယာရွှေမြေလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်သို့ ပြောင်းရွှေ့ကျောင်းအပ် လက်ခံနေပါပြီ။

Tel : 09-73166911
09-73162577

သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်းအထိ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ICEC ကျောင်းခွဲအားလုံးတွင် ကျောင်းအပ်လက်ခံနေပြီ။



# SAMSUNG

**DAY | MAY 2017**

မေလ(၁)ရက်နေ့မှ (၅)ရက်နေ့အထိ

**Samsung Smartphones နှင့် Tablets တွေ ဝယ်ယူပြီး လက်ဆောင်များ ရယူလိုက်ပါ...**

ကျပ် ၅၀၀,၀၀၀ အထက် ဝယ်ယူသူတိုင်းအတွက်



ကျပ် ၂၀၀,၀၀၀ မှ ၅၀၀,၀၀၀ အထိ ဝယ်ယူသူတိုင်းအတွက်




ကျပ် ၂၀၀,၀၀၀ အောက် ဝယ်ယူသူတိုင်းအတွက်



samsungmobilemyanmar samsungmyanmar samsungmyanmar

အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။

Call Center 01 2399 888 (Mon-Sun) 7AMto11PM

SAMSUNG

ကြော်ငြာ


GRACE Education Services

## IGCSE Class @ Grace Education Services & Learning Center

Open in May

IGCSE



- အတွေ့အကြုံရှိသောဆရာများမှသင်ကြားပေးမည်။
- IGCSE ပြီးပါကနိုင်ငံတကာတက္ကသိုလ်/ကောလိပ်များသို့ ဝင်ခွင့်၊ ထောက်ပံ့ကြေး၊ ပညာသင်ဆုများရအောင်ဆောင်ရွက်ပေးပါမည်။
- GES မှ နိုင်ငံပေါင်း(၁၄)နိုင်ငံနှင့်ကျောင်းပေါင်း (၁၀၀)ကျော်ချိတ်ဆက်ထားရှိသည်။
- သင်တန်းကာလ - ၁၂ လ
- သင်တန်းချိန် - Mon-Fri :8:00 AM - 1:30 PM & Sat-Sun :8:00AM-4:30 PM
- ဘာသာရပ် - English, Additional Maths, Pure Maths, Phy, Che Elective ( optional ) - Human Bio, ICT, Accounting
- ဝင်ခွင့် - Grade10, Sec 4 (or) Grade 9, Sec 3 Passed
- English Placement test ဖြေဆိုရမည်။
- Facilities: Small Class Size, Air-con class room, Hostel arrangement, Downtown area ( near Sule Pagoda )
- IELTS - Sat+Sun -3:00-4:30 pm
- TOEFL- Sat + Sun - 4:30-6:00 pm

Ya Thar Condo
7A, 7th Fl,
Corner of 31 ST & Bandoola Rd,
Pabedan Tsp
Yangon
09 51 40 802
0978 51 40 802

OK TRAVEL
ကျိုက်ထီး(ရွှေသုဒ္ဓမ္မပုံတော်) - စက်စဲ ကမ်းခြေ - မော်လမြိုင် - ဘားအံ(အပန်းဖြေခရီးစဉ်)
ထွက်ခွာမည့်နေ့ - မေလ (၉)ရက်နေ့၊ ၂၀၁၇ | စျေးနှုန်း ၅၉၀၀၀ကျပ်
မြိတ်-မဲဆောက်-ဘားအံ (၃ရက်/၂ည)
ထွက်ခွာမည့်နေ့ - မေလ (၁၉)ရက်နေ့၊ ၂၀၁၇ | စျေးနှုန်း ၉၉၀၀၀ကျပ်
ခင်နှင်း Travel
Myanmar Ever Bright Star Travel
GROUP TOUR TRAVEL

# YAG ပန်းချီသင်တန်း
အမှတ်-၂၇၃၊ ၅လွှာ၊ ဗညားဒလလမ်း၊ တာမွေ။
Ph-09 5065833, 0996 5065833

# ဆရာဒွေး နှင့်သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးအသား
Ph: 01-375970, 0951 72096, 09254541441

တရုတ် | ENGLISH Conversation Practice
Sayar Yang
Great Wall
TAMWE - 540714, 09 5183636
09 420230133

Bright-STAR
# BEC EDUCATION CENTRE
BEC Centre (1) No.89, 95, 52nd Street, Pazundaung Tsp, Yangon. Ph : 01-297034, 09-9010170
BEC Centre (2) Tel : 09-5000698, 09- 765000698, 09-5148254
BEC Centre (3) No.163/165, Shwebontha Str, Pabedan Tsp, Yangon. Ph : 01-374977, 09-5148254
Hot Line 09-258849499, 09-31932222

# A.1 Education Centre
ပညာပြည့်ဝနှုန်းလှသောဆရာကြီးများ
မြန်မာစာ ဦးအေးကျော်ထွာ
အင်္ဂလိပ်စာ ဦးအုပ်စိုးဟန်
သင်္ချာ ဦးထက်အောင်
ဓာတုဗေဒ ဒေါက်တာဇော်ဦး
ရူပဗေဒ ဦးမြတ်မိုး
ဇီဝဗေဒ Dr. U.S.A (Bio)
ဘောဂဗေဒ ဦးလှသိန်း
၆-၅-၂၀၁၇
095125882, 09 252210320, 09 5408943, 09 451808977

နိုင်ငံခြား Japan Tech
# စတစ်ကာ 1Sqft 400K
09254044529
09253548800

# မြန်မြင်းမိုရ်
ကိုယ်ပိုင်အထက်တန်းကျောင်းနှင့်ဘော်ဒါ (Since-1994)
09-263832985, 09-5160046

| အတန်း | လခ |
|---|---|
| ၅၊၆၊၇ | ၅၅၀၀၀ |
| ၈ | ၆၀၀၀၀ |
| ၉၊၁၀ | ၆၅၀၀၀ |

# စံချိန်မီ
Criterion Education Centre
မြန်မာစာ ဦးအေးကျော်ထွာ
အင်္ဂလိပ်စာ ဦးနိုင်လင်းဇော်
သင်္ချာ ဦးကျော်လင်းဦး
ဓာတုဗေဒ ဒေါက်တာဇော်ဦး
ရူပဗေဒ ဒေါက်တာကျော်သိန်း
ဇီဝဗေဒ ဒေါက်တာခင်လဲ့လဲ့
ဘောဂဗေဒ ဦးသူရိန်စိုး
Ph: 09-250081207, 09-252210320, 09-43178755, 09-5078612

# YCTC Business Institute
International Qualifications Network IQN (UK)
အသိအမှတ်ပြုချီးမြှင့်သည့် Single Subject Diploma သင်တန်းများ
ထူးချွန်ကျောင်းသား/သူများအတွက် Exam Fees ကင်းလွတ်ခွင့်ရရှိနိုင်မည့်အခွင့်အရေး



**Diploma in Marketing** [Sunday Only (4 Months)]
Asst.Prof. Win Min Thein (ဆရာKevin)
(M.Sc (B' mouth, UK).,
PhD (Candidate)
(9:00 AM to 12:00 PM)
21st May စမည်။

**Diploma in Human Resource Management** [Sunday Only (4 Months)]
Dr. Nay Min Aye
(M.Act.,PhD)
(1:00 PM to 4:00 PM)

**Diploma in International Financial Reporting** [Saturday Only (4 Months)]
U Aung Kyaw Soe
B.Com(Q)., M.Com, Dip in Accounting (LCCI III )
(4:30 PM to 7:30 PM)
(3rd June ) စမည်။

No.24, Yaw Min Gyi Street, Dagon Tsp, Yangon. Tel : (01) 393076, (09) 420 118 100, (09) 250 640 429

NPT
FMI CITY
09778878832, 09 960209888

# သီဟလင်း
01-570307
09-5112729
09-5126394

# EVER UP HUMAN RESOURCES INSTITUTE
Malaysia University of Science and Technology (MUST) မှ တိုက်ရိုက်ပေးအပ်ချီးမြှင့်သည့်

MUST MALAYSIA UNIVERSITY of SCIENCE and TECHNOLOGY

# MBA 2ND BATCH

2017, MAY Intake (ENROLL NOW)
Class : Sunday Only
Duration : 15 Months
Register deadline : 9th May, 2017
Classes begin : 13th May 2017
ဝင်ခွင့်သတ်မှတ်ချက် : ဘွဲ့ရ (သို့) QCF Level 6 Diploma Holder

သင်တန်းကြေးကို အတိုးမဲ့ လစဉ်အရစ်ကျပေးသွင်းနိုင်ပါသည်။ Verification Code: MQA/FA 1199 (http://www.mqa.gov.my/mqr/)

Room 402, MGW Tower, Bo Aung Kyaw Street, Botahtaung Township, Yangon, 01-256523, 09 444 777 901 ~ 903
Facebook : www.facebook.com/everup33.HRI, E-mail : info@everup33.com, Website : www.everuphrinstitute.com.mm

# ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ကြည်ကြည် (လ/ထညွှန်မှူး-ငြိမ်း၊ ပြန်/ဆက်)
### အသက်(၈၇)နှစ်
**နေပြည်တော်**

အမျိုးသားလွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးထက်-ဗိုလ်မှူးကြီးဒေါ်သန်းသန်းရီတို့၏မိခင် ဒေါ်ကြည်ကြည် အသက်(၈၇)နှစ်သည် ၂၉-၄-၂၀၁၇ရက် (စနေနေ့) နံနက် ၄နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်အောင်မြင့်(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)-ဒေါ်ခင်ပြုံး မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးကျော်ဆန်း (သုခိအောင်)
### အသက် (၉၅)နှစ်

စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာမိုးမိုးဆန်း၏ဖခင် ဒု-ဗိုလ်မှူးကြီး(ငြိမ်း) ဦးကျော်ဆန်း(ယခင်လူငယ်ရေးရာ/ မြန်မာနိုင်ငံစာတတ်မြောက်ရေးဗဟိုကော်မတီ)သည် ၂၉-၄-၂၀၁၇ရက်နေ့တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**စာတတ်မြောက်ရေးနှင့်ဒေသဖွံ့ဖြိုးမှု ကူညီရေးအဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီးဝင်းစိန်(ငြိမ်း) ကြည်း-၆၇၃၁
**ဒုတိယတပ်မတော်စစ်ဆေးရေးအရာရှိချုပ် (ငြိမ်း)**
**ဥက္ကဋ္ဌ (ငြိမ်း) ဗဟိုသမဝါယမအသင်း**
**နာယက (CB Bank)**
### အသက် (၉၂) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၂၉၃)၊ နတ်သျှင်နောင်လမ်း၊ (၃၅)ရပ်ကွက်နေ (ဦးဖေစိန်-ဒေါ်မမကြီး)တို့၏ သား၊ (ဒေါ်သိန်းသိန်း)၏ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီး ဝင်းစိန်(ငြိမ်း) နာယက(CB Bank)သည် ၃၀-၄-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ**
**CB Bank (PLC)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာသိန်းအောင်
### အသက် (၈၈) နှစ်

မြန်မာနိုင်ငံဓာတုသိပ္ပံအသင်း၏ နာယကအဖွဲ့ဝင် ဆရာကြီး ဒေါက်တာသိန်းအောင်သည် ၁-၅-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဓာတုသိပ္ပံအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာသိန်းအောင်
### အသက် (၈၈)နှစ်

ရန်ကုန်တက္ကသိုလ် ဓာတုဗေဒ ပါရဂူဘွဲ့ဦးစီးကော်မတီအဖွဲ့ဝင်ကျေးဇူးရှင် ဆရာကြီး ဒေါက်တာသိန်းအောင်သည် ၁-၅-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဌာနမှူးနှင့် ဆရာ၊ ဆရာမများ**
**ဓာတုဗေဒဌာန**
**ရန်ကုန်တက္ကသိုလ်**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
### ဒေါ်ခင်အေးမြင့် (ထင်ပေါ်-ပလတ်စတစ်)
### အသက် (၆၀)

ဗိုလ်မှူးမျိုးသူဝင်း-ဒေါ်စုစုဝင်းတို့၏မိခင် ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး ဒေါ်ခင်အေးမြင့် အသက် (၆၀)သည် ၃၀-၄-၂၀၁၇ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မောင်မောင်မြင့်-ဒေါ်ခင်ဆွေဝင်း မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
### ဒေါ်ခင်အေးမြင့် (ထင်ပေါ်-ပလတ်စတစ်)
### အသက် (၆၀)

ဗိုလ်မှူးမျိုးသူဝင်း-ဒေါ်စုစုဝင်းတို့၏မိခင် ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး ဒေါ်ခင်အေးမြင့် အသက် (၆၀)သည် ၃၀-၄-၂၀၁၇ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးညီညီထွန်း-ဒေါ်ဖြူသက်ခိုင် မိသားစု**

---

## ဒေါ်စန်းစန်းနီ
### အသက် (၈၂) နှစ်
**အထက်တန်းပြ(ငြိမ်း)၊ လေ့ကျင့်ရေးကျောင်းပညာရေးတက္ကသိုလ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ကုန်အင်းစိန်လမ်းမကြီး၊ ချစ်ရိပ်မွန်လမ်းသွယ်နေ (ဦးကြွက်နီ-ဒေါ်ကြင်လှ)တို့၏သမီး၊ Dr.ကိုကိုအောင်-Dr.သွယ်သွယ်ဌေးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ဦးကိုကိုလေး၏ ချစ်လှစွာသော ဇနီးသည် ၂-၅-၂၀၁၇(အင်္ဂါနေ့) နံနက် ၉း၅၅နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၇ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍၈-၅-၂၀၁၇(တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဆရာမ ဒေါ်ငြိမ်းငြိမ်းမြင့်
### အသက် (၈၀)
**(စာရေးဆရာမ၊ မြောင်းမြ မာလာဝေ)**
**မြောင်းမြမြို့နယ် ရာသက်ပန်အသင်းဝင်**

မြောင်းမြမြို့နေ (သခင်အေးမြင့်-ဆရာမကြီး ဒေါ်စန်းရင်)တို့၏သမီး၊ ကျောင်းအုပ်ဆရာကြီး ဦးထွန်းကြည်၏ဇနီး၊ ဦးကျော်ကျော်ဆန်း (နဂါးနီမှန်ဆိုင်)-ဒေါ်မာမာကြည်၊ ဦးရဲမြင့်-ဒေါ် နိုင်နိုင်မော်၊ [ဦးသိန်းမောင် (ပရဆေးနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)]တို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး၊ မခင်မို့မို့မြင့်၊ ကိုတိုးမြင့်နိုင်၊ ကိုဇင်မြင့်နိုင် (နတ်ရေစင်သက်န်းတိုက်)၊ မဧကရီကျော်ကျော်တို့၏ ချစ်လှစွာသောအဘွား သည် ၃၀-၄-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၁း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၇ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် မြောင်းမြမြို့ မြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးတင်ထွန်း (၇၂)နှစ်
**(အထပြ-ငြိမ်း၊ အထက-၁၂၊ အလက-၅၊ ဘုံကျော်)**

ရေနံချောင်းမြို့နေ (ဦးထွန်းရင်-ဒေါ်လှအုန်း)တို့၏ သား၊ ဒေါ်လှမြင့်၊ ဒေါ်ပေါက်စ၊ ဒေါ်စန်းစန်းမြင့်တို့၏ အစ်ကို၊ ရန်ကုန်မြို့နေ ဗိုလ်ကြီးနေထွန်းလင်း(ငြိမ်း) (လက်ထောက်အထွေထွေမန်နေဂျာ၊ စက်ရုံမှူး၊ ငွေပင်လယ်အအေးခန်းစက်ရုံ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)-ဒေါ်ထက်ထက်လှိုင်၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်၊ နဝရတ်ရိပ်သာ၊ တိုက်(L-1)၊ အခန်း(၁)နေ ဗိုလ်မှူးရည်မွန်(ခလရ-၂၇၀)-ဒေါ်ခိုင်သွယ်ထွန်း (အမက-၂၀)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးသုံးယောက်တို့၏ ချစ်လှစွာသောအဘိုး၊ ဒေါ်ဌေးဌေး(အလပြ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၉-၄-၂၀၁၇ (စနေနေ့) နံနက် ၀၀း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၇ (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ နဝရတ်ရိပ်သာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
### ဦးမောင်မောင် (၉၂)နှစ်
**နာယကကြီး၊ မန္တလေးမြို့၊ မလွန်ဈေး ဆန်လှူအသင်းကြီး**

မန္တလေးမြို့၊ မလွန်ဈေးဆန်လှူအသင်းကြီး၏ဥက္ကဋ္ဌ ဦးအိုက်ထူး(ခ) ဦးဉာဏ်ထူး-ဒေါ်စန်းစန်းမြင့်တို့၏ မွေးကျေးဇူးရှင်ဖခင်ကြီးသည် ၂၉-၄-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အမှုဆောင်များ**
**မလွန်ဆန်လှူသင်းထောက်အဖွဲ့**
**၁၂ရပ်ကွက်၊ တောင်ဥက္ကလာပ၊**
**ရန်ကုန်တိုင်းဒေသကြီး**

---

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဗိုလ်မှူးခင်ဇော်(ငြိမ်း) B.A (Philosophy) က/၁၀၁၉၀
**ကလေးဝကောင်စီ(ဥက္ကဋ္ဌ)၊ ကွန်ဟိန်းမဝတ(ဥက္ကဋ္ဌ-ငြိမ်း)**
### အသက် (၈၃) နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးရွှေစိုးလမ်း၊ အမှတ်(၃၇)၊ လေးလွှာနေ ဒေါ်ခင်မြတ်ဇော်၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးခင်ဇော်(ငြိမ်း)သည် ၃၀-၄-၂၀၁၇ရက်နေ့ ည ၁၁း၃၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**OTS (30) သူငယ်ချင်းများ**

---

## ကိုခင်ရွှေ (၃၈)နှစ်
**ပျားတဲရွာ/ကျောက်ဖြူ**
**B.C.Sc (Sittwe)**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ ပျားတဲကျေးရွာနေ (ဦးကျန်ချီး)-ဒေါ်စံကောမတို့၏သား၊ ကိုအောင်စံမြ-မခင်သန်း၊ မခင်လှရွှေ၊ မခင်ဝင်းရွှေ၊ ကိုကျော်ခင်ထွန်းတို့၏ အစ်ကိုသည် ၂-၅-၂၀၁၇ (အင်္ဂါနေ့) နံနက် ၅း၁၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [အမှတ်(၂၄၆)၊ ဇေတဝန်ကျောင်းလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၇ (တနင်္လာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအောင်ရွှေ (၅၉)နှစ်
**ဒု-ကြီးကြပ်ရေးမှူး**
**ကုန်းလမ်းပို့ဆောင်ရေး**
**ကုန်စည်(ရန်ကုန်)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မေဓာဝီဆေးရုံဝင်းနေ (ဦးစိန်)-ဒေါ်စန်းကြည်တို့၏ သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ သုခရိပ်သာ၊ (၅၂)လမ်းနေ (ဦးတင်အောင်-ဒေါ်မြမြ)တို့၏သားသမက်၊ ဦးတင်ဝင်းလှိုင် (ရွှေမန်းသူ)-ဒေါ်အေးအေးမော်၊ ဦးစန်းဌေးအောင်-ဒေါ်ဝါဝါသက်၊ ဦးကျော်မြင့်အောင်၊ ဒေါ်ပြုံးရီတို့၏ အစ်ကို၊ မောင်ဆန်းဝင်းထွန်း၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်လှလှချို (ကုန်းလမ်းပို့ဆောင်ရေး-ရန်ကုန်တိုင်းရုံး)၏ ချစ်လှစွာသောခင်ပွန်းသည် ၁-၅-၂၀၁၇ရက် နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၇ ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

### ဦးမင်းဟန် (၉၅)နှစ်
**(ကျောင်းကုန်း၊ ကျုံပျော်)**
**လွှတ်လပ်ရေး မော်ကွန်းဝင်(ဒုတိယဆင့်)**
**ဆောက်/လျှပ်ကုန်သွယ်ရေး(၁၅)၊ ငြိမ်း**
**ဒဘဗ(မွမ်းမံ)တိုင်းရင်းဆေးဆရာကြီး**

(ဦးဘိုးငြိမ်း-ဒေါ်သင်း)တို့၏ သား၊ (ဒေါ်သိန်းရီ)၏ခင်ပွန်း၊ ဦးမင်းဇော် (အထက-၂၊ လှိုင်၊ ငြိမ်း)-ဒေါ်မြမြ (အထက-၂လှိုင်၊ ငြိမ်း)၊ (ဦးဇော်ထွန်း)-ဒေါ်မေရီခင်ဖြူဖြူ၊ (ဦးသိန်းဇော်)-ဒေါ်ယဉ်ယဉ်လှ၊ (ဦးဇော်သင်း)၊ ဦးကျော်ဝင်း-ဒေါ်ခင်နှင်းဦး၊ ဒေါ်ခင်ဇော်ထွေး (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးဌေးဇော် (လှပိုပိုအလှပြင်ခန်းမ)၊ (ဦးခိုင်ဇော်)တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၂-၅-၂၀၁၇(အင်္ဂါနေ့) နံနက် ၁၀း၃၀နာရီတွင် အမှတ်(၈၀)၊ မြေညီ၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၇ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
### ဦးဇော်မင်းဦး(ခ)ဆန်နီ
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊**
**အလုပ်သမားရေးရာ**
**ဆက်ဆံရေးဦးစီးဌာန**
### အသက် (၅၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် (၉)၊ လမ်း (၁၁၀)နေ [ဦးသိန်းအောင်(ခ)မောင်မောင်သွင်-ဒေါ်ရင်ရင်နု]တို့၏သား၊ ဦးမြကြီး(ဆေး/ကုန်သွယ်-ငြိမ်း)-ဒေါ်အေးအေးမူ (M.F.T.B-ငြိမ်း)၊ ဒေါ်ဌေးဌေးမူ(မင်္ဂလာတောင်ညွန့်ထွေ/အုပ်-ငြိမ်း)၊ (ဦးခင်မောင်ဇော်)-ဒေါ်ဇင်မာအောင်(R.T.C-ငြိမ်း)၊ ဒေါ်ခင်ထွေးကြူ(ခ)ဘက်တီ (အထက-၃၊ မင်္ဂလာတောင်ညွန့်)တို့၏ မောင်၊ ဦးညီညီအောင်-ဒေါ်နီလာအောင် (စက်မှု-၁၊ ငြိမ်း)တို့၏ချစ်လှစွာသော အစ်ကို၊ ကိုအောင်ကြည်ထွန်း-မယင်းမာဟိန်း(ခ)ပုံ့ပုံ့၊ ကိုသန့်ဇင်ဖြိုးဝင်း-မခိုင်သူသူဇော်(ခ)ဂျူဂျူ(M.E.C)တို့၏ချစ်လှစွာသောဦးလေး၊ မဟန်သီရိအောင်၊ မယွန်းထည်ဝါလင်းတို့၏ချစ်လှစွာသောအဘိုးသည် ၂-၅-၂၀၁၇ ရက် မွန်းလွဲ ၁၂း၅၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၇ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးမျိုးမင်း(ခ)ကိုအေး(မုဒုံ)
### အသက် (၆၅)နှစ်

မုဒုံမြို့၊ မင်းတန်းရပ်နေ ဦးကြူမင်း(တိုင်စင်း)-ဒေါ်သိုက်ဌေးတို့၏ သား၊ ဦးထွန်းအောင် - ဒေါ်အေးအေးလှိုင်၊ ဒေါ်သီသီမော်(ရာမညနည်းပြ)၊ ဒေါ်မိမိနိုင်-Dr.ဦးမြင့်လွင်(Hong Kong)၊ ဦးမျိုးဝင်း-ဒေါ်သင်းသင်းရီတို့၏ ညီ/မောင်၊ ဦးမျိုးနိုင်(ခ)ဦးခင်မောင်ချစ်-ဒေါ်ကြူကြူလွင်၊ ဒေါ်လီလီမော်၊ ဒေါ်မိုးမိုးထွေး(Golden OK Pte Ltd)-ဦးကျော်ကျော်လှိုင် (OK Myanmar Co., Ltd)တို့၏ အစ်ကို၊ အမှတ်(၂)၊ ကမ္ဘောဇရိပ်သာလမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးမျိုးမင်းသည် ၂-၅-၂၀၁၇ ရက် နံနက်တွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၇(တနင်္လာနေ့) နံနက် ၉နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဆရာကြီး ဒေါ်ခေမာစာရီ (ခ) ဒေါ်ခင်မမရီ
**(ကံဦးကျောင်းတိုက်မဟာစည်ရိပ်သာ)၊ ပျဉ်းမနားမြို့**
**(မြို့နယ်ပညာရေးမှူး-ငြိမ်း၊ ကွတ်ခိုင်၊ အထက်တန်းကျောင်းအုပ်(ပင်လောင်း)၊ ကျည်တောင်ကန်၊ အလယ်တန်းကျောင်းအုပ် သတ်ပုတ်ပင်(အလက)၊ သပြေပင်(အလက)၊ အထက်တန်းပြဆရာမ အထက(၁) ပျဉ်းမနား၊ အထက(အေလာ) BA. Ed, B.Ed**
### အသက် (၈၂) နှစ်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ကံဦးမဟာစည်ရိပ်သာ၊ အမှတ်(၁၀/၄၉)၊ ဗိုလ်တာရာလမ်း၊ ငွေတောင်ရပ်၊ ပျဉ်းမနားမြို့၊ နေပြည်တော်နေ (ဦးအောင်ဖေ-ဒေါ်ကျင်အိ)တို့၏ တစ်ဦးတည်းသောသမီး၊ ဦးမြင့်လွင်(မြို့နယ်ပညာရေးမှူး-ငြိမ်း)၏ဇနီး၊ ဦးမိုးအောင်၊ ဒေါက်တာမိမိလွင်၊ ဒေါ်မိုမိုလွင်(အလက၊ ကန်းနား)၊ ဒေါက်တာအောင်မျိုးကျော်လွင် (လ/ထညွှန်ကြားရေးမှူး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန)-ဒေါ်ညိုညို(အထကခွဲ၊ ရှောက်ကုန်း)၊ ဦးကျော်စိုးသန်း (နဝရတ်ရွှေဆိုင်)၊ ဒေါ်လွင်မမလွင်(အထက၊ လယ်ဝေး)၊ ဦးမြဦး(မြန်မာ့မီးရထား)၊ ဒေါ်ခေးခေးအိလွင်၊ ဦးဇင်မျိုးကျော်လွင်-ဒေါ်ခိုင်စိန်စိန်၊ ဦးဟန်ပိုင်မျိုးကျော်လွင်(U.C.L)၊ ဒေါ်သော်တာအောင်(OXFAM)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၂ ယောက်တို့၏ဘွားဘွားကြီးသည် ၁-၅-၂၀၁၇ ရက် ညနေ ၆း၃၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂-၅-၂၀၁၇ရက် မွန်းလွဲ ၂ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်၊ မိတ်ဆွေ၊ သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးသိန်းဟန်(ခ)ဦးသောင်း(ရွှေကျင်မြို့)
**မြို့နယ်မှူး(ငြိမ်း)၊ စား/ဖျော်လုပ်ငန်း၊ တောင်ဥက္ကလာပ**
### အသက် (၈၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပင်းယ (၁၃)လမ်း၊ အမှတ်(၃၁၉)နေ (ဦးအောင်ဘွင့်-ဒေါ်ဒေါ်မြင့်)တို့၏သား၊ (ဦးစံအေး-ဒေါ်မမကြီး)တို့၏သားသမက်၊ (ဦးသန်းမြင့်-ဒေါ်တင်တင်ဦး)၊ ဦးစောဟန်-(ဒေါ်ခင်စောလှိုင်)တို့၏ညီ/မောင်၊ (ဦးကျော်စိန်)-ဒေါ်ရီရီ၊ ဒေါက်တာလှမြင့်-ဒေါ်နန်းနှင်းမှုံတို့၏အစ်ကို၊ ကျောက်ဆည်မြို့နေ (ဦးတင်ရွှေ)-ဒေါ်ခင်ညွန့်တို့၏မောင်၊ (ဦးဖုန်းကျော်)-ဒေါ်ခင်စု၊ (ဦးမြသန်း)-ဒေါ်အုန်းကြည် (မန္တလေး)၊ ဦးစံဌေး-ဒေါ်စန်းစန်းမြင့်၊ ဦးကျော်မြင့်-ဒေါ်လှလှအေးတို့၏အစ်ကို၊ ဦးကိုကို(ဂျပန်သံရုံး)-ဒေါ်ဝင်းဝင်းမာ၊ ဦးအောင်မိုး(ဓါတ်မှန် ကျွမ်းကျင်)-ဒေါ်အေးအေးမိုး (ကထိက၊ အင်္ဂလိပ်စာဌာန၊ပုသိမ်တက္ကသိုလ်)၊ ဦးစိုးလွင်တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်၊ မအိသဉ္ဇာကို၊ မသန္တာဆွေဇင် (အထက-၂ ရန်ကင်း)၊ မောင်ရဲမိုးအောင် (အထက-၂ ရန်ကင်း)တို့၏ဘိုးဘိုးကြီး၊ ဒေါ်နုနုအေး၏ ချစ်လှစွာသောခင်ပွန်း ဦးသိန်းဟန်(ခ)ဦးသောင်းသည် ၁-၅-၂၀၁၇(တနင်္လာနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၇(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်၌ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းသန်း
### အသက် (၈၃)နှစ်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နေ (ဦးစံရွှေ-ဒေါ်စိန်ပို)တို့၏ သမီးကြီး၊ (ဦးတင်ရင်-ဒေါ်တင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးရပ်ကွက်၊ သဇင်လမ်းသွယ်(၁)၊ အမှတ် (၁၅/၁၁၅)နေ [ဦးအောင်သောင်း (ထွေ/ဂျာ လယ်၊ စိုက်၊ ရှင်း)]၏ဇနီး၊ (ဦးမြင့်ဆွေ-ဒေါ်စန်းစန်းအေး)၊ (ဦးသန်းထွန်းအောင်)-ဒေါ်စီစီနှစ်၊ ဦးသာထွန်းဦး-ဒေါ်ခင်သန်းမော်၊ ဒေါ်အေးအေးတို့၏အစ်မကြီး ဒေါ်သန်းသန်းသည် ၂-၅-၂၀၁၇(အင်္ဂါနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၇(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရွှေပြည်သာနေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးဝမ်စွမ်(မြောင်းမြ)
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၄၄၈)၊ ရတနာဝင်းလမ်း၊ ပုလဲလမ်းဆုံအနီး၊ စက်မှုလမ်းမကြီး၊ (၁)ရပ်ကွက်၊ ဇုန် (၁)နေ (ဦးစွန်းနား-ဒေါ်မယ်မြင်)တို့၏သား၊ (ဒေါ်ကျင်ပု)၏ခင်ပွန်း၊ ဦးလှအုန်း-ဒေါ်ခင်အေးကြီး၊ ဦးတင်ဝင်း-ဒေါ်မြမြသန်း၊ ဦးဉာဏ်ဦး-ဒေါ်နီနီစိုး၊ ဦးတင်ထွန်း-ဒေါ်တင်တင်မိုး၊ ဦးသက်လွင်-ဒေါ်ခင်မာမာ၊ ဦးဝင်းမြင့်-ဒေါ်အေးအေးချို၊ ဦးဝင်းနိုင်(ခ)ဦးဆီတိုး-ဒေါ်ယုယုလွင်၊ ဦးအေးနိုင်-ဒေါ်ယုယုခိုင်၊ ဦးမင်းသက်နိုင်-ဒေါ်မူမူ၊ ဦးမြတ်ဇော်လင်း-ဒေါ်ဆွေဆွေဝင်းတို့၏ဖခင်၊ မြေး ၂၀ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘိုးသည် ၁-၅-၂၀၁၇ (တနင်္လာနေ့) နံနက် ၇း၄၅နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ရဲသူရိန် အောင်ဇေယျာထွန်း
**ဦးစီးအရာရှိ**
### အသက် (၃၉)နှစ်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်နေ ဦးမောင်ထွန်း၊ ဒေါ်စိုးစိုးဝင်းတို့၏သား၊ သန်လျင်မြို့၊ အောင်ချမ်းသာ (၂) ရပ်ကွက်နေ ဦးကျော်စိုး-ဒေါ်ခင်လှသန်းတို့၏ သားသမက်၊ မသက်ထားစံ၊ မောင်မင်းထက်ကိုတို့၏ဖခင်၊ ဒေါ်ခင်သန္တာစိုး၏ခင်ပွန်း၊ ကွမ်းခြံကုန်းမြို့နယ်၊ မီးသတ်ဦးစီးမှူးဦးစီးအရာရှိ၊ ရဲသူရိန် အောင်ဇေယျာထွန်းသည် ၁-၅-၂၀၁၇ ရက် ညနေ ၅း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွမ်းခြံကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)
### ဒေါ်ထွားရင်
### အသက် (၈၂) နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အနော်ရထာလမ်း-ရခိုင်ရိုးကြီး၊ အမှတ် (၁၉၄)နေ မာန်အောင်မြို့နယ်အသင်း (ရန်ကုန်)၏ ရာသက်ပန်အသင်းဝင်ဖြစ်သူ ဦးသိန်းတင်-ဒေါ်ခင်စန်းဝင်းတို့၏မိခင် ဒေါ်ထွားရင်သည် ၁-၅-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) အသင်းသူ/သားများလိုက်ပါ ပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။

အမှုဆောင်အဖွဲ့

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
### ဒေါ်မြင့်မြင့်ဆွေ
### အသက်(၈၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ် (၁၀၄၀)နေ (ဦးတန်ဝင်းစိန်-ဒေါ်လှတင်)တို့၏သမီး၊ (ဦးအိစိန်)၏ဇနီး၊ ဦးဇောတိက၊ (ဦးသက်မြင့်)၊ ဦးဇော်ဝင်း-ဒေါ်မွှေးမွှေး၊ ဦးသက်နိုင်၊ ဒေါ်နုနုအောင်၊ ဦးသက်ခိုင်-ဒေါ်အာကိုင်၊ ဒေါ်ဖြူဖြူအောင်၊ ဦးကြည်ဇော်-ဒေါ်ထူးထူးအောင်တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂-၅-၂၀၁၇(အင်္ဂါနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၇ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၇ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အမျိုးသားမိုးရေခံလှုပ်ရှားမှုနှင့် ရွှေ့လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရေး အားသွန်ခွန်စိုက်ဆောင်ရွက်

**နေပြည်တော် မေ ၂**

အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ၏ရွှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့✦**

## ရတနာပုံအသင်း အိမ်ကွင်း၌ ရှုံးနိမ့်

**မန္တလေး မေ ၂**

၂၀၁၇ ရာသီ AFC Cup ပြိုင်ပွဲအုပ်စု (H) နောက်ဆုံးနေ့ကို ယနေ့ညနေ ၅ နာရီက မန္တလာသီရိကွင်း၌ကျင်းပရာ ရတနာပုံအသင်းသည် ဗီယက်နမ်ကလပ် ထန်ကွမ်နင်အသင်းကို သုံးဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာကလပ် ရတနာပုံအသင်းသည် အကောင်းဆုံးအုပ်စု ဒုတိယနေရာအတွက် မျှော်လင့်ချက်ရှိသော်လည်း နိုင်ပွဲရယူနိုင်ခြင်း မရှိသောကြောင့် အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီဖြစ်သည်။ ထန်ကွမ်နင်အသင်းသည် အဝေးကွင်းဖြစ်သော်လည်း ရတနာပုံအသင်းကို ခြေအသာဖြင့် ကစားကာ ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ရတနာပုံအသင်းသည် AFC Cup ပြိုင်ပွဲတွင် ၂၀၁၅-၂၀၁၇ ရာသီတို့၌ ယှဉ်ပြိုင်ခွင့်ရခဲ့သော်လည်း **စာမျက်နှာ ၅ ကော်လံ ၅ သို့❖**



ရတနာပုံအသင်းနှင့်ထန်ကွမ်နင်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## အမျိုးသမီးလိဂ်ပြိုင်ပွဲ ဇွဲကပင်အသင်း အနိုင်ရ

**ရန်ကုန် မေ ၂**

၂၀၁၆ -၂၀၁၇ ရာသီ အမျိုးသမီး လိဂ်ပြိုင်ပွဲ ပွဲစဉ်(၃) ပထမနေ့ကို ယနေ့ ညနေပိုင်းက ပဒုမ္မာကွင်း၌ ကျင်းပရာ မြဝတီအသင်းက အား/ကာသိပ္ပံအသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ်(၂) တွင် ကစားရခြင်းမရှိသည့် မြဝတီအသင်းသည် ယခုပွဲတွင် အသင်းခေါင်းဆောင် ဝင်းသီတာထွန်း၏ တစ်လုံးတည်းသော ဂိုးဖြင့် အနိုင်ရပြီး နိုင်ပွဲဆက်ခဲ့သည်။ ပထမပွဲတွင် သရေကျထားသည့် အား/ကာသိပ္ပံအသင်းသည် ယခုပွဲတွင် အမှတ်ပြည့်ရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း အဆုံးသတ် အားနည်းသောကြောင့် အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မြဝတီအသင်းအတွက် အနိုင်ဂိုးကို ပွဲအစ ၂ မိနစ်တွင် ဝင်းသီတာထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ မြဝတီအသင်းသည် နှစ်ပွဲဆက်အနိုင်ရခဲ့ပြီး အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းကို ဆက်လက်ဖိအားပေးလျက်ရှိသည်။

ပွဲစဉ် (၃) ဒုတိယနေ့ကို မေ ၃ ရက် ညနေ ၄ နာရီတွင် ပဒုမ္မာကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး သစ္စာအားမာန်အသင်းနှင့် အားကစား/ကာယပညာဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ဖိုးသော်ဇင်**



ဖုန်ဂန်အသင်းနှင့် GFAအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ စတင်ကျင်းပ

၂၀၁၇ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ပထမအဆင့်ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်း၌ စတင်ကျင်းပရာ ဖုန်ဂန်နှင့်စီးတီးစတားအသင်း နောက်တစ်ဆင့်တက်သွားပြီး MNL ကလပ် GFA အသင်း ပြိုင်ပွဲမှ စောစီးစွာထွက်ခဲ့ရသည်။

ပထမတန်းကလပ် ဖုန်ဂန်အသင်းသည် MNL ကလပ် GFA အသင်းကို ပင်နယ်တီ အဆုံးအဖြတ်တွင် အနိုင်ယူပြီး နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ GFAအသင်းသည် ခြေအသာဖြင့်ကစားနိုင်သလို ဦးဆောင်ဂိုးရခဲ့သော်လည်း အနိုင်ရလဒ်ကိုမထိန်းနိုင်ခဲ့သောကြောင့် ဂိုးများပြန်ပေးရပြီး ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

MNLကလပ် GFAအသင်းသည် ပထမတန်းကလပ်ဖုန်ဂန်အသင်းနှင့် တွေ့ဆုံသော်လည်း နိုင်ငံခြားသားကစားသမား သုံးဦးအပါအဝင် လူစုံအသုံးပြုခဲ့သည်။ ဖုန်ဂန်အသင်းမှာလည်း ရလဒ်ကောင်းရရန် ကြိုးပမ်းခဲ့သော်လည်း ပထမပိုင်းတွင် GFA အသင်းက ကစားပုံပိုကောင်းခဲ့သည်။ မိနစ် ၂၀ တွင် GFAအသင်းက ဂိုးစရခဲ့ပြီး ကွင်းလယ်လူ မတ်ခ်က သွင်းယူခဲ့သည်။ ၄၂ မိနစ်တွင် GFAအသင်း ပင်နယ်တီကန်ခွင့်ရခဲ့သော်လည်း တိုက်စစ်မှူး အီမန်နျူရယ်၏ ကန်သွင်းမှုကို ဖုန်ဂန်ဂိုးသမား ဖုန်းပြည့်တိုး ကာကွယ်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် GFAအသင်း ဖိကစားနိုင်ခဲ့သော်လည်း ၇၇ မိနစ်တွင် ချေပဂိုးကို ဖုန်ဂန်အသင်းမှ ခမ်ကျင့်မန်က သွင်းယူပေးခဲ့သည်။ **စာမျက်နှာ ၅ ကော်လံ ၅ သို့○**

